The VOICE Sunday

Vol. 4 / No. 239 | Established in 2004 | ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက်၊ တနင်္ဂနွေနေ့၊(Sunday, January 15 , 2017)

# ယာဉ်စီးခပိုကောက်လျှင် ပြေးဆွဲခွင့် ပိတ်မည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ရန်ကုန်မြို့အတွင်း ဇန်နဝါရီလ ၁၆ ရက်တွင် စတင်ပြေးဆွဲမည့် ယာဉ်လိုင်းစနစ်သစ်၌ သတ်မှတ်ယာဉ်စီးခထက် ပိုမိုကောက်ခံသည့်ယာဉ်ကို သက်ဆိုင်ရာ ယာဉ်လိုင်းတွင် ပါဝင်ပြေးဆွဲခွင့် ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

လက်ရှိသတ်မှတ် ယာဉ်စီးခနှုန်းထားမှာ ရန်ကုန်မြို့တွင်းပတ် လမ်းကြောင်း ပြေးဆွဲမည့်ယာဉ်များ ၁၀၀ ကျပ်နှုန်း၊ ကျန်ယာဉ်လမ်းကြောင်းများတွင် ခရီးစဉ်အလိုက် ၁၀၀ ကျပ်မှ ၃၀၀ ကျပ်အထိ ကောက်ခံရန် သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“အခုပြေးမယ့် ယာဉ်လိုင်းသစ်တွေကို အများဆုံး သုံးရာကျပ်ထက် ပိုမကောက်ဖို့ ညှိနှိုင်းသတ်မှတ်ပေးထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး စပြေးဆွဲမယ့် ရက်ကတည်းက ပိုကောက်မှု P - 2

## အများပိုင်ယာဉ်တွင် မပါသည့် ဘတ်စ်ကားများကို စီအန်ဂျီ ရပ်မည်



P - 2

ဓာတ်ပုံ – မြင့်မိုးညို

ရန်ကုန်မြို့တော်တွင် ဇန်နဝါရီ ၁၆ ရက်နေ့ စတင်မည့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်တွင် ပါဝင်ပြေးဆွဲမည့်မော်တော်ယာဉ်များကို ဇန်နဝါရီလ ၁၄ ရက် မွန်းလွဲပိုင်းက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး ပြင်ဆင်လျက်ရှိသည်ကို တွေ့ရစဉ်။

# နမ့်ဆန်တွင် တပ်မတော်နှင့် TNLA တိုက်ပွဲ ပြင်းထန်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ နမ့်ဆန်မြို့နယ်တွင် တပ်မတော်နှင့် တအာင်း/ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA) တို့ တိုက်ပွဲဖြစ်ပွားမှုမှာ ပိုမိုပြင်းထန်လာကြောင်း ဒေသခံများနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များထံမှ သိရသည်။

နမ့်ဆန်မြို့နယ် တာလက်ကျေးရွာအနီးတွင် ဇန်နဝါရီလ ၁၃ရက်နေ့ ညသန်းခေါင်ကျော်အချိန်မှ ၁၄ရက်နေ့ နံနက်ပိုင်းအထိ နှစ်ဖက် အပြန်အလှန် တိုက်ပွဲပြင်းထန်ခဲ့ခြင်းဖြစ်ကြောင်း TNLA P - 3

## ကျွမ်းကျင်သူတို့ သုံးသပ်တဲ့ ၂၀၁၇

## “၂၀၁၇ မှာ မဖြစ်မနေလုပ်ရမှာ ကျန်းမာရေးအာမခံပဲ” ဒေါက်တာ အောင်ထွန်းသက်ရဲ့ မြန်မာ့ကျန်းမာရေး သုံးသပ်ချက် P - 13

# သူရိယနေဝန်း ထုတ်ဝေသူနေအိမ်ကို သက်ဆိုင်ရာက ဝင်ရောက်စစ်ဆေး

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခံရသော သူရိယနေဝန်း ဂျာနယ်ထုတ်ဝေသူ ဦးခင်အေး၏ နေအိမ်ကို ဇန်နဝါရီလ ၁၄ ရက် မွန်းလွဲ တစ်နာရီခန့်က သက်ဆိုင်ရာမှ တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြောင်း ယင်းဂျာနယ်တိုက်မှ ဥပဒေအကြံပေး ဦးတင်သန့်ဦးက ပြောကြားသည်။ P - 2

# ခရီးသည်ကို သံတုတ်ဖြင့်ရိုက်ရာမှ လူသေဆုံးမှု ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ကို ဖမ်းမိ

ရန်ကုန်၊ ဇန်နဝါရီ ၁၄

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြက်ဘဲဈေးအနီးရှိ ပုသိမ်ညွန့် (၂) လမ်းမှတ်တိုင်တွင် ယာဉ်စီးခ ပြန်တောင်းသည့် ခရီးသည်အမျိုးသားကို သံတုတ်ဖြင့် ရိုက်နှက်ရာမှ လူသေဆုံးခဲ့သောကြောင့် ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သော တာမွေ-သန်လျင် ခရီးသည်တင်မီနီဘတ်စ်ယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းက ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ P - 2

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော် လဟယ်မြို့တွင် ကျင်းပ

P - 3



# အများပိုင်ယာဉ်တွင် မပါသည့် ဘတ်စ်ကားများကို စီအန်ဂျီ ရပ်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အများပိုင်သယ်ယူ ပို့ဆောင်ရေးယာဉ်လိုင်းစနစ်တွင် မပါဝင်သော ယာဉ်များကို စီအန်ဂျီထုတ်ယူခွင့် ရပ်ဆိုင်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ယင်းသို့ စီအန်ဂျီထုတ်မပေးရန် သတ်မှတ်လိုက်သော စာရင်းတွင် အငှားယာဉ်များနှင့် လုပ်ငန်းယာဉ်များ မပါဝင်ဘဲ အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် စီအန်ဂျီ ထုတ်ပေးခဲ့သောဘတ်စ်ကားများကို အဓိက ရည်ရွယ်ကန့်သတ်ခြင်းဖြစ်ကြောင်း၊ ၎င်းဘတ်စ်ကားများအနေဖြင့် ဇန်နဝါရီလ ၁၅ရက်နေ့ ညနေ ပိုင်းအထိ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်တွင် နောက်ဆုံး စာရင်းပေးသွင်း ပါဝင်နိုင်သေးကြောင်း ၎င်းက ဆိုသည်။

“နောက်ပိုင်းမှာ စီအန်ဂျီကို တစ်ဦးချင်း တစ်ယောက်ချင်း ပိုင်ဆိုင်ခွင့်ရမှာမဟုတ်တော့ဘူး၊ ယာဉ်လိုင်းသစ်တွေရဲ့ အမည်ပေါက် ကုမ္ပဏီနဲ့ ယာဉ်စီးရေအလိုက် စီအန်ဂျီကို စနစ်တကျခွဲတမ်းနဲ့ ပေးသွားမှာပါ၊ အခု အများပိုင်စနစ်မှာ မပါဝင်တဲ့ ဘယ် ဘတ်စ်ကားမဆို စီအန်ဂျီထုတ်ယူခွင့် လုံးဝရပ်ဆိုင်းပစ်လိုက်မယ်” ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်မြို့တွင် စာရင်းကောက်ယူမှုအရ စီအန်ဂျီဆိုင်ပေါင်း ၄၁ဆိုင်ခန့်ရှိပြီး ၎င်းအစီအစဉ်များကို သက်ဆိုင်ရာ စီအန်ဂျီဆိုင်များဖြင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းအပြင် စီအန်ဂျီအသုံးပြုသည့် ယာဉ်လိုင်းသစ်များကို သက်ဆိုင်ရာ နယ်မြေဒေသအလိုက် အလွယ်တကူ ထည့်ယူနိုင်မည့် CNG Station များ ဖွင့်လှစ်ပေးရန် စီစဉ်ထားပြီး အဆိုပါ CNG Stationများသို့ ခွဲတမ်းအလိုက် သက်ဆိုင်ရာစီအန်ဂျီ ဆိုင်ကြီးများက ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ်နှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲမှ သိရှိရသည်။

လက်ရှိအများပိုင်ယာဉ်လိုင်း စနစ်သစ်တွင် ပါဝင်ထားသည့် စီအန်ဂျီသုံးဘတ်စ်ကားများ စာရင်းကိုမူ အတည်ပြုပြောကြားထားခြင်း မရှိသေးပေ။

■ **J – 17၊ သန့်ဇင်ထွန်း**



ဓာတ်ပုံ- ရဲပြည့်ဇာနည်

---

**မျက်နှာဖုံး - ယာဉ်စီးခ ပိုကောက်လျှင် ပြေးဆွဲခွင့် ပိတ်မည် မှ အဆက်**

ရှိ၊ မရှိကို စောင့်ကြည့် စစ်ဆေးမယ်။ အရေးယူတာတွေလုပ်သွားမယ်” ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆိုသည်။

လက်ရှိတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ဖော်ဆောင်ရေးအာဏာပိုင်အဖွဲ့သို့ စာရင်းပေးသွင်းထားသည့် ယာဉ်စီးရေ ၃၇၀၀ ကျော်ရှိပြီး ယာဉ်လမ်းကြောင်း ၆၀ လိုင်းကို ယာဉ်လိုင်း ၆၁ လိုင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ အဆိုပါစာရင်းတွင် မပါဝင်သေးသည့် ယာဉ်လိုင်းများကို ဇန်နဝါရီလ ၁၅ရက်၊ ညနေပိုင်းအထိ နောက်ဆုံး လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်ထက် နောက်ကျပါက ယာဉ်လိုင်း ပြေးဆွဲရန် ခွင့်ပြုမည် မဟုတ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဇန်နဝါရီလ ၁၄ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ ထံမှ သိရှိရသည်။

“မနက်ဖြန် ညပိုင်းအထိ စာရင်းပေးသွင်းမှုကို လက်ခံပေးမယ်။ အများပိုင်သယ်ယူပို့ဆောင်ရေးစနစ်နဲ့ဆိုင်တဲ့ ယာဉ်လိုင်စင်နံပါတ်တို့၊ ပြောင်းလဲထားတဲ့ စတစ်ကာဒီဇိုင်းပုံသဏ္ဌာန်တွေ အသိအမှတ်ပြုကပ်ပေးမယ်။ ဒီအချိန်အထိ လာရောက်မပူးပေါင်းဘဲ ဆက်လက်ပြေးဆွဲနေတဲ့ ဘယ်ယာဉ်လိုင်းမဆို ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမယ်” ဟု အများပြည်သူသယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ဒုတိယအတွင်းရေးမှူး ဦးသန်းဝင်းက ဆိုသည်။

ယင်းအများပိုင်သယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်ရာတွင် သုံးလအတွင်း လိုအပ်ချက်အလိုက် ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း၊ စနစ်သစ်စတင်သည့် ရက်ပိုင်းအတွင်း စေတနာ့ဝန်ထမ်းအဖြစ် ကျောင်းသားများနှင့်အရပ်ဘက်အဖွဲ့အစည်းများမှ လူဦးရေ သုံးထောင်ကျော်တို့က ပူးပေါင်းပါဝင်ကာ စောင့်ကြည့်စစ်ဆေးကူညီဆောင်ရွက်မည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် ဘတ်စ်ကားမှတ်တိုင်ပေါင်း သုံးထောင်ကျော်ကိုလည်း အနီးအဝေးအလိုက် ပြန်လည် ချိန်ညှိရန်ရှိကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲထံမှ ထပ်မံသိရှိရသည်။

■ **J-17၊ သန့်ဇင်ထွန်း**

---

**မျက်နှာဖုံး - သူရိယနေဝန်း ထုတ်ဝေသူနေအိမ်ကို မှ အဆက်**

လမ်းမတော်မြို့နယ်ရှိသူရိယနေဝန်းဂျာနယ်တိုက်ရုံးခန်းတွင် ဇန်နဝါရီ လ ၁၄ ရက်ညနေပိုင်းက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ဦးတင်သန်းဦး က “နေ့လယ် ၁ နာရီလောက်က တာမွေမှာ နေထိုင် တဲ့ ထုတ်ဝေသူ ဦးခင်အေးအိမ်ကို သက်ဆိုင်ရာက ဝင်စစ်တယ်လို့ သိရတယ်၊ ဒါပေမဲ့ ဦးခင်အေးက အလုပ်ကိစ္စနဲ့ အပြင် ရောက်နေတာကြောင့် မတွေ့လိုက်ရဘူး။ အမှုဖွင့်ထားတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဂျာနယ်တိုက်ကို ဆက်သွယ် အကြောင်းကြားစာ ပေးပို့ထားခြင်းမရှိသလို လာရောက်ရှာဖွေတာလည်း ခုချိန်ထိတော့ မရှိသေးပါဘူး” ဟု မီဒီယာများကိုအသိပေးသည်။

တပ်မတော်မှ အငြိမ်းစား အရာရှိကြီးများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် သတင်းများ ဂျာနယ်တွင် ဖော်ပြမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့မရဲစခန်းတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခံရသော သူရိယနေဝန်း ဂျာနယ်တိုက်မှ ထုတ်ဝေသူဦးခင်အေးကို ယင်းနေ့မွန်းလွဲပိုင်းက ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သတင်းများ ပျံ့နှံ့ခဲ့သော်လည်း ယင်းသတင်းနှင့်ပတ်သက်၍ ဦးခင်အေး၏ လက်ကိုင်ဖုန်းနံပါတ်ထံ The Voice က မေးမြန်းခဲ့ရာ ၎င်းက ဖမ်းဆီးခံရခြင်း မရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဇန်နဝါရီလ ၉ ရက်နေ့က မင်္ဂလာဒုံမြို့မရဲစခန်းတွင် တပ်မတော်အရာရှိဟောင်း သူရဦးရွှေမန်းနှင့်ဗိုလ်ကြီးဟောင်း တိုးနိုင်မန်းတို့နှစ်ဦးကို အများပြည်သူများဖတ်ရှုလျှင် ဂုဏ်သိက္ခာ ထိခိုက်စေရန်ရည်ရွယ်၍ အပတ်စဉ်ထုတ် သူရိယနေဝန်းဂျာနယ်နှင့် ၎င်းပိုင် အွန်လိုင်းဝက်ဘ်ဆိုက်တွင် သတင်းများ ဖော်ပြသည်ဆိုကာ ဗိုလ်ကြီးဟောင်း ဦးမြင့်ဇော်က သူရိယနေဝန်းဂျာနယ်မှ ထုတ်ဝေသူ ဦးခင်အေး၊ ဂျာနယ်တိုက်အုပ်ချုပ်သူ ဦးကျော်တင့်နှင့် သတင်းဆောင်းပါးရေးသားသူ ထောင်သူရဲဘအုပ်တို့ကို အမှုဖွင့်တိုင်ကြားခဲ့သောကြောင့် ယင်းဂျာနယ်တိုက်မှ ထုတ်ဝေသူအပါအဝင် သုံးဦးကို ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ထုတ် သူရိယ နေဝန်းဂျာနယ်တွင် သားနှစ်ယောက် ခေါးနှစ်လက် သမ္မတအိပ်မက် မျှော်လင့်နေဆဲပင် မန်းသဘင်ရဲ့ နန်းပလ္လင်သတင်း၊ အောက်တိုဘာလ ၂၁ ရက်နေ့ ထုတ်ဂျာနယ်တွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း (ငြိမ်း) ၏ဓာတ်ပုံဖြင့် သူကြီးဘရွှေရဲ့ဒုတိယဇာတ်ကောင် ခရိုနီတွေကို ဖောင်ပေါ်တင်ပြီး ရောဝတီထဲ မျှောလို့ရမလားဟု ဖော်ပြချက်၊ အောက်တိုဘာလ ၃၀ ရက်နေ့ထုတ် သတင်းဂျာနယ်တွင် စိန်က ညာတယ် . . . မန်းက နွာတယ် . . . မန်း သို့မဟုတ် သစ္စာဖောက်လား၊ တော်လှန်သူလား ဦးရွှေမန်း၏ လျှို့ဝှက်အစီရင်ခံစာ သို့မဟုတ် ကိုယ့်တပ်ကိုပြန်နင်းခြင်းလား၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ထုတ် ဂျာနယ်တွင် ခေတ်သစ်ဆီးသီးသည်မဖျိုးမ၏ သံဝေဂ စသည့် ခေါင်းစီးသတင်းတို့ကို ရေးသားဖော်ပြခဲ့သည်။

“ကျွန်တော်တို့မှာက အပတ်စဉ်ထုတ်ဂျာနယ်ပါ။ အွန်လိုင်းမသုံးဘူး။ တရားဝင်ထုတ်နေတဲ့ ဂျာနယ်၊ ရုပ်ရှင်ဖော်ပြချက်တွေကို အွန်လိုင်းပေါ်တင်တာ ဥပဒေချိုးဖောက်ရာမကျဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ဥပဒေအရရင်ဆိုင်သွားမယ်” ဟု ဥပဒေအကြံပေး ဦးတင်သန်းဦးက ပြောကြားသည်။

■ **J 16**

---

**မျက်နှာဖုံး - ခရီးသည်ကို သံတုတ်ဖြင့်ရိုက်ရာမှ လူသေဆုံးမှု မှ အဆက်**

ဖမ်းမိခဲ့သော မီနီဘတ်စ် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းဖြစ်သူ အသက် ၂၅ နှစ်အရွယ် ချစ်ကိုကိုနှင့် အသက် ၂၀ အရွယ် ယာဉ်နောက်လိုက် ကရင်ပု(ခ) စိုးမင်းပိုင်တို့ နှစ်ဦးသည် ဇန်နဝါရီလ ၁၃ ရက် ည ၈ နာရီခွဲက ယာဉ်ပေါ် လိုက်ပါလာသည့် အသက် ၅၂ နှစ်အရွယ် ခရီးသည် ဦးရင် မောင်ထွေးနှင့် အသက် ၅၇ နှစ်အရွယ် ဦးဖြူလေးတို့နှင့် နှစ်ဖက်စကားများရန်ဖြစ် ခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့မရဲစခန်း မှ ရဲအရာရှိက ပြောသည်။

“တာမွေဗလီထိပ်မှာ ကားပေါ် ခရီးသည်တွေပြည့်နေပေမယ့် ကားမထွက်ဘဲ အကြာကြီးရပ်နေတယ်၊ စပယ်ယာကို ကျွန်တော်က မင်းတို့ကား ဘယ်တော့ထွက်မှာလဲမေးတော့ မစီးချင်ဆင်းသွား ပြောတယ်၊ ဒါကြောင့် ယာဉ်စီးခပြန်တောင်းပြီး ကျွန်တော်နဲ့ ကျွန်တော့်ယောက်ဖ ကိုဖြူလေး ကြက်ဘဲဈေးနားက မှတ်တိုင်မှာ ဆင်းတော့ စပယ်ယာနှစ်ယောက်နဲ့ ယာဉ်မောင်းတစ်ယောက်က သံတုတ်၊ ကျမ်းတုံးတွေနဲ့ ကျွန်တော်တို့ နှစ်ယောက်ကို ဆင်းရိုက်တာ၊ ယောက်ဖက ဦးခေါင်းကွဲဒဏ်ရာနဲ့ ဆုံးသွားရှာတယ်၊ ကျွန်တော်က ညာဘက်မျက်ခုံးကွဲသွားတယ်” ဟု ရိုက်နှက်ခံရသည့်ခရီးသည်ဦးရင်မောင်ထွေးက ပြောသည်၊

ရိုက်နှက်မှုဖြစ်ပွားခဲ့သည့် ကားမှတ်တိုင်အနီးတွင် လူအများရှိနေခဲ့သော်လည်း ဝင်ရောက်ဟန့်တားပေးမည့်သူ မရှိကြောင်းနှင့် မီနီဘတ်စ်ယာဉ်ပြန်ထွက်သွားပြီးနောက် ယင်းရပ်ကွက်မှ အမျိုးသားတစ်ဦးက ဒဏ်ရာရခဲ့သည့် ဦးရင်မောင်ထွေးနှင့် ၎င်း၏ယောက်ဖ ဦးဖြူလေးတို့ကို အငှားယာဉ်ဖြင့် ခေါ်ဆောင်ပြီး မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယင်းနောက် ရဲတပ်ဖွဲ့မှ ၎င်းတို့နှစ်ဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ ကုသပေးခဲ့ရာ ဇန်နဝါရီလ ၁၄ ရက် နံနက် ၅ နာရီခွဲတွင် ဦးဖြူလေးမှာ သေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အဆိုပါ လူသေဆုံးမှုမှ ပြစ်မှု ကျူးလွန်ခဲ့သော မီနီဘတ်စ်ယာဉ်မှအဖွဲ့ကို ရဲတပ်ဖွဲ့က လိုက်လံစုံစမ်းခဲ့ပြီး သန်လျင် မြို့နယ်၊ ဘုရားကုန်းကျေးရွာတွင် နေထိုင်သော ယာဉ်မောင်း ချစ်ကိုကိုနှင့် ယာဉ်နောက်လိုက် ကရင်ပု (ခ) စိုးမင်းပိုင်တို့ကို ဖမ်းဆီးကာ ယာဉ်နောက်လိုက် ဘူးသီးမှာ လွတ်မြောက်နေကြောင်း မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းထံမှ သိရသည်။

“ဖမ်းမိထားသူ နှစ်ယောက်ကို စစ်ဆေးချက်အရ အရက်မူးပြီး ကားပေါ်ပါလာတဲ့ ခရီးသည်နှစ်ယောက်က စပယ်ယာကိုပြဿနာရှာနေလို့ကားခ တစ်ထောင်ကျပ် ပြန်ပေးပြီး ကြက်ဘဲဈေးအနားက မှတ်တိုင်မှာ ဆင်းနေခိုင်းခဲ့တယ်လို့ သိရတယ်၊ ကားပေါ်ကဆင်းချိန် နှစ်ဖက်စကားများရန်ဖြစ်နေလို့ ယာဉ်မောင်းက ဝင်တားပြီး လူခွဲချိန်မှာ သေဆုံးသူက အုတ်ခဲနဲ့ စပယ်ယာခေါင်းကို ထုလိုက်တာကြောင့် ကျန်စပယ်ယာ တစ်ယောက်က သံတုတ်နဲ့ ပြေးဝင်ရိုက်ခဲ့တာလို့ သိရတယ်၊ ခရီးသည်သေဆုံးအောင် သံတုတ်နဲ့ရိုက်တဲ့ စပယ်ယာ ဘူးသီးကို အခုထိတော့ မမိသေးဘူး” ဟု ရဲအရာရှိက ရှင်းပြသည်။

ဒဏ်ရာရရှိသော ခရီးသည် ဦးရင်မောင်ထွေးနှင့် သေဆုံးသူ ဦးဖြူလေးတို့သည်သန်လျင်မြို့နယ်၊ ဘုရားငါးဆူကျေးရွာတွင် နေထိုင်သူများဖြစ်ပြီး တာမွေဈေးအနီးတွင် အနေ့ယာဉ်နှင်းနေသူများဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦး အလုပ်သိမ်းအိမ်ပြန်ချိန် တာမွေဗလီမှ ထမလုံသို့ ပြေးဆွဲနေသည့် ခရီးသည်တင်မီနီဘတ်စ်ယာဉ်ဖြင့် လိုက်ပါလာစဉ် ယာဉ်နောက်လိုက်နှင့် နှစ်ဖက်အချင်းများရာမှ သံတုတ်၊ ကျမ်းတုံးတို့ဖြင့် ဝိုင်းရိုက်နှက်ခံရကြောင်း ဦးရင်မောင်ထွေးက ပြောသည်။

ခရီးသည်သေဆုံးမှုမှ ဖမ်းဆီးထားသော မီနီဘတ်စ်ယာဉ်မောင်း ချစ်ကိုကိုနှင့် ယာဉ်နောက်လိုက် ကရင်ပု(ခ) စိုးမင်းပိုင်၊ ထွက်ပြေးတိမ်းရှောင်နေသော ယာဉ်နောက်လိုက် ဘူးသီးတို့ကို မင်္ဂလာတောင်ညွန့်မြို့မ ရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၀၂/ ၃၂၅/ ၁၁၄ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

# အိမ်ကွင်း အဖွင့်ပွဲစဉ်တွင် ဟံသာဝတီအသင်း အရှုံးနှင့် ရင်ဆိုင်ရ

**တောင်ငူ၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ် MNL ပြိုင်ပွဲဝင် ပဲခူးတိုင်းကိုယ်စားပြု ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်းအနေနှင့် ရာသီအစ အဖွင့်ပွဲစဉ်ကို အိမ်ကွင်း၌ ညှိခံကစားခဲ့ရသော်လည်း ဇွဲကပင်ယူနိုက်တက်အသင်းကိုနှစ်ဂိုးတစ်ဂိုးဖြင့်ရှုံးနိမ့်သွားခဲ့သည်။

ဟံသာဝတီအသင်းအနေနှင့် ယခုနှစ်ဘောလုံးရာသီ ပထမဦးဆုံးပွဲစဉ်ကို ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေ ၃ နာရီခွဲခန့်က တောင်ငူကွင်းတွင် ဇွဲကပင်ယူနိုက်တက်အသင်းကိုညှိခံကစားခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအသင်း တိုက်စစ်မှူး မောင်မောင်လွင်က ဒုတိယပိုင်းပွဲကစားချိန်အစတွင် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သော်လည်း ဇွဲကပင်ယူနိုက်အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးကို ပြန်လည်ရယူသွားခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းမှ စတင်ခဲ့ရာ တောင်ငူကွင်းတွင် ဟံသာဝတီ အသင်းက ဇွဲကပင်အသင်းကို ရှုံးနိမ့်ခဲ့ပြီး တောင်ကြီးကွင်းတွင် ကစားသည့် ရှမ်းယူနိုက်တက်နှင့် နေပြည်တော်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်က တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကာ စစ်တွေမြို့ရှိ ဝေသာလီကွင်းတွင်ကစားရသည့်ပွဲတွင်မူ အိမ်ရှင်ရခိုင်အသင်းနှင့် ဆောက်သန်းမြန်မာတို့ ဂိုးမရှိ သရေပွဲအဖြစ် ပြီးဆုံးခဲ့သည်။

**R-15**

## မျက်နှာဖုံး - နမ့်ဆန်တွင် တပ်မတော်နှင့် TNLA တိုက်ပွဲပြင်းထန် မှ အဆက်

သတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

နမ့်ဆန်မြို့တွင် အခြေစိုက်ထားသည့် တပ်မတော် တပ်စခန်း၊ နမ့်ဆန်မြို့ ပတ်ဝန်းကျင်နှင့် မန်တုံမြို့တပ်စခန်းတို့မှ နေ၍ ပန်ဆွေးကျေးရွာ၊ ဟူးမန်းကျေးရွာ ပတ်ဝန်းကျင်အနီးတို့၌ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း လက်နက်ကြီး ပစ်ခတ်သည့် အကြိမ်ပေါင်း ၁၀၀ ကျော်ထိ ရှိခဲ့ပြီး လက်ရှိ အချိန်ထိ မကြာခဏ ပစ်ခတ်မှုများလည်း ရှိသေးကြောင်း TNLA ပြောရေးဆိုခွင့်ရှိသူက စွပ်စွဲပြောဆိုထားသည်။

"တိုက်ပွဲကတော့ပြင်းထန်တဲ့အတွက် နှစ်ဖက် ထိခိုက်ကျဆုံးမှုရှိပါတယ်။ ဘယ်လောက်အထိ ရှိလဲဆိုတာတော့ အတိအကျ မသိရသေးပါဘူး" ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ရက်ပိုင်းက နမ့်ဆန်မြို့ပေါ်သို့ တအာင်း/ ပလောင် လွတ်မြောက်ရေးအဖွဲ့ (TNLA) တပ်ဖွဲ့များ ဝင်ရောက်လာသည့် သတင်းများကြောင့် ပြည်သူများ အထိတ်တလန့် ဖြစ်ခဲ့ပြီးနောက် တပ်မတော်မှ နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်၍ တိုက်ပွဲများ ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်က ပြောကြားသည်။

TNLA တပ်များသည် မြို့ပေါ်မှ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သော်လည်း မြို့နှင့် နီးသည့်ကျေးရွာအချို့သို့ ဝင်ရောက်ခဲ့၍ တပ်မတော်က လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်နေခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

တအာင်း/ ပလောင် လွတ်မြောက်ရေး တပ်မတော် (TNLA) သည် အပစ်ရပ်လက်မှတ်ရေးထိုးရခြင်း မရှိသေးသည့် မြောက်ပိုင်း မဟာမိတ်အဖွဲ့ဝင်များတွင် ပါဝင်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် တပ်မတော်နှင့် တိုက်ပွဲများ ဖြစ်ပွားနေသည့် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

မြောက်ပိုင်း မဟာမိတ် အဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေး ကော်မရှင်တို့ တွေ့ဆုံညှိနှိုင်းရန် ပြောဆိုမှုတို့ ရှိခဲ့သော်လည်း လက်ရှိအချိန်ထိ တွေ့ဆုံမှု တစ်စုံတစ်ရာ မရှိသေးပေ။ ■ **J-08**


ဓာတ်ပုံ- ငြိမ်းသုမင်း

# နာဂရိုးရာနှစ်သစ်ကူးပွဲတော် လဟယ်တွင် ကျင်းပ

**လဟယ်၊ ဇန်နဝါရီ ၁၄**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ် အားကစားကွင်းတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီလ ၁၄ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပပြုလုပ်ကြောင်း နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်း က ပြောကြားသည်။

အဆိုပါပွဲတော်တွင် နာဂဒေသအတွင်းရှိ နာဂမျိုးနွယ်စုများနှင့် နာဂဒေသပြင်ပဒေသ အသီးသီးတွင် ရောက်ရှိနေသော နာဂတိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ စုစုပေါင်း လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

"နာဂတွေမှာက မျိုးနွယ်စုပေါင်းများစွာ ရှိပါတယ်၊ အဲ့ဒီမျိုးနွယ်စုတွေကို စုပေါင်းပြီး မျိုးနွယ်စုတစ်စုနဲ့တစ်စု မကြေလည်တာတွေ ရှိခဲ့ရင် ဒီပွဲတော်ကနေကြေလည်မှုရှိအောင် ဒီပွဲတော်ကနေ လာမယ့် တစ်နှစ်ပတ်လုံး ကိုယ့်ရဲ့မျိုးနွယ်စုတွေဘာတွေစုပေါင်းပြီး လုပ်ကြမလဲဆိုတဲ့ အစီအစဉ်နဲ့ ဒီပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ဌာနဆိုင်ရာပြခန်းများနှင့်နာဂရိုးရာ လက်မှုလုပ်ငန်းများ၊ ရိုးရာဓလေ့ မှတ်တမ်းများ ပြသမည့် ပြခန်းစုစုပေါင်း ၁၀ ခန်းကျော် ခင်းကျင်းပြသမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက် မည်ဖြစ်ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ စီမံခန့်ခွဲရေးရာ တာဝန်ခံ ဦးလော်ယုံ က ပြောကြားသည်။

"နာဂအားလုံး တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း စုစည်းပြီးတော့ ကျင်းပနိုင်တာ ဖြစ်တယ်၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ချီးမြှင့်တဲ့ ပွဲဖြစ်တယ်။ နာဂညီအစ်ကိုတွေ စုစုစည်းစည်းနဲ့ စုပေါင်းပြီး လုပ်နိုင်တဲ့ပွဲတစ်ခုကတော့ ဒီနှစ်ရဲ့ထူးခြားမှုတစ်ခုဖြစ်တယ်" ဟု၎င်းက ပြောဆိုသည်။

၂၀၀၂ ခုနှစ်မှ စတင် နာဂတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်း စသည့်မြို့များတွင် အလှည့်ကျ ကျင်းပခဲ့သော်လည်း နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီအဖွဲ့နှင့် နာဂဦးစီးအဖွဲ့ စုပေါင်းကျင်းပခြင်းမှာ ၂၀၁၇ ခုနှစ်တွင် ပထမဆုံးအကြိမ် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ ■







# တန်ဖိုးနည်းအိမ်ရာများ အခွန်ကင်းလွတ်နိုင်ဖွယ်ရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့တော်အတွင်း တည်ဆောက်ရောင်းချမည့် တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ရောင်းချသူများအတွက် အခွန်ကင်းလွတ်ခွင့်ပေးနိုင်ဖွယ်ရှိကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးထံမှ သိရှိရသည်။

တန်ဖိုးနည်းအိမ်ရာများ အခွန်ကင်းလွတ်ခွင့်ပေးရန် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လမ်းမတော်မြို့နယ်ရှိ UMFCCI ၌ ကျင်းပပြုလုပ်သည့် ဒုသမ္မတဦးမြင့်ဆွေနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းကို ဖြေလျှော့ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ဦးသာဌေးက ပြောကြားသည်။

"အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေးနေတဲ့အချိန်မှာ အခွန်ကောက်ခံတာတွေက ဝန်ထုပ်ဝန်ပိုး ဖြစ်နေတဲ့အတွက် ဝန်ကြီးထံ တောင်းဆိုခဲ့ပါတယ်။ ဝန်ကြီးက တန်ဖိုးနည်းအိမ်ရာတွေကို အခွန်မကောက်ဖို့ ဆောင်ရွက်ပေးမယ်လို့ ပြောခဲ့တယ်။ အချိန်ကာလတော့ မကြာခင် သိရမှာပါ" ဟု ၎င်းကဆိုသည်။

လက်ရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက တန်ဖိုးနည်းအိမ်ရာ သန်းနှင့်ချီ တည်ဆောက်ရန် ဆောင်ရွက်နေပြီး တန်ဖိုးနည်းအိမ်ရာများအတွက် အစိုးရထံမှ မြေ တောင်းခံထားကာ ဘဏ်ချေးငွေဖြင့် တည်ဆောက်နိုင်ရန် စီစဉ်နေကြောင်း ၎င်းကဆိုသည်။

တန်ဖိုးနည်းအိမ်ရာများကို တစ်ပေပတ်လည် ကျပ် ၂၃၀၀၀ နဲ့ ရောင်းချပေးသွားမည်ဖြစ်ပြီး စတုရန်းပေ ၆၀၀ အောက် တိုက်ခန်းများကို တန်ဖိုးနည်းအိမ်ရာအဖြစ် သတ်မှတ်ပြီး ကျပ်သိန်း ၁၅၀ အောက်တန်ဖိုးရှိတိုက်ခန်းများဖြစ်ကြောင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

လက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများက ပေးဆောင်နေရသည့်အခွန်မှာ များပြားနေပြီး ကျပ်သိန်း ၁၀၀၀ ခန့်ရှိသည့်တိုက်ခန်းများအတွက် အခွန်မှာ အခန်းတန်ဖိုး၏၃၀ရာခိုင်နှုန်းထိ ပေးဆောင်နေရသည်။

■ J-10

## NEWS PHOTO



ဓာတ်ပုံ - မြင့်မိုးညို

ကရင်ပြည်နယ် မြဝတီမြို့ရှိ အာဇာနည်ပန်းခြံတွင် စိုက်ထူထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)က ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့မှ ပဲခူးမြို့အဝင်ထိ လိုက်ပါပို့ဆောင်ပေးခဲ့စဉ်။

# စိတ်ဖောက်ပြန်သူက ကလေးငယ်တစ်ဦးကို သတ်ဖြတ်

**ကျိုင်းတုံ၊ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မဲခေါင်မြစ်ကမ်းဘေးရှိ နမ့်ဖုန်းရွာတွင် ဇန်နဝါရီလ ၁၃ရက် နံနက် ၁၁နာရီခန့်က စိတ်ကျန်းမာရေး ချို့ယွင်းသူ အမျိုးသားတစ်ဦးက အိမ်မီးရှို့ကာ အသက် ၇ နှစ်အရွယ် ကလေးကို ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း တာချီလိတ်မြို့မ ရဲစခန်းထံမှ သိရသည်။

အသက်၃၃နှစ်အရွယ် အမျိုးသားတစ်ဦးက စိတ်ဖောက်ပြန်ကာ ၎င်းအိမ်ရှေ့ရှိ နေအိမ်တစ်လုံးကို မီးရှို့ပြီး ယင်းအိမ်ထဲမှ ကလေးနှစ်ဦးကို ဓားဖြင့်ထိုးရာ အသက် ၇ နှစ်အရွယ် မောင်ဂီးတိုမှာ ဓားထိုးခံရသဖြင့် ညာဘက်နှင့်ဘယ်ဘက်ပါး၊ ဘယ်နားအောက်၊ ဘယ်ခါးနှင့် ညာဘက် နံစောင်းတို့တွင် ဓားဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း၊ ဓားထိုးသူမှာ တူမီးသေနတ်ကိုင်ကာ ထွက်ပြေးသဖြင့် လိုက်လံရှာဖွေဖမ်းဆီးနေကြောင်း ကျိုင်းတုံမြို့ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး (ဦးစီး) မျိုးသိန်းက ပြောကြားသည်။

အဆိုပါ လူသတ်မှု ကျူးလွန်သည်ဆိုသော အသက် ၃၃ နှစ်အရွယ် ကိုကျကျိုးကို ဖမ်းမိကာ ရာဇသတ်ကြီး ပုဒ်မ-၃၀၆/ ၃၀၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း တာချီလိတ်မြို့မ ရဲစခန်းထံမှ သိရသည်။

■ R-16

The VOICE Sunday

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min ,
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe, Si Si Thin Hlaing, Zaw Moe Lwin, Aung Zaw Htoo, Zeyar Hein.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# Editor's Word

# ဂုဏ်သိက္ခာ

ဂုဏ်သိက္ခာဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော်တို့မြန်မာ လူမှုပတ်ဝန်းကျင်မှာ မကြာခဏ သုံးနှုန်းပြောဆိုနေကြပေမယ့်အဲဒီစကားလုံးရဲ့အဓိပ္ပာယ်နဲ့ညီအောင် ကျွန်တော်တို့ကိုယ်ကို ဖြည့်ဆည်းမြှင့်တင်ထားဖို့ကျ မေ့နေကြသလိုပဲ။

'ဂုဏ်' ဆိုတဲ့ ပါဠိသက် မြန်မာဝေါဟာရက ကောင်းတဲ့ထင်ပေါ်ကျော်ကြားမှု၊ ထူးကဲသာလွန်တဲ့ အရည်အချင်းကို ရည်ညွှန်းပြီး 'သိက္ခာ' ဆိုတဲ့ စကားလုံးကတော့ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံသူလို့ အဓိပ္ပာယ်ကောက်နိုင်တယ်။ အဲဒီနှစ်ခုပေါင်းပြီး ဂုဏ်သိက္ခာလို့ တွဲသုံးတာများတယ်။

ကျွန်တော်တို့ နေ့စဉ်ပြုနေကျ သာမန်အမှုကိစ္စလေးတွေကနေ ကြီးကြီးမားမား ကိစ္စရပ်တွေအထိ ကျွန်တော်တို့အားလုံးရဲ့ရွေးချယ်မှုနဲ့ ဆုံးဖြတ်ချက်က ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာနဲ့ တိုက်ရိုက် အချိုးကျနေတတ်တယ်။

ဆိုလိုတာက ကားလမ်းကူးတဲ့အခါ လူကူးမျဉ်းကျားက ကူးမလား၊ တွေ့တဲ့နေရာကနေ ဖြတ်ပြေးမလားဆိုတဲ့ အသေးအဖွဲကိစ္စရပ်လေးတွေကစလို့ လွတ်လပ်ပြီးမျှတတဲ့ ကစားပွဲတစ်ခု ဒါမှမဟုတ် ဈေးကွက်တစ်ခုဖြစ်ဖို့ ဒိုင်လူကြီး ဒါမှမဟုတ် ကြီးကြပ်သူနေရာမှာ ရှိတဲ့သူတွေရဲ့သမာသမတ်ကျမှုက အဲဒီလူတစ်ဦးချင်းစီရဲ့ဂုဏ်သိက္ခာပဲလို့ ဆိုလိုချင်တာ။

ပြဿနာ၊ အခက်အခဲတစ်ခု ကြုံရပြီဆိုရင်လည်း ပြဿနာနဲ့ပတ်သက်ပြီး အပြစ်တင်မလား၊ အကြောင်းအရင်းရှာပြီး ဖြေရှင်းဖို့နည်းလမ်းရှာမလားဆိုတာ တစ်ခုခုကိုရွေးပြီး ဆုံးဖြတ်ချက်ချသူတိုင်းမှာ ဂုဏ်သိက္ခာက နောက်က ကပ်လိုက်တယ်။

ကျွန်တော်တို့အားလုံးမှာ ကျွန်တော်တို့အတိုင်းအတာအလိုက် ဂုဏ်သိက္ခာကိုယ်စီရှိကြတယ်ဆိုပေမယ့် တစ်ယောက်ချင်းစီရဲ့စိတ်စွမ်းအင်၊ အားထုတ်မှု၊ စောင့်ထိန်း လိုက်နာမှုအပေါ်မူတည်ပြီး ဂုဏ်သိက္ခာ အတိုင်းအတာ ကွာသွားတတ်တယ်။

ဥပမာ- စောင့်ထိန်း လိုက်နာအပ်တဲ့ သိက္ခာပုဒ်တွေနဲ့အညီ နေထိုင်သီတင်းသုံးပြီး ပရိယတ္တိ၊ ပဋိပတ္တိကို ကြိုးစားလေ့လာပွားများတဲ့ အတိုင်းအတာအပေါ်မူတည်ပြီး ရဟန်းတစ်ပါးချင်းစီရဲ့ ဂုဏ်သိက္ခာချင်းမတူသလို ကျင့်ဝတ်သီလ စောင့်ထိန်းလိုက်နာတဲ့အတိုင်းအတာအပေါ်မူတည်ပြီး လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီရဲ့ ဂုဏ်သိက္ခာချင်း မတူနိုင်ဘူး။

နယ်ပယ်အသီးသီးမှာ ခေါင်းဆောင်ဦးရွက် တာဝန်ထမ်းနေတဲ့ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ဖြစ်သွားရင် ပိုပြီး တာဝန်ကြီးတဲ့အပြင် လုပ်ကိုင်ဆောင်ရွက်သမျှ အားလုံးက သူတို့တစ်ဦးချင်းစီအပြင် သူတို့နောက်မှာရှိနေတဲ့ လုပ်ငန်း၊ နယ်ပယ် တစ်ခုချင်းစီရဲ့ဂုဏ်သိက္ခာနဲ့လည်း သက်ဆိုင်တယ်။

သတင်းမီဒီယာသမားတစ်ဦးပဲဖြစ်ဖြစ်၊ ဝန်ကြီးတစ်ဦးပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော်တို့ တစ်ဦးချင်းစီအနေနဲ့ ကိုယ်လာရာလမ်းကို သိဖို့လိုသလို ကိုယ်သွားချင်၊ ရောက်ချင်တဲ့ လမ်းကိုလည်း ပြတ်ပြတ်သားသား သိဖို့လိုတယ်။

တစ်ခါတစ်ရံမှာ ရွေးချယ်မှုတစ်ခု၊ ဆုံးဖြတ်ချက်တစ်ရပ်ကြောင့် ကိုယ်နဲ့သက်ဆိုင်တဲ့ နယ်ပယ်က ကိုယ့်အပေါ်မှာရှိတဲ့ လေးစားယုံကြည်မှု ကျဆင်းသွားတာ တစ်နည်းဆိုရရင် ကိုယ့်မှာ ရှိနေတဲ့ ဂုဏ်သိက္ခာတွေ ပွန်းပဲ့ လျော့ပါးသွားတာ၊ တချို့ဆို အဖတ်ဆည်မရအောင် ကျဆင်းသွားတာမျိုးလည်း ကြုံရတတ်တယ်။

တကယ်တော့ ဂုဏ်သိက္ခာဆိုတာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက သတ်မှတ်ပေးတယ်ဆိုပေမယ့် အဲဒီလို သတ်မှတ်ခံရအောင် ကျွန်တော်တို့ ကိုယ်တိုင်ရဲ့ကျင့်ဝတ်၊ သီလ၊ သမာဓိ၊ ပညာ ဖြည့်ဆည်း တည်ဆောက်ထားရတယ်။ ကျွန်တော်တို့ဖြည့်ဆည်းတည်ဆောက် လိုက်နာစောင့်ထိန်းသမျှ ကျွန်တော်တို့ရဲ့ဂုဏ်သိက္ခာအဆင့်အတန်းနဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတာ ပြောလိုရင်းပါ။

**အယ်ဒီတာ**

( ၁၄ - ၁ - ၂၀၁၇ )

# ရေပူစစ်ဆေးရေးဂိတ်ပြန်ဖွင့်မည်ကို ကန့်ကွက်လက်မှတ်ကောက်၍ သမ္မတထံတင်မည်

**လားရှိုး၊ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီ မြို့နယ်ရှိ ရေပူစစ်ဆေးရေးဂိတ် ပြန်လည် ဖွင့်လှစ်မည့်အပေါ် ကန့်ကွက်လက်မှတ်များကို ကောက်ယူမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့်တကွ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့ထံတင်ပြမည်ဖြစ်ကြောင်း အဆိုပါ ဆန္ဒပြ လက်မှတ်ကောက်ခံသူများက ပြောကြားသည်။

ယင်းသို့ လက်မှတ်ကောက်ယူခြင်းကို မူဆယ်မြို့ရှိ ကုန်သည်ကြီးများနှင့် ဆွေးနွေးတိုင်ပင်ကာ စတင်ကောက်ခံ နေပြီဖြစ်ကြောင်း မူဆယ်ကုန်စည်ပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အွန်လိုင်းဂရုများတွင်လည်း ဆန္ဒပြမဲများစတင်ကောက်ခံနေပြီး ကန့်ကွက်လက်မှတ် တစ်သောင်းပြည့်ပါက နိုင်ငံတော်သမ္မတနှင့်တကွ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်တို့ထံပေးပို့တင်ပြမည်ဖြစ်ကြောင်း အွန်လိုင်းမှတစ်ဆင့် Voting လုပ်ဆောင်မှု ဦးဆောင်သူ ဦးသန်းနိုင်က ပြောဆိုသည်။

အဆိုပါ သိန်းနီရေပူဂိတ်ကို လာမည့် ဇန်နဝါရီလ ၁၆ ရက်နေ့တွင်ပြန်လည် ဖွင့်လှစ်မည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၁ ရက်နေ့က မူဆယ်မြို့တွင် အကောက်ခွန် ဦးစီးဌာနက ဦးစီးကျင်းပသည့် ရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

"သိန်းနီရေပူဂိတ်မှာ အဝင်အထွက်ကားတွေအကုန်လုံးတန်းစီစောင့်ရတယ်။ အချိန်ကြာတယ်။ လူစီးတွေလည်းစောင့်ရတယ်။ ကုန်တင်ယာဉ်တွေအတွက်အချိန်ပိုကြန့်ကြာလာမယ်။ ကတ္တားတက်ဖို့တင် တစ်နာရီ၊ နှစ်နာရီကြာတန်းစီရတာ၊ ဒါရှာဖွေ စစ်ဆေးချိန်မပါသေးဘူး"ဟု ယခင်နှစ်များ ကစစ်ဆေးခံရမှုအခြေအနေကို မူဆယ်- မန္တလေးကုန်တင်ယာဉ်မောင်း စိုင်းနော်ခမ်း ကပြောဆိုသည်။

လက်ရှိလမ်းအခြေအနေအရ ခရီးကြန့်ကြာလျက်ရှိပြီး စစ်ဆေးရေးဂိတ်ပြန် လည်ဖွင့်လှစ်ပါက ထပ်မံအချိန်ကြာမြင့်နိုင်ရာ ရက်ရှည်မခံသည့် ကုန်စည်များမှာ ပုပ်သိုးပျက်စီးနိုင်ကြောင်း၊ ယင်းကြောင့် ရေပူစစ်ဆေးရေးဂိတ်ပြန်လည် ဖွင့်လှစ်မည်ကို လုံးဝကန့်ကွက်ကြောင်း ကုန်တင်ယာဉ်မောင်းများက ပြောကြားသည်။

"လမ်းပိတ်လို့ လမ်းပြင်နေလို့ လမ်းပေါ်မှာလုံခြုံရေးမကောင်းလို့ဆိုတဲ့အခြေအနေမှာ အခုရေပူဂိတ်ထပ်တိုးလာဦးမယ်ဆိုတော့ အချိန်ကုန်ပြီး ငွေကုန်ရမယ့် နေရာပိုလာတယ်" ဟုကုန်တင်ယာဉ်မောင်း ဦးအောင်ထွေးက ဆိုသည်။

ယင်းသို့စစ်ဆေးရေးဂိတ် ပြန်လည် ဖွင့်လှစ်ခြင်းသည် မူဆယ်နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်မှုရှိလာနိုင်ပြီး ကုန်သည်များနှင့် ယာဉ်မောင်းများ၏ စားဝတ်နေရေးပါ ထိခိုက်လာနိုင်သည့်အတွက် ရေပူစစ်ဆေးရေးဂိတ်ပြန်လည်ဖွင့်လှစ်မည့်အပေါ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုကြောင်း မန္တလေး- မူဆယ်ကုန်သည်များနှင့် မူဆယ်မြို့နယ်စပ်ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းရှိ သိန်းနီရေပူဂိတ်ကို ၁၉၉၈ ခုနှစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုဖြင့် ဖွင့်လှစ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက တရားဝင်လွှဲပြောင်းယူခဲ့ကာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တရားဝင်ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

■ **M-03/R-07**



ဓာတ်ပုံ - တင်ဇော်ဦး

# တရားမဝင်ရွှေသတ္တုတူးဖော်နေမှု အရေးယူပေးရန် ဆန္ဒပြ

**သပိတ်ကျင်း၊ ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ၅-မိုင်ကျေးရွာ အမှတ် ၂ သတ္တုတွင်းလုပ်ငန်းရုံးရှေ့တွင် ဇန်နဝါရီလ ၁၄ ရက်နေ့နံနက် ၁၀နာရီခွဲက တရားမဝင်ရွှေသတ္တုတူးဖော်နေမှုကိုထိရောက်စွာအရေးယူပေးရန် ဒေသခံတစ်ရာခန့်က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သပိတ်ကျင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်သူများအဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ပြည်ထဲရေးအမည်ပေါက် တရားဝင် ကျေးရွာမြေများပေါ်ဝင်ရောက်ကျူးကျော်ပြီး ရွှေသတ္တုများကို တရားမဝင်တူးဖော်နေသည့် ကုမ္ပဏီများအားလုံး လုပ်ငန်းအမြန်ဆုံးရပ်ဆိုင်းပြီး တူးဖော်နေသော လုပ်ငန်းရှင်ကုမ္ပဏီများ၊ ရွှေသတ္တုများခိုးယူတူးဖော်နေသည်ကို မျက်ကွယ်ပြုပေးထားသူများကို အရေးယူသည်အထိ ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း ဦးဆောင်ဆန္ဒထုတ်ဖော်သူ ဦးမောင်ကြီးက ပြောဆိုသည်။

"ချပေးထားတဲ့ သတ္တုလုပ်ကွက်တွေ က ကျေးရွာမြေတွေပေါ်မှာဖြစ်နေတဲ့အတွက် ဒါတွေကို တောင်းဆိုမယ်။ မှားယွင်းနေတယ်ဆိုတာကို ထောက်ပြမယ်။ ဒီလိုပြောနေရက်နဲ့ဆက်ချပေးနေမယ်ဆိုရင်နိုင်ငံတော်သမ္မတဆီကို စာတင်မယ်။ ခွင့်ပြုချက်တောင်းပြီးတော့ ဝန်ကြီးဌာနက ချပေးတယ်ဆိုရင် ချပေးတဲ့သတ္တုတွင်းဝန်ကြီးဌာနကို တရားစွဲပါမယ်"ဟု ၎င်းကဆိုသည်။

ကျေးရွာများတွင် ချထားလုပ်ကိုင်လျက်ရှိသော လုပ်ကွက်များအမြန်ဆုံး ရပ်ဆိုင်းပြီး တရားမဝင်တူးဖော်မှုများကို မျက်ကွယ်ပြုနေသည့်အမှတ်-၂ သတ္တုတွင်း လုပ်ငန်းတာဝန်ခံကိုလည်း သက်ဆိုင်ရာက အရေးယူဆောင်ရွက်ပေးမှသာ ဆန္ဒထုတ်ဖော်မှုများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

အမှတ်-၂ သတ္တုတွင်းလုပ်ငန်းက ချထားပေးလျက်ရှိသော လုပ်ကွက်များသည် ဥပဒေနှင့် နည်းဥပဒေများကို ကျော်လွန်လုပ်ကိုင်လျက်ရှိနေသည့်အတွက် အစိုးရသစ်က အရေးယူဆောင်ရွက်ပေးသည့်အထိ နေ့ရောညပါ ဆန္ဒထုတ်ဖော်တောင်းဆိုမည်ဖြစ်ကြောင်း ချောင်းကြီးကျေးရွာအလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ ဦးဖုန်းမြင့်နိုင်က ပြောကြားသည်။

လိပ်ကျကျေးရွာ၊ ချောင်းကြီးကျေးရွာမြေများနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာန သဘောထားတစ်ခုတည်းဖြင့် လုပ်ကွက်များ ချထားလုပ်ကိုင်ပေး၍မရကြောင်း သပိတ်ကျင်းမြို့နယ် ၅ မိုင်ကျေးရွာ အမှတ် ၂ သတ္တုတွင်းလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်းမောင်ဝင်းက ပြောဆိုသည်။

"ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ကိုမောင်ကြီးတို့ခေါ်ရှင်းပြမလို့ သူတို့က လက်သင့်မခံတာပါ။ ကျွန်တော်တို့ဝန်ထမ်းတွေဆိုတာ သတ္တုတွင်း လုပ်ငန်းလုပ်ထုံးလုပ်နည်းဥပဒေအတိုင်းလိုက်နာဆောင်ရွက်တာပဲရှိပါတယ်။ နိုင်ငံတော်ပိုင်ရွှေသတ္တုခိုးယူတူးဖော်မှုမှန်သမျှကို ကျွန်တော့်ဌာနက တရားလိုလုပ် အမှုဖွင့်တရားစွဲဆိုထားပါတယ်" ဟု ၎င်းကဆိုသည်။

■ **R-05**

# MPT ဆင်းမ်ကတ်မှတ်ပုံတင်စဉ်စာတိုက်ဝန်ထမ်းနှင့် ရန်ဖြစ်ပြီး အပြန်အလှန်အမှုဖွင့်

**မုံရွာ၊ ဇန်နဝါရီ ၁၄**

မုံရွာမြို့ ရုံးကြီးရပ်ကွက်စာတိုက်ရုံးတွင် ဇန်နဝါရီလ ၁၃ ရက်နေ့ ညနေ သုံးနာရီက ရန်ကင်းရပ်ကွက်နေထိုင်သူ သားအမိနှစ်ဦး ဖုန်းဆင်းမ်ကတ် မှတ်ပုံတင်ရန်လာရောက်စဉ် စာတိုက်ဝန်ထမ်းနှစ်ဦးဖြင့် အချင်းများခိုက်ရန်ဖြစ်ပွားရာ နှစ်ဖက်အပြန်အလှန်အမှုဖွင့်ထားကြောင်း မုံရွာမြို့မရဲစခန်းထံမှ သိရသည်။

ရန်ကင်းရပ်ကွက်နေ ဒေါ်တင်တင်မူနှင့် မဒီပိုပိုတိုး ၂၀ နှစ်တို့သားအမိသည် MPT ဆင်းမ်ကတ်မှတ်ပုံတင်ရာတွင် စာတိုက်ဝန်ထမ်းများနှင့် စကားများရာမှ စာတိုက်ဝန်ထမ်းဒေါ်ဝါဝါလွင် ၄၃ နှစ်က ဒီပိုပိုတိုးကို ပါးရိုက်ခြင်း၊ ဒုစာတိုက်မှူး ဦးအောင်သန်းတင် ၅၈ နှစ်က လက်ဆွဲပြီး လက်သီးနှင့်ထိုးခြင်းတို့ပြုလုပ်ခဲ့သည်ဟုဆိုကာ မုံရွာမြို့မရဲစခန်းတွင် ၎င်းတို့နှစ်ဦးကို အရေးယူပေးပါရန် တိုင်ကြားခဲ့သည့်အတွက် ဇန်နဝါရီလ ၁၃ ရက်နေ့ (ပ)၅၈/၂၀၁၇ ရာ ၃၅၄/၃၂၃/၁၁၄ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

မုံရွာမြို့ ရုံးကြီးရပ်ကွက်နေ မုံရွာစာတိုက်ကြီးစာတိုက်မှူး ဦးခင်မောင်တိုးတာဝန်ထမ်းဆောင်နေစဉ် ဒေါ်တင်တင်မူနှင့် မဒီပိုပိုတိုးတို့က MPT ဆင်းမ်ကတ်မပါဘဲ မှတ်ပုံလာတင်သဖြင့် ဝန်ထမ်းများက ဆင်းမ်ကတ်မပါလျှင် လက်မခံကြောင်း ရှင်းပြခဲ့ရာ ၎င်းတို့နှစ်ဦးကလက်မခံဘဲ ရိုင်းပြစွာ ပြောဆိုနေသဖြင့် စာတိုက်ဝန်ထမ်း ဒေါ်ဝါဝါလွင်နှင့် ဒုစာတိုက်မှူး ဦးအောင်သန်းတင်တို့က ဖုန်းဖြင့်မှတ်တမ်းဓာတ်ပုံရိုက်ခိုင်းရာ ဒီပိုပိုတိုးက ဒေါ်ဝါဝါလွင်ကို ပါးရိုက်သည့်အပြင် စာတိုက်ဝန်ထမ်းနှင့် ဒုစာတိုက်မှူးတို့က ၎င်းတို့ကိုရိုက်ပုတ်သည်ဟုဆိုကာ အမှုဖွင့်ထားသည့်အတွက် တာဝန်ဝတ္တရား ထမ်းဆောင်နေသူကို နှောင့်ယှက်၍ ခန္ဓာကိုယ်နာကျင်ဒဏ်ရာရစေမှု(ပ)၅၉/၂၀၁၇ ရာ ၃၃၂/၁၁၄ ဖြင့်အပြန်အလှန်အမှုဖွင့်ထားကြောင်း ယင်း စခန်းမှတ်တမ်းများအရ သိရသည်။ ■ **R-08**


မြန်မာပြည်မှာ ဆန်းရှိုင်း

သားရေရာစ်စစ် ပစ္စည်းအမျိုးမျိုး အရောင်းဆိုင်များ (ပင်ရင်း)

# မြောင်းမြ ထောင်တွင် စိတ်ကြွဆေးပြားများ ဖမ်းမိ

**ပုသိမ်၊ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြောင်းမြ အကျဉ်းထောင်တွင် ဇန်နဝါရီလ ၁၂ရက် ညနေပိုင်းက ထောင်တံခါးမကြီးဝင်ပေါက်တွင် WY စိတ်ကြွဆေးပြားများ ဖမ်းမိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ပါဝင်ပတ်သက်တဲ့ အကျဉ်းဦးစီးဝန်ထမ်းတစ်ဦးရယ်၊ ထောင်ကျအကျဉ်းသားတစ်ဦးရယ်ကို စစ်ဆေးနေပါတယ်၊ ဖမ်းဆီးရမိတာက WY စိတ်ကြွဆေးပြား ၁၂၆ ပြားပါ" ဟု မြောင်းမြမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးပြောကြားသည်။

ဇန်နဝါရီလ ၁၂ရက်နေ့ ညနေပိုင်းတွင် မြောင်းမြအကျဉ်းထောင်တွင် ထောင်ဒဏ် နှစ် ၃၀ ကျခံနေရသော ကိုဖြိုးမောင်မောင်(ခ)ကရင်(၂၈နှစ်)အတွက် ပစ္စည်း ၁၉မျိုးပါ ပါဆယ်ထုပ်တစ်ထုပ်ကို အကျဉ်းဦးစီးဝန်ထမ်း တပ်ကြပ်ရဲနီ( ၄၄နှစ်)က ယူဆောင်လာခဲ့ကြောင်း၊ ထောင်အဝင်တံခါးမကြီးတွင် တာဝန်ကျဝန်ထမ်းက ပါဆယ်ထုပ်ကို စစ်ဆေးရာမှ WY စိတ်ကြွဆေးပြား ၁၂၆ပြားကို တွေ့ရှိခဲ့ကြောင်း၊ ယင်းပါဆယ်ထုပ်ကို ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် ပေးပို့ခဲ့ပြီး အကျဉ်းဦးစီးဌာနဝန်ထမ်းက ဇန်နဝါရီလ ၁၁ရက်နေ့ ညပိုင်းတွင် ကားဂိတ်သို့ သွားရောက်ယူဆောင်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးထံမှ သိရသည်။

ဇန်နဝါရီလ ၁၂ရက်နေ့တွင် အကျဉ်းထောင်တွင်းသို့ စိတ်ကြွဆေးပြားများ ပေးသွင်းစဉ် ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း၊ အကျဉ်းဦးစီးဌာန ဝန်ထမ်းများအနေနှင့် အကျဉ်းထောင်ဥပဒေ၊ အကျဉ်းထောင်လက်စွဲတို့ကို သိရှိနားလည်ရမည့်အပြင် အကျဉ်းသူအကျဉ်းသားများအပေါ် အယုံမလွယ်ကြရန် လိုအပ်ကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူက ပြောကြားသည်။

မြောင်းမြအကျဉ်းထောင်ရှိ အကျဉ်းသားထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ပေးခဲ့သူ တပ်ကြပ်ရဲနီနှင့် လက်ခံမည့် အကျဉ်းသား ဖြိုးမောင်မောင်(ခ)ကရင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မများဖြင့် အမှုဖွင့် အရေးယူထားကြောင်း မြောင်းမြမြို့မရဲစခန်းထံမှ သိရ သည်။

■ R-11




အုတ်ဖုတ်လုပ်ကိုင်နေသည့် လယ်ယာမြေများ

# ကန့်ဘလူ၌ တရားမဝင် အုတ်ဖုတ်၍ နွေစပါးစိုက်ရန် ခက်

**ရွှေဘို၊ ဇန်နဝါရီ ၁၄**

ကန့်ဘလူမြို့နယ် ကျွန်းပင်ကုန်းကျေးရွာအုပ်စုရှိ လယ်မြေများတွင် တရားမဝင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေခြင်းကြောင့် စပါးစိုက်ရန် ဒေသခံတောင်သူများ အခက်အခဲကြုံတွေ့နေရကြောင်း ကျွန်းပင်ကုန်းကျေးရွာအုပ်စု ယောရှမ်းတပ် ဇီးဖြူကုန်း ကျေးရွာပတ်ဝန်းကျင်ရှိ တောင်သူများထံမှ စုံစမ်းသိရှိရသည်။

ယခင်က တရားမဝင် အုတ်လုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိသော်လည်း ယခုအခါလုပ်ငန်းလုပ်ကိုင်သူ ၂၀ ကျော်အထိရှိနေပြီး အဆိုပါ အုတ်လုပ်ငန်းလုပ်ကိုင်နေသည့်အနီးအနားရှိ တောင်သူများမှာ လယ်ယာစိုက်ပျိုးချင်သော်လည်း စိုက်ပျိုးရေရယူရန် အခက်အခဲကြုံတွေ့နေကြောင်း ယောကျေးရွာ တောင်သူ ဦးဆန်းဝင်းအောင်က ပြောကြားသည်။

"စိုက်ပျိုးရေယူဖို့ခက်တယ်။ လယ်ရေသွင်းရင်လည်း လယ်ထဲမရောက်တော့ဘူး၊ သူတို့တူးထားတဲ့ ကျွင်းတွေထဲရောက်မှာ၊ တွင်းတွေက အကျယ်ကြီးတွေ၊ အနက်ကလည်း ၁၀ တောင်လောက် တူးထားတော့ လယ်ထဲရေ ဘယ်လိုမှ မရောက်နိုင်တော့ဘူး" ဟု ၎င်းကဆိုသည်။

ဒေသခံတောင်သူများသည် လယ်စိုက်ခွင့်ဆုံးရှုံးနေခြင်းကြောင့် ရေရှည်တွင်မလိုလားအပ်သည့် ပြဿနာများ မဖြစ်စေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများထံ စာတင်ပြထားကြောင်း ယောကျေးရွာမှ တောင်သူ ဦးဇာနည်က ရှင်းပြသည်။

" မြေဆီလွှာတွေလည်းပျက်စီးတယ်။ အုတ်လုပ်ငန်းကထွက်တဲ့ မီးခိုးတွေကြောင့် စိုက်ပျိုးပြီးသီးနှံလည်း မဖြစ်ထွန်းတော့ဘူး။ ဒီလုပ်ငန်းကအဓိကမြေဆီလွှာပျက်စီးတဲ့အတွက် သက်ဆိုင်ရာက လုပ်ငန်းပိတ်သိမ်းတဲ့အထိ တားမြစ်သင့်တယ်" ဟု ယင်းဒေသခံတစ်ဦးက ဆိုသည်။ ■ R-09

# ရေးမြို့ အဏ္ဏဝါပျံကျဈေး မီးလောင်

**ရေး၊ ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် ရေးမြို့ သီရိနန္ဒာ ရပ်ကွက်ရှိ အဏ္ဏဝါပျံကျဈေးတွင် ဇန်နဝါရီလ ၁၄ ရက် နံနက် ၃နာရီခွဲက စိတ်ကျန်းမာရေးချို့တဲ့သူတစ်ဦး မီးရှို့ရာမှ ဈေးမီးလောင်ခဲ့ကြောင်း ရေးမြို့နယ် မီးသတ်ဦးစီးဌာနထံမှ သိရသည်။

အဆိုပါဈေးတွင် အဆောင်သုံးဆောင်ရှိပြီး တစ်ဆောင်လျှင် လေးခန်းစုစုပေါင်းဆိုင်ခန်း ၁၂ခန်းရှိကြောင်း၊ မီးလောင်မှုကြောင့်၁၀ပေ ပတ်လည် ဆိုင်ခန်းလေးခန်းမီးလောင်ခဲ့ပြီး မီးလောင်မှုမှာ မိနစ် ၅၀ကြာ လောင်ကျွမ်းခဲ့ကြောင်း ရေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထိုက်က ပြောကြားသည်။

မီးလောင်တာ အထည်ဆိုင် တစ်ခန်းနဲ့ ကုန်စုံဆိုင် သုံးခန်းပါတယ်၊ ကောင်လေးတစ်ယောက် ကျွန်တော်ကိုလာပြောတယ်၊ ဟိုရောက်တော့ မီးက လောင်နေပြီး မဝင်နိုင်တော့ဘူး၊ ကျွန်တော့်ဆိုင်က စတိုးဆိုင်လိုမျိုးပါ၊ အထည်လည်း ရောင်းတယ်၊ ဖိနပ်တို့ အစုံပေါ့၊ ဘာမှ မရလိုက်ဘူး" ဟု အထည်ဆိုင်ပိုင်ရှင် ဦးရာရှင်က ပြောဆိုသည်။

■

# အိမ်ပေါ်မှ နှင်ချသည့်အဒေါ်ကို တူဖြစ်သူက ကတ်ကြေးဖြင့် ထိုးသတ်

**တောင်ငူ၊ ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဆွာမြို့မှန်စီကျေးရွာ နေအိမ်တစ်လုံးတွင် ဇန်နဝါရီလ ၁၃ ရက်နေ့ ညနေ၁နာရီခန့်က အိမ်ပေါ်မှနှင်ချသော အဒေါ်ဖြစ်သူကျောင်းဆရာမကို အသက် ၂၃နှစ်အရွယ် တူဖြစ်သူက ကတ်ကြေးဖြင့် ထိုးသတ်ခဲ့ကြောင်း ဆွာနယ်မြေ ရဲစခန်းထံမှ သိရသည်။

အသက် ၄၁ နှစ်အရွယ် အလယ်တန်းပြဆရာမ ဒေါ်နွယ်နီမြင့်က မိသားစုဝင်များဖြစ်သော ဦးမြင့်နိုင်နှင့် အရက်မူးနေသူ အသက် ၂၃ နှစ်အရွယ် ကိုစိုးသူနှင့် အတူ ရုပ်မြင်သံကြားကြည့်နေစဉ် နေအိမ်ပေါ်မှ နှင်ချခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ စကားများ ရန်ဖြစ်ရာမှ တူဖြစ်သူက ကတ်ကြေးဖြင့် ထိုးသတ်ခဲ့ကြောင်း၊ ကျူးလွန်သူဆိုသူကို ဖမ်းမိထားပြီး ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ကာ အရေးယူထားကြောင်း ဆွာနယ်မြေရဲစခန်းမှ တာဝန်ကျရဲအရာ ရှိတစ်ဦးက ပြောကြားသည်။

■ R-15

# မုံရွာလမ်းဘေးကျူးကျော်ဈေးဆိုင်များကို နေရာသစ်ချပေးမည်

**မုံရွာ၊ ဇန်နဝါရီ ၁၄**

မုံရွာမြို့၏ အဓိကလမ်းမကြီးများဘေးတွင်ရောင်းချနေသည့် ကျူးကျော်ဈေးဆိုင်များကို ရှင်းလင်းပြီးနောက် ဈေးသုံးခုနှင့် အခြားနေရာလွတ်များတွင် နေရာသစ်ချထားပေးမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောကြားသည်။

ဈေးများဖြစ်သည့် ချင်းတွင်းရတနာ၊ မြသလ္လာ၊ သီရိရတနာစသည့်အပေါ်ထပ်နေရာလွတ်များ၊ အောင်မင်္ဂလာဈေးကွင်းနှင့် တိုင်းရင်းဆေးရုံရှေ့ရှိ လေးဇကမြေကွက်တွင် ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း ၎င်းကပြော ဆိုသည်။

"ဒီဇင်ဘာ ၂၇ ရက်နေ့မှာ တိုင်းစည်ပင်ရဲ့စီမံချက်နဲ့ရှင်းနေတယ်။ လုပ်ဆောင်မှုမပြီးသေးတော့ ရှင်းပြီးကျူးကျော်ဆိုင်အရေအတွက်တော့ မသိရသေးပါဘူး" ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် မုံရွာမြို့၏လူစည်ကားသောလမ်းဖြစ်သည့် ကျောက်ကာလမ်းမကြီးဘေး ရန်ကင်းရပ်ကွက်နှင့် ဇောတိကစာသင်တိုက်ဝန်းကျင်မှ ကျူးကျော်ဆိုင်များကို မုံရွာတက္ကသိုလ်အနောက်ဘက် ဗန္ဓုလလမ်းဘေးသို့ ဆိုင်ခန်း ၅၈ ခန်းကို ဇန်နဝါရီလ ၉ ရက်နေ့က မဲနှိုက်နေရာပေးခဲ့ကြောင်း၊ လာမည့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် လျှောက်လွှာတင်ထားသည့် ဆိုင် ၄၀ကို ဗန္ဓုလလမ်းဘေးတွင် ထပ်မံနေရာချထားပေးမည်ဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

■ R-08





# မဟာမုနိဘုရား ကြေးရုပ်တုများကို ကိုင်တွယ်ပွတ်တိုက်ခြင်းမလုပ်ရန် ပညာရှင်များတိုက်တွန်း

**မန္တလေး၊ ဇန်နဝါရီ ၁၄**

မန္တလေးမြို့တော်၏ အထင်ကရ ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိရုပ်ရှင်တော်သို့ လာရောက်ဖူးမြော်သူများ လေ့လာနိုင်စေရန် ထားရှိပေးထားသည့် ကြေးရုပ်တုများကို ပွတ်တိုက်ကိုင်တွယ်ခြင်း မလုပ်သင့်ကြောင်း ရှေးဟောင်းပညာရှင်များက တိုက်တွန်းပြောကြားသည်။

"ရှေးဟောင်းပစ္စည်းဆိုတာက ကမ္ဘာ့အမွေအနှစ် ပစ္စည်းတွေဖြစ်ပါတယ်။ ဥပဒေအရကိုက တန်ဖိုးရှိတဲ့ ရှေးဟောင်းပစ္စည်းဖြစ်လို့ လူတွေ လက်နဲ့ကိုင်လို့ မရဘူး၊ နောက်ဆုံးအဆင့် ဓာတ်ပုံရိုက်ရင်တောင် ကင်မရာဖလက်ရှ်ဖွင့်ပြီး မရိုက်ရဘူး၊ သတ္တုနဲ့ပြုလုပ်ထားတဲ့ ရှေးဟောင်းပစ္စည်းကို လူ့လက်နဲ့ဆို ပိုပြီးတော့တောင် မကိုင်သင့်ဘူး။ လက်တွေမှာက လူ့အဆီတွေပါတယ်၊ ကိုင်တဲ့အကြိမ် များလာတော့ ဓာတ်ပြုမှုတွေဖြစ်လာပြီး စားသွားတတ်တဲ့အတွက် ကိုင်ခွင့်မပြုသင့်ပါဘူး" ဟု မန္တလေးမြို့မှ ဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပြောဆိုသည်။

မဟာမုနိဘုရားအတွင်း ထားရှိထားသည့် ကြေးရုပ်တုများကို ဘုရားဖူးပြည်သူများက ရုပ်တုများ၏ အင်္ဂါအစိတ်အပိုင်းများကို ပြောင်လက်လာအောင် ပွတ်တိုက်ပါက ရောဂါဝေဒနာများ သက်သာပျောက်ကင်းသည်ဟူသောအယူဖြင့် ကိုင်တွယ်ပွတ်သပ်ခြင်းဖြစ်သည်ဟု မန္တလေးမြို့ခံများအဆိုအရ သိရသည်။

"အဲဒီလိုလုပ်လာကြတာ နှစ်ပေါင်း ၂၀၀ ကျော်လာပြီဆိုတော့ တော်တော်လည်း ပျက်စီးနေပြီ။ ရှေ့ဆက်ပြီး မပျက်စီးအောင် လက်နဲ့မကိုင်သင့်ဘူး။ ဒါကလည်း ကျွန်တော်တို့ကပဲ ပြောနေတာ မဟုတ်ဘူး။ နိုင်ငံတကာမှာလည်း ဒီလိုပဲ။ ဥပဒေအရလည်း ပြဋ္ဌာန်းထားတာတွေ ရှိတယ်" ဟု ဦးဝင်းမောင်က ဆက်လက်ပြောကြားသည်။

ယင်းသို့ထိန်းသိမ်းရန်တိုက်တွန်းချက်နှင့်ပတ်သက်၍ ဘုရားဖူးပြည်သူများ၏ သဘောထားကိုရယူကာ စဉ်းစားမည်ဖြစ်ကြောင်း၊ အများသဘောတူပါက လူများကိုင်တွယ်ပွတ်သပ်ခြင်း မပြုနိုင်အောင် စီမံပြသပေးမည်ဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့က တုံ့ပြန်ပြောဆိုသည်။



ဓာတ်ပုံ - မောင်သန့်

မဟာမုနိဘုရား ကြေးပြတိုက်တွင်ပြသထားသည့် ရုပ်တုတစ်ခုကို ပွတ်သပ်ကိုင်တွယ်နေသူတစ်ဦးကို တွေ့ရစဉ်

"ကျွန်တော်တို့အနေနဲ့ ရှေးဟောင်းပညာရှင်တွေပြောတာကို လက်ခံတယ်။ သို့သော်လည်း ပြည်သူလူထုက ဖြစ်သင့်ပါတယ်ဆိုတဲ့အနေအထားမျိုး လက်ခံတယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ စင်တွေနဲ့တင်ပြီးပြထားပြီး လက်လှမ်းမမီတဲ့နေရာကနေ မှန်အနိမ့်နဲ့ကာပြီး ပြသဖို့ စိတ်ကူးထားပါတယ်" ဟု မဟာမုနိဘုရားဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။

ကြေးရုပ်များကို ကိုင်တွယ်ခွင့်ပြုထားခြင်းသည် ရှေးဟောင်းပစ္စည်းများ၏တန်ဖိုး ကျဆင်းအောင်ပြုလုပ်ထားခြင်းဖြစ်ပြီး ပျက်စီးမှုများလည်း ရှိနေပြီဖြစ်သည့်အတွက် ဆက်လက်ပျက်စီးမှုများ မဖြစ်ပေါ်စေရန် အမြန်ဆုံးထိန်းသိမ်းသင့်ကြောင်း မန္တလေးမြို့ခံအချို့ကလည်း ပြောဆိုသည်။

"ဒီကိစ္စက အမြန်ဆုံးကို ထိန်းသိမ်းလိုက်သင့်ပြီလို့ ထင်ပါတယ်၊ ဒီလိုကိုင်တွယ်ပွတ်သပ်ခွင့်ပြုထားတာက ရှေးဟောင်းပစ္စည်းတွေရဲ့တန်ဖိုး ကျစေပါတယ်။ ကိုင်တွယ်ခွင့်ပိတ်လိုက်တာကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်" ဟု အသက် ၃၅ နှစ်ခန့်အရွယ်ရှိ ဘုရားဖူး ဦးထွန်းကျော်ဝင်းက မှတ်ချက်ပြုသည်။

မဟာမုနိဘုရားရှိ ယင်းကြေးရုပ်များသည် ဟံသာဝတီခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းလက်ထက်က ထိုင်းနိုင်ငံမှ သယ်ဆောင်လာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့သုတေသနမှတ်တမ်းများအရ ကမ္ဘောဒီးယားနိုင်ငံမှ ထိုင်းနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

မဟာမုနိဘုရားကြီး ပြတိုက်အတွင်း၌ ကြေးခြင်္သေ့ရုပ်နှစ်ရုပ်၊ ကြေးလူရုပ်နှစ်ရုပ်နှင့် ကြေးဆင်ရုပ်တစ်ရုပ်တို့ကို ပြသထားသည်။ ■ M-04

# NEWS PHOTO



ဓာတ်ပုံ - သန်းဇေသား

ရန်ကုန်မြို့တော်အခြေစိုက် နာမည်ကျော်ပန်းချီဆရာ ပြည်ကျော်ဟန်၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းက မန္တလေးတောင်ပန်းချီပြခန်းတွင် ပြုလုပ်ခဲ့ရာယင်းပြပွဲသို့ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

ပန်းချီဆရာပြည်ကျော်ဟန်သည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ရန်ကုန်မြို့တော်ရှိ ဗိုလ်ချုပ်ဈေးတွင် ပထမအကြိမ်ပြသခဲ့ပြီး ယခု ပြုလုပ်သည့် ဒုတိယအကြိမ်၌ ရေဆေးနှင့် အခရိုင်းလစ် အမျိုးအစား ပန်းချီကားပေါင်း ၃၂ ကားကို ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ လေးရက်ကြာ ပြသမည်ဖြစ်သည်။

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက ...

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# နည်းပညာတက္ကသိုလ်နောက်ဆုံးနှစ် ကျရှုံးကျောင်းသားများကိစ္စ ကြန့်ကြာဦးမည်ဟုဆို

**မန္တလေး၊ ဇန်နဝါရီ ၁၄**

စနစ်ဟောင်းတွင်ကျရှုံးခဲ့သော နည်းပညာတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားကျောင်းသူများ တောင်းဆိုထားသော ပြန်လည်ကုစားဖြေဆိုရေးသို့မဟုတ် စာသင်နှစ်တစ်နှစ်တည်းသာထားရှိပေးရေးကိစ္စမှာ မူဝါဒပိုင်းဖြစ်၍ ဆုံးဖြတ်ရန် ကြန့်ကြာဦးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက The Voice သို့ ပြောကြားသည်။

နောက်ဆုံးနှစ် ကျရှုံးကျောင်းသားကျောင်းသူများ တောင်းဆိုထားသည့်ကိစ္စကို လတ်တလောတွင် အသေးစိတ်မပြောကြားနိုင်သေးကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

နည်းပညာတက္ကသိုလ် ၁၀ ခုခန့်မှ နောက်ဆုံးနှစ်ကျရှုံးကျောင်းသားကျောင်းသူ ၂၀၀ ခန့်က နိုဝင်ဘာလတွင်တစ်ကြိမ်၊ ဇန်နဝါရီလတွင်တစ်ကြိမ် ပညာရေးဝန်ကြီးဌာန ဝန်ကြီးထံလိပ်မူကာ တင်ပြထားခြင်းဖြစ်သည်။

သက်ဆိုင်ရာဝန်ကြီးဌာနက မဖြေရှင်းပေးသေးသော်လည်း လတ်တလောတွင် ကျရှုံးကျောင်းသားများ ကျောင်းဆက်တက်လျက်ရှိကြောင်း ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် နောက်ဆုံးနှစ် ကျရှုံးကျောင်းသူတစ်ဦးက ပြောကြားသည်။

ကျရှုံး ကျောင်းသားကျောင်းသူများ၏တင်ပြစာတွင် ယခုနှစ်သည် သင်ရိုးစနစ်ဟောင်း နောက်ဆုံးနှစ်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ကာ သင်ရိုးစနစ်သစ် ပြောင်းလဲသင်ကြားရမည်ဖြစ်ပြီး အင်ဂျင်နီယာဘွဲ့ရရှိရန် ခြောက်နှစ်သင်ကြားရမည်ဖြစ်၍ နောက်ဆုံးနှစ် ကျရှုံးကျောင်းသားကျောင်းသူများအတွက် အခက်အခဲတွေ့စေကြောင်း၊ ကျရှုံးခဲ့သဖြင့် စနစ်သစ်အရ ထပ်မံ၍ ၂ နှစ်တက်ရောက်ဖြေဆိုရမည်ဖြစ်ကြောင်း ဝန်ကြီးထံတင်ပြစာတွင် ဖော်ပြထားသည်။

စနစ်ဟောင်းမှကျရှုံးခဲ့သူများ စနစ်သစ်တွင် ၂နှစ်ထပ်မံတက်ရောက်ရမည့်အစား ကုစားစာမေးပွဲတစ်ခုပြုလုပ်ပေးရန်၊ အကယ်၍ ကုစား စာမေးပွဲမကျင်းပပေးနိုင်ပါက စနစ်သစ်၏ နောက်ဆုံးတစ်နှစ်တည်းကိုသာ သတ်မှတ်ဖြေဆိုနိုင်ရေးအတွက် လမ်းညွှန်ပေးစေလိုကြောင်းလည်း ဖော်ပြပါရှိသည်။

ယခင်က AGTI ၂ နှစ်သင်တန်း၊ B.Tech ၂ နှစ်သင်တန်း၊ B.E တစ်နှစ်သင်တန်းဟုသတ်မှတ်ထားရာမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ကာ B.E သင်တန်းကို တစ်နှစ် ထပ်မံတိုးမြှင့်ခဲ့ပြီး ခြောက်နှစ်အထိသင်ကြားရမည်ဟု တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

နည်းပညာတက္ကသိုလ်များသည် ယခင်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်တွင်ရှိခဲ့ပြီး ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ■ M-01

# “အမရပူရမြို့အတွက် တာဝန်ရှိသလို မန္တလေးမြို့တော်တစ်ခုလုံးအတွက်လည်း တာဝန်ရှိပါတယ်”

## မန္တလေးမြို့တော် ဒုတိယမြို့တော်ဝန် ဦးရဲမွန်နှင့်တွေ့ဆုံခြင်း

မြတ် (ကလေး)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပထမအကြိမ် (၂၀၁၅ ခုနှစ်) ရွေးကောက်ပွဲတွင် အမရပူရမြို့နယ်ကိုယ်စားပြု ယှဉ်ပြိုင် အနိုင်ရခဲ့ပြီး ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ ဒုတိယအကြိမ် (၂၀၁၆ ခုနှစ်) ရွေးကောက်ပွဲတွင်လည်း အမရပူရမြို့နယ်မှ ထပ်မံယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရရှိကာ ကော်မတီဝင်မှ ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်ခံခဲ့ရသည့် ဦးရဲမွန်နှင့် The Voice တို့ တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**Voice : အခုလို ဒုတိယမြို့တော်ဝန်အဖြစ် မဲအများဆုံးနဲ့ ရွေးချယ်ခန့်အပ်လိုက်ပြီဆိုတော့ ဆရာ့အနေနဲ့ ဘာတွေလုပ်မလဲ။**

**UYM :** ကျွန်တော့်ကို ဒုတိယမြို့တော်ဝန်အဖြစ် ရွေးချယ်ပေးလိုက်ပြီဆိုတော့ ကျွန်တော့်ကို တာဝန်ပိုပြီး ပေးလိုက်တယ်လို့ ခံယူပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ လုပ်ငန်းဆောင်တာတွေကို အဓိကကတော့ မြို့တော်ဝန်ကြီးကို ကူညီပြီးတော့ ကျွန်တော်က ကြီးကြပ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မြို့တော်တိုးတက်ဖို့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ လုပ်ငန်းဆောင်တာတွေနဲ့ မန္တလေးမြို့သူမြို့သားတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုဖြစ်ထွန်းလာဖို့ ကျွန်တော် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**Voice : ဒုတိယမြို့တော်ဝန်ရဲ့တာဝန်က ဘာတွေဖြစ်မလဲ၊ ဘယ်လောက်ထိလုပ်ပိုင်ခွင့် ရနိုင်မလဲခင်ဗျ။**

**UYM :** ဒုတိယမြို့တော်ဝန်ရဲ့တာဝန်က ကော်မတီဝင်တစ်ယောက်ရဲ့တာဝန်ထက် အနည်းငယ်ပိုပါတယ်။ ကျွန်တော် ပထမအကြိမ်မှာလည်း ကော်မတီဝင်တစ်ယောက်အဖြစ် လုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ်မှာ ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ပေးခံရတယ်ပေါ့နော်။ အဓိကကတော့ မြို့တော်ဝန်ကြီးနဲ့ ကျွန်တော်တို့ ကော်မတီဝင်တွေ အစည်းအဝေးတွေ ထိုင်ပြီးတော့ EC တွေထိုင်ပြီးတော့ ဆုံးဖြတ်ချက်တွေလုပ်ပါတယ်။ အားလုံးကတစ်ပြေးညီ ဆွေးနွေးမယ်၊ စဉ်းစားမယ်၊ ဆုံးဖြတ်မယ်။ ဒုတိယမြို့တော်ဝန်အနေနဲ့ဆိုရင် ကျွန်တော်က စစ်ဆေးရေးဌာနကို ကိုင်ပါမယ်။ ဒီစစ်ဆေးရေးဌာနက ဌာန ၁၄ ခု ရှိတဲ့ထဲမှာ ဌာန ၁၃ ခုနဲ့ ပတ်သက်နေတဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ အဲတော့ စစ်ဆေးရေးဌာနကနေပြီးတော့ ကျန်တဲ့ ၁၃ ဌာနကိုလည်း ကြီးကြပ်သွားမှာဖြစ်ပါတယ်။ မြို့တော်ဝန်ကြီး တာဝန်ပေးအပ်တဲ့ဟာကိုလည်း ကျွန်တော်က ကြီးကြပ်ဆောင်ရွက်ရမယ်။



ဓာတ်ပုံ – မြတ် (ကလေး)

**Voice : ပထမအကြိမ်မှာလည်း ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ အခု ဒုတိယအကြိမ်မှာလည်း ပြန်အရွေးချယ်ခံခဲ့ရပြီး ဒုတိယမြို့တော်ဝန်အဖြစ် လုပ်ဆောင်ခွင့်ရခဲ့ပြီဆိုတော့ ဆရာ့ရဲ့ဇာတိဖြစ်တဲ့ အမရပူရမြို့နယ်ရဲ့ဖွံ့ဖြိုးမှုအပိုင်းပေါ့၊ ဥပမာ-သူ့ကို စည်ပင်ကနေ ရေပေးဝေမှု မလုပ်နိုင်သေးဘူး။ ဆရာ့အနေနဲ့ ဘယ်လိုတွေများ လုပ်ဆောင်ပေးသွားမလဲ။**

**UYM :** အမရပူရမြို့သူမြို့သားတွေက ကျွန်တော့်ကို ရွေးချယ်ပေးလိုက်တယ်။ အမရပူရမြို့အတွက် တာဝန်ရှိသလို မန္တလေးမြို့တော်ကြီးတစ်ခုလုံးအတွက်လည်း တာဝန်ရှိပါတယ်။ ပထမအကြိမ်မှာ ကော်မတီဝင်လုပ်တုန်းက ကျွန်တော့်အနေနဲ့ မြို့နယ်အတွက် မြို့နယ်ရဲ့ကိစ္စမှန်သမျှကို လုပ်ဆောင်ရတယ်။ နောက်တစ်ခါ ပထမအကြိမ်မှာ လမ်းတံတားဌာနကိုင်ရပြီး (စည်ပင်နယ်နိမိတ်အတွင်းက) ခြောက်မြို့နယ်စလုံးရဲ့ လမ်းတံတားတွေ တာဝန်ယူရတယ်။ ကော်မတီဝင်တွေသည် မိမိမြို့နယ်က ရွေးချယ်ပေးလိုက်တာမှန်ပေမယ့် မိမိမြို့နယ်အတွက်သာမကဘူး။ မန္တလေးမြို့တော်ကြီး တစ်ခုလုံးအတွက်ပါ သက်ဆိုင်ပါတယ်။ မန္တလေးမြို့ကြီး တိုးတက်သာယာဖို့အတွက် ကျွန်တော်တို့က ဝိုင်းဝန်းဆွေးနွေးအဖြေရှာပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

**Voice : ဆရာတို့ ကျမ်းကျိန်တဲ့နေ့တုန်းက အတွင်းရေးမှူးပြောခဲ့တာရှိတယ်။ မန္တလေးမြို့တော်စည်ပင်နဲ့ မန္တလေးမြို့တော်အတွက် အပြောင်းအလဲဖြစ်အောင် လုပ်မယ်လို့ပြောခဲ့တယ်။ အပြောင်းအလဲဖြစ်အောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာ ဒုတိယမြို့တော်ဝန်တစ်ယောက်အနေနဲ့ ဘာပြောမလဲ။**

**UYM :** မန္တလေးမြို့တော်ကို ပြောင်းလဲအောင်ဆိုတာက စည်ပင်သာယာကော်မတီတစ်ခုတည်းသာ လုပ်ဆောင်လို့မရပါဘူး။ မန္တလေးမြို့တော်နေ မြို့တော်သူမြို့တော်သားများရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ မြို့တော်သူ မြို့တော်သားတွေကလည်း ပူးပေါင်းဆောင်ရွက်မယ်။ ကျွန်တော်တို့စည်ပင်ကလည်း မြို့တော်သူမြို့တော်သားများ ယုံကြည်အားကိုးလောက်တဲ့ကော်မတီဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်မယ်ဆိုရင် မန္တလေးမြို့တော်က အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

**Voice : တခြား ထပ်ဖြည့်ပြီး ဘာပြောချင်တာ ရှိသေးလဲ။**

**UYM :** ကော်မတီဝင်တွေ ၆ ရက်နေ့က ကျမ်းကျိန်တယ်။ လုပ်ငန်းဆောင်တာတွေ အခုဆိုရင် စပြီးတော့ လုပ်ဆောင်နေပြီ။ စည်ပင်သာယာရဲ့လုပ်ငန်းတွေကို ထိတွေ့ဖူးတာက ချမ်းမြသာစည်ကော်မတီဝင်နဲ့ ကျွန်တော်နဲ့က ထိတွေ့ဖူးပါတယ်။ ကျန်တဲ့ ကော်မတီဝင်တွေအနေနဲ့ အချိန်တစ်ခုတော့လိုပါတယ်။ ဘာပဲပြောပြော အလျင်အမြန် ထိတွေ့ပြီးတော့ မြို့ရဲ့အကျိုးဖြစ်စေမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ■

# မန္တလေးတိုင်းအတွင်း ဖော်ထုတ်ထားသည့် ခရီးစဉ်အသစ်များ အသုံးချနိုင်ခြင်း မရှိသေး

**မန္တလေး၊ ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းအတွင်း နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်နိုင်မည့် ခရီးစဉ်အသစ်များ ဖော်ထုတ်ထားသော်လည်း လက်တွေ့အသုံးချနိုင်ခြင်း မရှိသေးကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

“ကျွန်တော်တို့က ဖော်ထုတ်ပေးပေမယ့် တိုးကုမ္ပဏီတွေက ပို့ပေးဦးမှ။ တိုးကုမ္ပဏီတွေက ပို့ပေးမယ်ဆိုဦးတော့ ခရီးသွားက လာဦးမှ။ နောက်တစ်ခုက ဒီခရီးစဉ်တွေအတွက် ပို့ဆောင်ဆက်သွယ်ရေးတွေ၊ ခရီးစဉ်ဒေသနဲ့သက်ဆိုင်တဲ့ အခြေခံအဆောက်အဦတွေလည်း ရှိရပါမယ်။ ဒါတွေမှာလည်း အားနည်းချက်တွေရှိနေသေးတယ်။ ခရီးစဉ်ဒေသတွေ ဖော်ထုတ်ထားပြီး ကိုယ့်နိုင်ငံကိုဝင်တဲ့ ခရီးသွားတွေက နည်းနေသေးရင်လည်း အဆင်ပြေမှာမဟုတ်ဘူး” ဟု ယင်းဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားသား ခရီးသွားများလာရောက်ရန် ဖော်ထုတ်ပြီး ခရီးစဉ်ဒေသများရှိကြောင်း၊ ယင်းခရီးစဉ်ဒေသများနှင့်ဆက်စပ်၍ ခရီးစဉ်ဒေသအသစ်များကိုလည်း ဖော်ထုတ်လျက်ရှိကြောင်း၊ ယင်းသို့ဖော်ထုတ်ရာတွင် သဘာဝနှင့်သက်ဆိုင်သည့် ခရီးစဉ်များ၊ ယဉ်ကျေးမှုအခြေခံသည့် ခရီးစဉ်ဒေသများ ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

လက်ရှိအချိန်၌ ခရီးစဉ်ဒေသအချို့ကို လုံခြုံရေးအရ ပိတ်ထားခြင်း၊ အာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ ခရီးစဉ်များသည် စျေးနှုန်းကြီးမြင့်ခြင်းများ ရှိနေကြောင်း၊ အစိုးရအနေနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းထက် ရှိထားပြီးသားခရီးစဉ်များကို အဆင့်မြှင့်တင်မှုများ ပြုလုပ်သင့်ကြောင်း၊ ခရီးသွားများ ပိုမိုဝင်ရောက်လာစေရန် မျှတသည့်စျေးနှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်းမျိုး ပြုလုပ်သင့်ကြောင်း ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများက မှတ်ချက်ပြုသည်။

“ကျွန်တော်တို့နိုင်ငံကို ဘာသိလည်းဆိုတော့ အာရှမှာစျေးကြီးတယ်လို့ပဲ သိထားတယ်။ ခရီးစဉ်အသစ်ထက် ခရီးစဉ်အဟောင်းတွေကိုပဲ သေချာလုပ်သင့်တယ်။ ခရီးစဉ်အသစ်တွေဖော်ပြီးတော့ ဘာမှမလုပ်နိုင်တဲ့အတူတူတော့ ခရီးစဉ်အဟောင်းတွေကိုပဲ လူပိုလာအောင် လုပ်သင့်တယ်။ အခုတော့ခရီးစဉ်အသစ်တွေ ဖော်ထုတ်တဲ့အတွက် ကုန်ကျစရိတ်ပိုများတယ်။ အခြေခံအဆောက်အဦတွေ လိုတယ်ပေါ့။ ဟိုတယ်တွေ ဆောက်ပေးရမယ်၊ သွားလို့လာလို့အဆင်ပြေအောင် လုပ်ပေးရမယ်” ဟု Myanmar Tourism Services ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလင်းထိန်က ထောက်ပြသည်။

မန္တလေးတိုင်းဒေသကြီးသို့ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံပေါင်းစုံမှ ခရီးသွားသုံးသိန်းကျော်၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခြားသားခရီးသွား သုံးသိန်းသုံးသောင်းကျော် ဝင်ရောက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာနစာရင်းများအရ သိရသည်။

လက်ရှိတွင် ကမ်းပါးနီ၊ ပြဒါးလင်းဂူ၊ ဒီးဒုတ်ရေပြာအိုင်၊ စိန်ခနောက်တောင်၊ စွန်ရဲအင်း စသည့်သဘာဝခရီးသွားနေရာများ ဖော်ထုတ်ထားရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်ဆက်စပ်နေသည့် ခရီးစဉ်ဒေသများအဖြစ် မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရနှင့် မင်းကွန်းဒေသများတွင် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နေကြောင်း ယင်းဌာနထံမှ ထပ်မံသိရသည်။ ■ M 05



The Voice

# ပြည်ပသို့ ဆန်တန်ချိန် တစ်သိန်းရှစ်သောင်း တင်ပို့မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း ဆန်တန်ချိန် တစ်သိန်းရှစ်သောင်းကို ပင်လယ်ရေကြောင်းမှ တစ်ဆင့် နိုင်ငံတကာသို့ တင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ထိုင်းနိုင်ငံတွင်ကျင်းပသည့် စီးပွားရေးဆိုင်ရာညီလာခံတစ်ခုတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ တက်ရောက်စဉ် ပြည်တွင်းမှဆန်တန်ချိန် တစ်သိန်းရှစ်သောင်းကို ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ပြည်ပနိုင်ငံများနှင့် သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

"လက်ရှိမှာတော့ ဆန်က အာဖရိကနိုင်ငံတွေကို ပို့နေပါတယ်" ဟု ၎င်းက ပြောဆိုသည်။

ယင်းဆန်တန်ချိန် တစ်သိန်းရှစ်သောင်း တင်ပို့မည့်နိုင်ငံများမှာ အာဖရိကနိုင်ငံများ၊ အီးယူနိုင်ငံများ၊ ဂျပန်၊ ဂျာမနီနှင့် စင်ကာပူနိုင်ငံတို့ဖြစ်ပြီး လက်ရှိတွင် စင်ကာပူနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တန်ချိန်နှစ်သောင်းခန့် တင်ပို့ထားကြောင်း၊ တရုတ်နိုင်ငံ၏ မူဝါဒများအရ နယ်စပ်မှ ဆန်တင်ပို့မှုမှာ လျော့နည်းလျက်ရှိသောကြောင့် ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တင်ပို့မှုမှာ တန်ချိန်တစ်သိန်းနှစ်သောင်းကျော်ရှိပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ဆန်တန်ချိန် ငါးသိန်းကျော် တင်ပို့ထားကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း ပြည်တွင်း၌ လက်ကျန်ဆန်များသည့်အတွက် အာဖရိကနိုင်ငံများသို့ ဒီဇင်ဘာလမှစကာ ၂၀၁၇ ခုနှစ် မတ်လအထိ ဧည့်မထဆန် ၂၅ မှတ်အမျိုးအစား တန်ချိန်သုံးသိန်းကို ပင်လယ်ရေကြောင်းမှ တင်ပို့မည်ဖြစ်ပြီး လက်ရှိအချိန်အထိ တန်ချိန်တစ်သိန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

■ J-11

# အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု လုပ်သား ၉၀၀ ကျော်ကို မွေးထုတ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အမျိုးသားအဆင့်အလုပ်အကိုင်ကျွမ်းကျင်မှုများကို အကဲဖြတ်စစ်ဆေး၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးလျက်ရှိရာ အလုပ်သမားကိုးရာကျော်ကို မွေးထုတ်ထားပြီဖြစ်ကြောင်း အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ သိရသည်။

အာဆီယံနိုင်ငံများအကြား လုပ်ခလစာနှုန်းများကို အဆင့်အတန်းမီ ရရှိနိုင်ရန် ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)က ၂၀၁၄ ခုနှစ်မှစတင်ပြီး အလုပ်အကိုင်အမျိုးအစား ၁၉ မျိုးအတွက် လက်ရှိတွင် ကျွမ်းကျင်မှု လုပ်သားအမျိုးသားအဆင့် Level-1 ၈၇၂ ဦးနှင့် Level -2 ၁၀၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံကို ဝင်ရောက်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့လိုအပ်တဲ့ စံသတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့ ကျွမ်းကျင်လုပ်သားများရရှိရေးဟာ အခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် အနာဂတ် မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးမှာ လုပ်သားဆိုင်ရာ ကျွမ်းကျင်မှုဟာ အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်နေပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကဆိုသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရန် အစိုးရသာမက အလုပ်ရှင်၊ အလုပ်သမားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်းနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) တွင် လုပ်သားရွှေ့ပြောင်းမှုများ ပါဝင်သောကြောင့် မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ကျွမ်းကျင်လုပ်သားများလိုအပ်နေသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"NSSA လက်မှတ် ထုတ်ပေးနိုင်မှုဟာ အကန့်အသတ် ဖြစ်နေသေးတဲ့အတွက် လက်ရှိမှာ လိုအပ်နေသေးတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ အဓိကတော့ ဒီအသိအမှတ်ပြုလက်မှတ်ကို တန်ဖိုးထားဖို့လိုတယ်" ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အမျိုးသားအဆင့်အလုပ်အကိုင်ကျွမ်းကျင်မှုများကို စံသတ်မှတ်ပြဋ္ဌာန်းရာတွင် ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် မူဘောင်တွင် အဆင့်သတ်မှတ်ချက်လေးခုရှိပြီး လက်ရှိတွင် မြန်မာနိုင်ငံအနေနှင့် အဆင့်နှစ်ခုကိုသာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်သေးကြောင်း အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ သိရသည်။

အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရရှိထားသော်လည်း ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့် လုပ်ခလစာ တိုးမြှင့်ပေးနိုင်မှုနည်းပါးနေသေးကြောင်း၊ အသိအမှတ်ပြု လက်မှတ်ရ လုပ်သားများအနေနှင့် လက်ရှိတွင် ပြည်ပ၌ သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားနေကြောင်း သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများထံမှ စုံစမ်းသိရှိရသည်။

■ J-14






# ဝယ်လိုအားနည်း၍ ဒေါ်လာဈေးကျ

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှု ၂၀၁၇ ခုနှစ်အတွင်း မရှိသေးခြင်းအပါအဝင် အခြားသော ဒေါ်လာလိုအပ်သူများ၏ ဝယ်လိုအားနည်းနေ၍ အမေရိကန်ဒေါ်လာဈေးနှုန်း ပြန်လည်ကျဆင်းကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းကထက် တစ်ဒေါ်လာလျှင် ၁၃ ကျပ်အထိကျဆင်းပြီး ရောင်းလိုသူများပြားလျက်ရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

ဒေါ်လာဈေးမှာ ဆက်လက်ကျဆင်းနိုင်ပြီး တစ်ဒေါ်လာလျှင် ၁၃၀၀ ကျပ်ခန့်အထိ ကျဆင်းလာဖွယ်ရှိကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

အမေရိကန်ဒေါ်လာဈေးသည် ပြီးခဲ့သည့်ရက်ပိုင်းက တစ်ဒေါ်လာလျှင် ၁၃၆၃ ကျပ်ခန့်မှ ယခုအခါ ၁၃၅၀ ကျပ်သို့ ကျဆင်းလာပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၃၅၅ ကျပ်ဖြစ်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# မွေးမြူရေးလုပ်ငန်းဆိုင်ရာအဘိဓာန် Application ဖြန့်ဝေမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

မွေးမြူရေးလုပ်ငန်းဆိုင်ရာ အင်္ဂလိပ်ဘာသာပြန်စကားလုံး ၁၂၀၀ ကျော်ပါဝင်သည့် အင်္ဂလိပ်-မြန်မာ အဘိဓာန် Application ကို ယခုလကုန်တွင် အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း ယင်းအဘိဓာန်ကို ဦးဆောင်ပြုစုသည့် ပြည်ပအဖွဲ့အစည်း Winrock International ထံမှ သိရသည်။

"မြန်မာနိုင်ငံမှာက မွေးမြူရေးနဲ့ ပတ်သက်တဲ့စာစောင် အရမ်းရှားပါးတယ်။ ဒါကြောင့် ဒီအစီအစဉ်ကို လုပ်ဖြစ်တာပါ။ ပြီးရင်လည်း ကျွန်တော်တို့အဖွဲ့အစည်းတွေရဲ့ ဖေ့စ်ဘုတ်ပေ့ချ်တွေမှာ အခမဲ့တင်ထားပေးမှာပါ။ ဒေါင်းလုဒ်လုပ်ရုံပါပဲ" ဟု Winrock International အဖွဲ့မှ စီမံကိန်းမန်နေဂျာ ဒေါက်တာသက်ခိုင်က ပြောကြားသည်။

ပြည်တွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အလွယ်တကူလေ့လာအသုံးပြုနိုင်ရန်အတွက် အင်္ဂလိပ်-မြန်မာ မွေးမြူရေးလုပ်ငန်းဆိုင်ရာ အဘိဓာန်ကို အမေရိကအခြေစိုက် USAID၊ Winrock International အဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငွေပင်လယ် မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဇန်နဝါရီလကုန်ပိုင်းတွင် ၎င်းတို့၏ ဖေ့စ်ဘုတ်ပေ့ချ်များမှတစ်ဆင့် အခမဲ့ဖြန့်ဝေမည်ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းများထံမှ သိရသည်။ ■ J-11

# ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံ၍ ငါးလင်ပန်း စမ်းသပ်မွေးမြူမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံမှ Daiichi ကုမ္ပဏီတို့ ပူးပေါင်းကာ အမေရိကန်ဒေါ်လာတစ်သန်း ရင်းနှီးမြှုပ်နှံ၍ ငါးလင်ပန်းငါး စမ်းသပ်မွေးမြူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

"အခုစမ်းသပ်မွေးမြူဖို့ သုတေသနလုပ်နေတယ်။ ထွက်လာမယ့် သုတေသနရလဒ်အပေါ်အခြေခံပြီး မွေးမြူဖို့စလုပ်မယ်။ အရင်ကမန္တလေးမှာ မွေးခဲ့တယ်။ မအောင်မြင်ဘူး။ အခုကဂျပန်နဲ့ပူးပေါင်းပြီး နိုင်ငံတကာကိုပို့လို့ရအောင် Research လုပ်တဲ့အနေနဲ့ စမ်းသပ်မွေးတာပါ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောကြားသည်။

လက်ရှိတွင် စမ်းသပ်မွေးမြူရန်အတွက် သုတေသနပြုလုပ်နေပြီး စမ်းသပ်မွေးမြူသည့် ငါးလင်ပန်းငါး၏ DNA ကို ဂျပန်နိုင်ငံရှိ ဓာတ်ခွဲခန်းသို့ပို့၍ ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက မြန်မာပြည်တွင်းမွေးမြူသည့် ငါးလင်ပန်းငါးကို ဂျပန်နိုင်ငံက ရသလောက်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းငါးလင်ပန်းငါးကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ပင် စမ်းသပ်မွေးမြူမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ဂျပန်နိုင်ငံတွင် သဘာဝငါးသားပေါက် ရှားပါးလာသည့်အတွက် မြန်မာနိုင်ငံနှင့်ပူးပေါင်းကာ လာရောက်လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဂျပန်-မြန်မာ ပူးပေါင်းကာ စမ်းသပ်မွေးမြူမှု အောင်မြင်ပါက တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြန်လည်ထုတ်လုပ်၍ စီးပွားဖြစ်မွေးမြူကာ နိုင်ငံတကာသို့ ပြန်လည်တင်ပို့သွားမည်ဖြစ်ကြောင်း၊ ပြည်ပတင်ပို့ဈေး ငါးလင်ပန်းငါး တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁၃ ဒေါ်လာခန့်ရရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။ ■ J-11

## NEWS IN BRIEF

### နိုင်ငံတကာစက်မှုနည်းပညာပြပွဲ ကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ၏နည်းပညာကဏ္ဍ တိုးတက်စေရန် စက်မှုဝန်ကြီးဌာနက ဦးဆောင်၍ MPS Co., Ltd. က စီစဉ်ကျင်းပမည့် နိုင်ငံတကာ စက်မှုနည်းပညာပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါပြပွဲတွင် စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် စက်မှုလုပ်ငန်းသုံးဆိုင်ရာ ထုတ်ကုန်များ၊ နိုင်ငံတကာမှ လယ်ယာသုံးစက်ကိရိယာများကို ပြသရောင်းချမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။ ■ J-11

### အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းဖွင့်မည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ကုမ္ပဏီတစ်ခုစတင်တည်ထောင်ခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ သင်တန်းခန်းမတွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

သင်တန်းကာလမှာ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ သုံးရက်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိဖြစ်ကာ သင်တန်းကာလမှာ သုံးလခွဲကြာမြင့်မည်ဖြစ်ကြောင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များနှင့် စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသနဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချပေးမည်ဖြစ်ပြီး လေ့လာရေးခရီးစဉ်များလည်း ပါဝင်မည်ဖြစ်ကာ တက်ရောက်လိုသူများအနေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။ ■ J-11

### ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၄

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ရန်ကုန်မြို့ရှိ စိမ်းလန်းစိုပြည်ဂါးဒင်း၌ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း စိမ်းလန်းစိုပြည်ဂါးဒင်းထံမှ သိရသည်။

လူငယ်ကျောင်းသားများ၊ ဘာသာရေးအသင်းအဖွဲ့များကို ဦးစားပေးလက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့ ၂၀ သတ်မှတ်ထားကြောင်း၊ ဆုရရှိသည့်အဖွဲ့များကို ပထမဆု ကျပ် ၁၀ သိန်း၊ ဒုတိယဆု ကျပ် ခြောက်သိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်မည်ဖြစ်သည်။ ပါဝင်လိုသူများသည် ဇန်နဝါရီလ ၂၀ ရက်နေ့ နောက်ဆုံးထားကာ လျှောက်လွှာများကို တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉ ၅၁၄ ၈၆၃၅၊ ၀၉ ၅၀၀၀ ၁၁၃ သို့ဆက်သွယ်မေးမြန်းနိုင်သည်။ ■ J-12


ဓာတ်ပုံ – နေလင်း

၂၀၁၆ ခုနှစ်ပိုင်းက မန္တလေးမြို့ မင်္ဂလာဈေးမီးလောင်မှုဖြစ်ပွားခဲ့စဉ်

# ၂၀၁၆ ခုနှစ်အတွင်း မီးဘေးကြောင့် ကျပ်သန်းလေးသောင်းကျော် ဆုံးရှုံး

ရန်ကုန်၊ ဇန်နဝါရီ ၁၄

နှစ်စဉ်နိုင်ငံအနှံ့ မီးလောင်မှုများအနက် ၂၀၁၆ ခုနှစ်အတွင်း လောင်ကျွမ်းခဲ့သောမီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းလေးသောင်းကျော်ရှိခဲ့ပြီး ပြီးခဲ့သော လေးနှစ်ကထက် ဆုံးရှုံးမှုပမာဏ မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန (ဗဟို)စာရင်းများအရ သိရသည်။

"မီးလောင်မှုတွေ တိုးလာတာက လူနေမှုအဆင့်အတန်းတွေ တိုးမြင့်လာတာနဲ့အမျှ အကြိမ်ရေတွေ များလာတာပဲ။ မီးလောင်မှု စဖြစ်တဲ့အခြေအနေမှာ မီးငြိမ်းသတ်နိုင်ခဲ့ရင် ဆုံးရှုံးမှုတန်ဖိုး နည်းလာမှာပါ" ဟု မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရကဆိုသည်။

၂၀၁၆ ခုနှစ်အတွင်း နိုင်ငံအနှံ့ မီးလောင်မှုပေါင်း ၁၈၄၇ ကြိမ်အထိ ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၂၀ ကြိမ်နှင့် ယင်းတို့အထဲတွင် မင်္ဂလာဈေးမီးလောင်မှုကြောင့် ဆုံးရှုံးမှုပမာဏ ကျပ်သန်းပေါင်းသုံးသောင်းကျော်ရှိခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"အခုနောက်ပိုင်းနှစ်တွေမှာ အာမခံစနစ်ကို ပြည်သူတွေအကြား စိတ်ဝင်စားမှုနဲ့ အသုံးပြုမှု များလာတယ်။ အခုဆိုရင် မီးလောင်မှုတွေ များလာတော့ အာမခံလုပ်ငန်းရဲ့ရှစ်ဆယ်ရာခိုင်နှုန်းလောက်က မီးအာမခံ ထားတာများတယ်" ဟု IKBZ အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးအောင်စိုးဦးက ဆိုသည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံအနှံ့မီးလောင်မှု ၁၇၀၈ ခုနှင့် ပျက်စီးဆုံးရှုံးမှု ပမာဏ ကျပ်သန်းပေါင်း ၂၃၀၀ ကျော်၊ ၂၀၁၄ ခုနှစ်တွင် မီးလောင်မှု ၁၆၂၉ ခုနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၄၂၀၀ ကျော်၊ ၂၀၁၃ ခုနှစ်တွင် မီးလောင်မှု ၁၆၇၃ ခုနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၄၂၀၀ ကျော် အသီးသီးရှိခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနက တာဝန်ရှိသူထံမှ သိရသည်။

ထိုသို့နိုင်ငံအနှံ့တွင် မီးလောင်မှုများကြောင့် ဆုံးရှုံးမှုများ မြင့်တက်လာခြင်းကို ထိန်းချုပ်ရန် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနက နိုင်ငံတကာချေးငွေဖြင့် ယခုနှစ်အတွင်း အဆင့်မြင့် မီးသတ်ယာဉ် ၆၅ စီးကို ဝယ်ယူရန် စီစဉ်ထားပြီး အဆိုပါမီးသတ်ယာဉ်များတွင် ကမ္ဘာ့အဆင့်မီ Fire Fighting Robot (LUF)အမျိုးအစား စက်ရုပ်မီးသတ်ယာဉ်တစ်စီး ပါဝင်ကြောင်း ထုတ်ပြန်ထားသည်။ ■J-14

# ဗြိတိန်သံရုံးထောက်ပံ့မှုဖြင့် ဓမ္မတက္ကသိုလ်မှ ဘာသာပေါင်းစုံ ညီညွတ်ရေးသင်တန်းသားများ တွေ့ဆုံ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံး၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ် (MIT) မှ ဘာသာပေါင်းစုံ ညီညွတ်ရေး သင်တန်းသား ၄၀ ခန့် တွေ့ဆုံကာ မြန်မာနိုင်ငံတွင်းရှိ မတူညီသော ဘာသာဝင်များအကြား ဖြစ်ပေါ်နေသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း အဆိုပါတွေ့ဆုံပွဲထံမှ သိရသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်သည့် ဘာသာပေါင်းစုံညီညွတ်ရေး သင်တန်းသားဟောင်းများ တွေ့ဆုံပွဲကို ပဲခူးမြို့နယ်အတွင်းရှိ ပန်းပျိုးလက် ရက္ခဗေဒနှင့် ငြိမ်းချမ်းရေးဥယျာဉ်တွင် ဇန်နဝါရီလ ၁၃ ရက်နှင့် ၁၄ ရက်နေ့တို့က ကျင်းပခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ သင်တန်းသားဟောင်းတွေအနေနဲ့ နိုင်ငံတစ်ဝန်းက ဘာသာပေါင်းစုံဆိုင်ရာ ပြဿနာတွေကို ကောင်းစွာ နားလည်သဘောပေါက်နေပြီ ဖြစ်ပါတယ်။ သူတို့ရဲ့ ဒေသအသီးသီးမှာ ဒီကိစ္စရပ်နဲ့ပတ်သက်ပြီး သူတို့ လုပ်ဆောင်ပေးနေကြတာတွေ၊ နောက်ထပ် ဘာတွေလုပ်နိုင်မလဲဆိုတဲ့အချက်တွေနဲ့ စပ်လျဉ်းပြီး အခုလို ပြန်လည်တွေ့ဆုံပြီး ဆွေးနွေးနိုင်တဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်" ဟု မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်၏ ဂျဒ်ဆင်သုတေသနစင်တာမှ ဒါရိုက်တာ ဒေါက်တာစောလှိုင်ဘွားက ပြောကြားသည်။

ယင်းတွေ့ဆုံပွဲတွင် ဘာသာပေါင်းစုံ ညီညွတ်ရေးအတွက် ကြိုးပမ်းနေမှုများ၊ အခက်အခဲများကို ဆွေးနွေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး၊ ဗြိတိန်သံရုံးမှ ဒုတိယသံအမတ်၊ ဒုတိယအတွင်းဝန်၊ မြန်မာအိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့ (MIDO) တို့လည်း တက်ရောက်ဆွေးနွေးခဲ့ကြောင်း ဗြိတိန်သံရုံးထံမှ သိရသည်။

ဘာသာပေါင်းစုံညီညွတ်ရေး သင်တန်းများနှင့် သင်တန်းသားတွေ့ဆုံပွဲကို မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်၏ ဂျဒ်ဆင်သုတေသနစင်တာက အဓိက စီစဉ်ခြင်း ဖြစ်ကြောင်း MIT ထံမှ ထပ်မံသိရှိရသည်။ ■ LC

# အွန်လိုင်းဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ အလုပ်ခေါ်မည်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အွန်လိုင်းမှတစ်ဆင့် အလုပ်လျှောက်ထားသူများကို အွန်လိုင်းဒစ်ဂျစ်တယ် နည်းပညာဖြင့် လုပ်ငန်းရှင်များက ရန်ကုန်မြို့ရှိ IBCခန်းမတွင် Paperless Job Fair ပြုလုပ်၍ အလုပ်ခေါ်ယူမည်ဖြစ်ကြောင်း အွန်လိုင်းအလုပ်ရှာဖွေရေးအင်တာနက်စာမျက်နှာတစ်ခုဖြစ်သည့် work.com .mm ထံမှ သိရသည်။

အွန်လိုင်းဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ အလုပ်ခေါ်ယူခြင်းကို ဇန်နဝါရီလ ၂၂ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးရှိ ကုမ္ပဏီလုပ်ငန်းပေါင်း သုံးဆယ်ကျော်စုစည်းကာ အလုပ်ခေါ်ယူရန် စီစဉ်ထားကြောင်း၊ အလုပ်လျှောက်လွှာများကို အွန်းလိုင်းဒစ်ဂျစ်တယ်စနစ်ဖြင့်လက်ခံရန် စီစဉ်ထားကြောင်း အဆိုပါစာမျက်နှာထံမှ သိရသည်။

"ပြောင်းလဲလာတဲ့ ဒစ်ဂျစ်တယ်အရွေ့တွေမှာ အလုပ်ရှာဖွေနေတဲ့ လူတိုင်းအတွက် ဝက်ဘ်ဆိုက်ပေါ်မှာ လျှောက်လွှာတင်တဲ့အခါ ပိုပြီးလွယ်လွယ်ကူကူ ဖြစ်လာနိုင်ပြီး ဘယ်လိုတွေ ကိုယ်တိုင်အသုံးပြုလို့ရတယ်ဆိုတာ သိစေချင်တဲ့အတွက်ပါ" ဟု work.com.mm ၏ Head of Marcom & PR ဖြစ်သူ Mr. Melvin Min က ဆိုသည်။

လက်ရှိတွင် အွန်လိုင်းမှတစ်ဆင့် အလုပ်လျှောက်လွှာတင်သူ နှစ်သိန်းခန့်ရှိနေပြီး အွန်လိုင်းမှတစ်ဆင့် အလုပ်လျှောက်လွှာတင်ခြင်းများကို ရန်ကုန်မြို့အတွင်း ရွှေ့လျားအစီအစဉ်များဖြင့် လုပ်ဆောင်ခဲ့ကြောင်း work. com ထံမှသိရသည်။

"အွန်လိုင်းသုံးပြီး အလုပ်လျှောက်တာတော့ ရှိပါတယ်။ ဒါပေမဲ့ သူတို့ဘက်က ခုထိ အင်တာဗျူးခေါ်တာ မရှိသေးဘူး။ အပြင်မှာ အလုပ်သွားလျှောက်တာတွေကတော့ အကြောင်းပြန်တာတွေရှိတယ်။ ခုထိတော့ အလုပ်မခန့်သေးဘူး" ဟု တောင်ဒဂုံမြို့နယ်တွင် နေထိုင်သည့် မနှင်းယုက ဆိုသည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက် မီဒီယာများမှတစ်ဆင့် အလုပ်ရှာဖွေလျှောက်ထားကြသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း၊ အွန်လိုင်းများမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေရာတွင် ဖေ့စ်ဘွတ် (Facebook)သာမက မိုဘိုင်းလ်အယ်ပလီကေးရှင်းများလည်းပါဝင်ပြီး အလုပ်ရှာဖွေလျှောက်ထားသူ ၅၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း အွန်လိုင်းအလုပ်ရှာဖွေရေးဝက်ဘ်ဆိုက်များ၏ စစ်တမ်းများအရသိရသည်။ ■ J-14




ဇန်နဝါရီလ ၁၆ ရက်နေ့တွင်စတင်ပြေးဆွဲမည့် မော်တော်ယာဉ်များကို ဇန်နဝါရီလ ၁၄ ရက်နေ့က ရန်ကုန်မြို့ ရွှေပေါက်ကံမြို့နယ်တွင် ပြင်ဆင်မှုများပြုလုပ်နေသည်ကို တွေ့မြင်ရစဉ်။

# ရန်ကုန်မြို့၏သယ်ယူပို့ဆောင်ရေးစနစ်ကို ဝန်ဆောင်မှုငါးခုဖြင့် ဆောင်ရွက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့တော်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍကို စနစ်သစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ခရီးသွားပြည်သူများ အဆင်ပြေစေရန် ဝန်ဆောင်မှုငါးခုကို ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

Yangon Bus Service၊ Yangon Taxi Service၊ Yangon Highway Bus Service ၊ Yangon Railway Service၊ Yangon Water Bus Service တို့ဖြစ်ပြီး အဆိုပါဝန်ဆောင်မှုစနစ်ကို အများပိုင်ဘတ်စ်ကားကုမ္ပဏီသယ်ယူပို့ဆောင်ရေးစနစ် အကောင်အထည်ဖော်ဆောင်နိုင်သည့်နောက်ပိုင်းတွင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"လက်ရှိ ငါးခုမှာ တစ်ခုအကောင်အထည်ဖော်နေပြီ။ ကျန်တာကို ပြည်သူတွေအတွက် ဆက်လက် ဆောင်ရွက်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြည်သူများကို ဝန်ဆောင်မည့် အစီအစဉ် ငါးခုအနက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၈ ရက်က Yangon Bus Service ကို အကောင်အထည်ဖော်ခဲ့ပြီး ဇန်နဝါရီလ ၁၆ ရက်၌ စနစ်သစ်ဖြင့် ပြေးဆွဲမည့် လမ်းကြောင်းသစ်ကို စီးနင်းမည့် ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအတွက် ပြေးဆွဲလမ်းကြောင်း ၆၀ ခု၊ လမ်းကြောင်းအခက်အခဲများ မေးမြန်းရန် Hotline နံပါတ် ၁၈၈၀ ကို ထုတ်ပြန်ခြင်း၊ ဆက်လက်၍ လမ်းကြောင်းရှာဖွေနိုင်သည့် Phone App၊ သက်ကြီးရွယ်အိုများ လမ်းကြောင်းသိရှိရန် လက်ကမ်းစာစောင်တစ်သန်း ဖြန့်ဝေခြင်း၊ မှတ်တိုင်များတွင် စေတနာ့ဝန်ထမ်းများ ထားရှိခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ စီးတီးတက္ကစီများကို အာဏာပိုင်အဖွဲ့က ကိုင်တွယ်မည်ဖြစ်ပြီး အငှားတက္ကစီယာဉ်၊ စီးတီးတက္ကစီယာဉ်အဖြစ် မှတ်ပုံတင်ထားသည့်ယာဉ်များကို စာရင်းကောက်သွားမည်ဖြစ်ကြောင်း အများပြည်သူသယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၊ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

လက်ရှိတွင် ရေကြောင်းပို့ဆောင်ရေးဖြစ်သည့် Water Taxi စနစ်ကို အကောင်အထည်ဖော်ရန် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို ခေါ်ယူခဲ့ပြီး လျှောက်ထားသည့်ကုမ္ပဏီ နှစ်ခုရှိကြောင်း ၎င်းက ပြောကြားသည်။ ■ J-06

# ရန်ကုန် နွေရာသီ ရေဂါလန် ငါးသန်း တိုးဖြန့်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့လူထုအတွက် ဂျိုးဖြူနှင့် ဖူးကြီး ရေလှောင်ကန်နှစ်ခု ပူးပေါင်းကာ ရေဂါလန်ငါးသန်းကိုယခုနှစ် မတ်လအတွင်း နေ့စဉ် အပိုဆောင်း တိုးမြှင့်ဖြန့်ဖြူးရန် စီစဉ်နေကြောင်း ဂျိုးဖြူရေလှောင်ကန်၊ အင်ဂျင်နီယာဌာနထံမှ သိရှိရသည်။

လက်ရှိတွင် ရန်ကုန်မြို့သို့ ဂျိုးဖြူ၊ ဖူးကြီး၊ လှော်ကားနှင့် ညောင်နှစ်ပင် ရေလှောင်ကန်တို့မှ နေ့စဉ် ရေဂါလံပေါင်း ၂၀၅ သန်း ပုံမှန်ဖြန့်ဖြူးလျက်ရှိပြီး ယခုနှစ် ခြောက်သွေ့ကာလ မတ်လတွင် ရေခန်းခြောက်မှုများ ကြုံတွေ့နိုင်ခြင်းကြောင့် ထိုသို့ ရေဂါလန်ငါးသန်းခန့် တိုးမြှင့်ပေးခြင်းဖြစ်ပြီး လှော်ကားရေလှောင်ကန်မှတစ်ဆင့် ဂျိုးဖြူရေပိုက်လိုင်းအတွင်းသို့ ရေတွန်းစက်ဖြင့် ထည့်သွင်းပေးကာ ဖြန့်ဖြူးမည်ဖြစ်ကြောင်း ဂျိုးဖြူရေလှောင်ကန် အင်ဂျင်နီယာ တာဝန်ခံ ဦးစိန်မြင့်ကပြော ကြားသည်။

"နွေရာသီ အယ်နီညိုအချိန်မှာ ရေခန်းခြောက်တာတွေ ရှိတယ်။ ဒါကို ပြန်ကာမိအောင် တိုးပေးဖို့ ဆောင်ရွက်တာပါ။ အခုအစီအစဉ်အတွက် မိုးတွင်းတုန်းက ရေစုဆောင်းမှု အများကြီး လုပ်ခဲ့ရတယ်။ လတ်တလောကို ပုံမှန်အတိုင်းပဲ ဖြန့်ဖြူးပေးနေပါတယ်" ဟု ၎င်းကဆိုသည်။

ယင်းအပြင် ရန်ကုန်နယ်နိမိတ်တွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်အပြင် ကျန်ရှိသည့် မြို့နယ်တို့ကို တိုးချဲ့ရေပေးဝေနိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီ အင်ဂျင်နီယာရေနှင့်သန့်ရှင်းမှုဌာနထံမှ သိရှိရသည်။

ဂျိုးဖြူရေလှောင်ကန်ကို ၁၉၃၇ ခုနှစ်က အင်္ဂလိပ်နည်းပညာဖြင့် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေစုဆောင်းဧရိယာ ၁၂ ဒသမ ၉ သန်း စတုရန်းမိုင်ကျယ်ဝန်းသည့်အတွက် ရေသိုလှောင်ထားရှိမှု ဂါလန်သန်းပေါင်း ၁၆၆၀၀ ထဲမှ ရန်ကုန်မြို့သို့ ရေဂါလန် ၂၇ သန်းဖြင့် ပုံမှန်ပေးဝေလျက်ရှိရာမှ ရေဂါလန်ငါးသန်းခန့်ကို တိုးမြှင့်ဖြန့်ဖြူးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာနထံမှ ထပ်မံသိရှိရသည်။ ■

# ဖွဲ့စည်းပုံကြောင့် အစိုးရအဖွဲ့အတွင်း လူငယ်များပါဝင်မှုအဟန့်အတားဖြစ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါအသက်ကန့်သတ်ချက်များသည် လူငယ်များ အစိုးရအဖွဲ့အတွင်း ပါဝင်မှုအတွက် အဟန့်အတားဖြစ်နေကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်က ပြောသည်။

"အခြေခံဥပဒေထဲမှာ အသက်ငါးဆယ်ကျော်မှ ရရမယ့်ကိစ္စရပ်တွေရှိတယ်၊ ဥပမာ- ရာထူးဝန်တို့၊ တရားလွှတ်တော်ချုပ်တို့၊ သမ္မတ၊ စာရင်းစစ်ချုပ် စသဖြင့်ရှိတယ်။ သတ်မှတ်ချက်တွေအရ အသက် ၃၅ အထိပဲ လူငယ်တွေဖြစ်တယ်။ အဲဒီတော့ အခြေခံဥပဒေကန့်သတ်ချက်အရ လူငယ်တွေဟာ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့ အဆင့်ကနေ ဆက်ပြီးတက်လို့မရဘူး။ ဒါတွေကလည်း ပြင်သင့်တဲ့အချက်တွေပါ" ဟု ၎င်းက ထပ်မံပြောဆိုသည်။

ရန်ကုန်မြို့ရှိ Orchid ဟိုတယ်၌ ဇန်နဝါရီလ ၁၄ရက်က ပြုလုပ်သော 'လူငယ်တွေအတွက် ဦးဆောင်မှုကဏ္ဍ ဘယ်လိုမြှင့်တင်ပေးကြမလဲ' ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် DVB Debate အစီအစဉ်တွင် ယင်းသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အစိုးရသစ်လက်ထက်၏ အခန်းကဏ္ဍအသီးသီးတွင် လူငယ်များ၏ ပါဝင်မှုသည် ယခင်ကာလများနှင့် ယှဉ်လျှင် မြင့်တက်လာသော်လည်း ပိုမိုနေရာပေးရန် လိုအပ်နေသေးသည်ဟုလည်း လူငယ်ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်က ပြောသည်။

"အရင်တုန်းကထက်စာရင် အတိုင်းအတာတစ်ခုအထိ ပါဝင်လာနိုင်တာတွေ့ရတယ်၊ လွှတ်တော်အမတ်တွေ၊ အစိုးရပိုင်းမှာဖြစ်ဖြစ် တွေ့ရတယ်၊ သို့သော် ဒီလူငယ်တွေရဲ့ နေရာတွေက အမိန့်နာခံတာ၊ ခိုင်းတာလုပ်ဖို့ ပုံစံမျိုးတွေဖြစ်နေတယ်၊ တကယ်ကို လူငယ်တွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်၊ အုပ်ချုပ်မှုစွမ်းရည်စတာတွေကို ပြည့်ပြည့်ဝဝ ယုံကြည်ပြီး ပေးထားတာမျိုး မတွေ့ရသေးဘူး" ဟု ၎င်းက ဆိုသည်။

အလားတူ အစိုးရ၏ အခန်းကဏ္ဍများတွင် လူငယ်များ ပိုမိုပါဝင်လာနိုင်ရန် အစိုးရအနေနှင့် ဥပဒေအရ မူဝါဒများရေးဆွဲကာ လူငယ်များအတွက် အထောက်အကူပြုမှုများ ပိုမိုဆောင်ရွက်ပေးသင့်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ကလေးလူငယ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

"လူငယ်တွေကို နေရာပေးရမယ်၊ သူတို့ရဲ့ Capacity (စွမ်းရည်) အလိုက် နေရာပေးရမယ်၊ နောက်တစ်ခုက ပူးပေါင်းဆောင်ရွက်မှုပေ့ါ၊ တစ်ဦးကောင်းမဟုတ်ဘဲနဲ့ Team Work ပုံစံမျိုးနဲ့ လုပ်မယ်ဆိုရင် လူငယ်တွေအတွက် ထိရောက်တဲ့ အောင်မြင်မှုကို ရရှိနိုင်မှာပါ" ဟု ၎င်းက အကြံပြုပြောဆိုသည်။

ကုလသမဂ္ဂ လူဦးရေအကြောင်းအရာ ပညာရှင်များ၏ သုံးသပ်ပြောဆိုမှုများအရ လက်ရှိမြန်မာနိုင်ငံသည် လူဦးရေဆုလာဘ်ကို ရရှိပိုင်ဆိုင်နေပြီဖြစ်သောကြောင့် လူငယ်များကိုနေရာပေးခြင်း၊ အခွင့်အရေးများ ဖော်ဆောင်ပေးခြင်းနှင့် လူငယ်များ၏ စွမ်းရည်များကို မြှင့်တင်ပေးသင့်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ လူငယ်ခေါင်းဆောင် ဒေါက်တာ စည်သူဆွေက ပြောသည်။

'လူငယ်တွေအတွက် ဦးဆောင်မှုကဏ္ဍ ဘယ်လိုမြှင့်တင်ပေးကြမလဲ' ဟူသည့် DVB Debate အစီအစဉ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာသော်၊ ရှမ်းပြည်မြောက်ပိုင်း လူငယ်ကိုယ်စားလှယ် နန်းမွေဆိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ကလေးလူငယ်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးနှင့် The Voice Weekly ဒုတိယအယ်ဒီတာချုပ် ဦးဇေယျသူတို့က အဓိကဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ■ **J-09**

## မှုခင်းသတင်းတိုများ

■ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းရှိ ဗိုလ်ချုပ်လမ်းထိပ်တွင် ဇန်နဝါရီလ ၁၃ ရက် ညနေ ၅ နာရီက ကွန်တိန်နာယာဉ်တစ်စီးမှ အရှိန်လွန်ပြီး လမ်းလယ်ကပ်တုံးများကို ဝင်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ တိုယိုတာအေ့စ်ယာဉ်ကို ဝင်တိုက်ရာမှ လမ်းဘေးရပ်ထားသည့် စက်ဘီးသုံးစီးနှင့် Isuzu ယာဉ်တစ်စီးကို ထပ်မံဝင်တိုက်မိခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပေ၊

■ ခရမ်းမြို့နယ်၊ ခရမ်း-ဒေးပေါက် ကားလမ်းတွင် ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲ ၃ နာရီက မော်တော်ဆိုင်ကယ်တစ်စီး အရှိန်ဖြင့်မောင်းရာမှ အညာသားတဲစုကွေ့အရောက် လမ်းဘေးရှိ ပဲတီစိမ်းခင်းထဲ အရှိန်လွန်ထိုးကျကာ ဓာတ်တိုင်ကို ဝင်တိုက်မိခဲ့သောကြောင့် အသက် ၂၃ နှစ်အရွယ် ဆိုင်ကယ်မောင်းသူ အမျိုးသား ပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၈ ရပ်ကွက်၊ ရှင်တစ်ရာလမ်းရှိ ငမိုးရိပ်ချောင်းစပ်တွင် ဇန်နဝါရီလ ၁၃ ရက် ည ၇ နာရီက အမည်မသိ အသက် ၃၀ အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ရုပ်အလောင်းကို မြောက်ဥက္ကလာပ မြို့နယ်ဆေးရုံသို့ ပို့ဆောင်စစ်ဆေးလျက်ရှိသည်။

■ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇင်္ဂမလမ်းတွင် ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက အသက် ၆၇ နှစ် အရွယ် အမျိုးသားတစ်ဦး မူးလဲကျရာမှ ပွန်းခြစ်ဒဏ်ရာများဖြင့် သေဆုံးခဲ့သောကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်စစ်ဆေးနေသည်။

■ တာမွေမြို့နယ်၊ တာမွေကြီးရပ်ကွက်၊ ကျိုက္ကဆံအားကစားကွင်းမြောက်မြင်းပြိုင်ကွင်းလမ်းတွင် ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲ ၂ နာရီက လမ်းသွားလမ်းလာတစ်ဦး၏ ဆေးလိပ်တိုမီး စွန့်ပစ်မှုကြောင့် ကွင်းရှိ မြက်ခြောက်များ မီးလောင်ခဲ့ပြီး မီးသတ်ယာဉ် သုံးစီးဖြင့် တစ်နာရီခန့်ကြာ မီးငြိမ်းသတ်ခဲ့ရသည်။ **S-03**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ထုတ် The Voice Saturday သတင်းစာအချပ်ပို စာမျက်နှာ ၁၃ ပါ 'စတုတ္ထမြောက် မိုဘိုင်းလ်ဖုန်းအော်ပရေတာလိုင်စင်ရ ပြည်တွင်းကုမ္ပဏီ ၁၁ ခုတွင် ဆက်သွယ်ရေးကဏ္ဍမှ မဟုတ် သော အများပိုင်ကုမ္ပဏီ ငါးခုပါဝင်' သတင်း၊ တတိယကော်လံ၊ တတိယအပိုဒ် ပါ 'ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍမှ ပါဝင်လာသော အများပိုင်ကုမ္ပဏီငါးခုရှိပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၏သားဦးရှိန်းသူအောင်ပါဝင်သော' ဆိုသည့် စာသားအစား "အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြင့်ဆွေ၏သား ဦးရှိန်းသူအောင်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အယ်ဒီတာ**

## ဆီအုန်းခြံကြောင့် တနင်္သာရီဒေသခံများနစ်နာမှု တိုင်းအစိုးအရအဖွဲ့ထံ တင်ပြမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဒေသခံများ နစ်နာခဲ့သည့်အပေါ် အစီရင်ခံစာနှင့် အကြံပြုချက်များကို ယခုလကုန်တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်သူ့လွှတ်တော်သို့တင်ပြမည်ဖြစ်ကြောင်း တောင်ပိုင်းလူငယ်အဖွဲ့ တာဝန်ခံ ဦးစောစံငွေက ပြောဆိုသည်။

"အဓိကရည်ရွယ်ချက်က လက်ရှိကုမ္ပဏီလုပ်ငန်းကိုရပ်ထားလိုက် ကုမ္ပဏီစဝင်လာတဲ့ချိန်က ပျက်စီးဆုံးရှုံးတာတွေကို အရင်ဖြေရှင်းပေးဖို့နဲ့ အစိုးရအနေနဲ့လည်း လုပ်ငန်းစစ်ဆေးမှုကိုပြန်လည်စစ်ဆေးဖို့ပါ" ဟု ၎င်းကဆိုသည်။

အဆိုပါအစီရင်ခံစာတွင် (Myanmar Stark Prestige Plantation) MSPP ကုမ္ပဏီနှင့် ပတ်သက်သည့် အချက်သုံးချက်ဖြစ်သည့် ဌာနေတိုင်းရင်းသားများကို ညှိနှိုင်းပြီး တရားမျှတသည့်လျော်ကြေးများပြန်လည်ပေးအပ်ရန်၊ ကျေးရွာ ဒေသခံများအတွက် ဆေးဝါးအကူအညီထောက်ပံ့မှုကို အလျင်အမြန်ဆောင်ရွက်ပေးရန် စသည်တို့ကို တောင်းဆိုတင်ပြမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ထို့အပြင် ဆီအုန်းစိုက်ပျိုးခြင်းစီမံကိန်းများအားလုံးကို ဆိုင်းငံ့ရပ်နားထားရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိမရှိလေ့လာသည့် စစ်တမ်း(EIA)နှင့် အစီအမံများ (EMP) တို့ရေးဆွဲရန် တွန်းအားပေးမှုပြုလုပ်ရန်အပြင် ဆီအုန်းလုပ်ပိုင်ခွင့်ဧရိယာအတွင်းရှိ မစိုက်ပျိုးရသေးသည့် မြေယာများကို ပြန်လည်သိမ်းဆည်းရန်နှင့် ရေရှည်စောင့်ကြည့်သည့်စနစ်ထူထောင်၍ အရပ်ဘက်လူမှု အဖွဲ့အစည်းများပါ ယင်းစနစ်လုပ်ငန်းစဉ်တွင်ပါဝင်စေရေး စသည့်အချက်အလက်များကိုလည်း တင်ပြမည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

"ကုမ္ပဏီကို ကျွန်တော်တို့ဒေသမှာ အလုပ်မလုပ်စေချင်တော့ဘူး။ ကုမ္ပဏီမရှိတော့ဘူးဆိုရင် ကျွန်တော်တို့ဌာနေတိုင်းရင်းသားတွေအတွက် အစိုးရကို မြေပြန်လျှော့က်ပြီးလုပ်စားပါမယ်" ဟု ဒေသခံတိုင်းရင်းသား ဦးစောသာဖိုးက ဆိုသည်။

အဆိုပါ ကုမ္ပဏီဝင်ရောက်ခဲ့သည့် အချိန်မှစ၍ ဒေသခံများ၏ နှစ်ရှည်ပင်များဖြစ်သော သီဟိုဠ်နှင့် ကွမ်းခြံများ ဖျက်ဆီးခံရခြင်း၊ ကြိုတင်အသိပေးညှိနှိုင်းခြင်းမရှိခြင်းနှင့် ထိုက်သင့်သည့်လျော်ကြေးပေးလျော်ခြင်း မရှိခြင်းအပြင် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကြောင့် ဒေသခံများ မွေးမြူထားသည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေဆုံးခဲ့ရကြောင်း ဒေသခံများ၏ အဆိုအရ သိရသည်။

လက်ရှိတနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းအတွက် ပုဂ္ဂလိကကုမ္ပဏီပေါင်း ၁၉ ခုကိုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားပြီး စိုက်ပျိုးမြေဧကငါးသိန်းကျော် ချထားပေးကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနထံမှ သိရသည်။ ■

**ဗညားကျော်**




ကမ္ဘာ့အဆင့်ရှိဆိုင်ကယ်စတန့်သမား ဆလိုဗေးနီးယားနိုင်ငံသား Rok Bagoros သည် ဩစတြီးယားနိုင်ငံထုတ် KTM ဆိုင်ကယ်ကိုအသုံးပြု၍ မန္တလေးမြို့ ၆၆ လမ်း၊ ၅၇ × ၅၈ လမ်းကြားရှိ BOB KTV ကွင်းအတွင်း ဇန်နဝါရီလ ၁၄ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲအချိန်က စတင်ကာ ညနေ ၆ နာရီခန့်အထိ စတန့်ပြခဲ့သည်ကို တွေ့ရစဉ်။

# ကျွမ်းကျင်သူတို့ သုံးသပ်တဲ့ ၂၀၁၇

၂၀၁၇ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသည်ဖြင့် ကဏ္ဍအသီးသီးတွင် မည်သည့်အပြောင်းအလဲများ မြင်တွေ့ရဖွယ်ရှိသည်ကို The Voice Daily စာဖတ်ပရိသတ်များ ကြိုတင်မှန်းဆနိုင်စေရန်အလို့ငှာ နယ်ပယ်အလိုက် ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်း ဖော်ပြအပ်ပါသည်။ တစ်ရက်လျှင် ကဏ္ဍတစ်ခုနှုန်း ဖော်ပြသွားမည်ဖြစ်ပါသည်။

အယ်ဒီတာ

## “၂၀၁၇ မှာ မဖြစ်မနေလုပ်ရမှာ ကျန်းမာရေးအာမခံပဲ”

### ဒေါက်တာအောင်ထွန်းသက်ရဲ့ မြန်မာ့ကျန်းမာရေး သုံးသပ်ချက်

ကျော်ဆန်းမင်း



ဓာတ်ပုံ – အောင်နိုင်

**မြန်မာ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံ၍ မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် ဖြစ်ပေါ်နေသောအခြေအနေ၊ လိုအပ်ချက်နှင့် ၂၀၁၇ တွင် မဖြစ်မနေ လုပ်ဆောင်သင့်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် တွေ့ဆုံမေးမြန်းဖော်ပြအပ်ပါသည်။**

**Voice ៖ လက်ရှိမြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (သို့မဟုတ်) ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍမှာ လိုအပ်ချက်တွေ အများကြီးရှိနေတာ တွေ့ရပါတယ်။ ငွေကြေးပြည့်စုံသူတွေ ပြည်ပမှာထွက်ကုတာမျိုးတွေရှိသလို ငွေကြေးချို့တဲ့သူတွေမှာလည်း လုံလောက်တဲ့ စောင့်ရှောက်မှု မရတာတွေရပါတယ်။ ဒီအပေါ် ဆရာ့သုံးသပ်ချက်လေး သိပါရစေ။**

**Dr.ATT ៖** ကျန်းမာရေးဝန်ဆောင်မှုလို့ပြောရင် တစ်ချိန်ကတော့ နိုင်ငံတော်ပိုင်ပဲရှိတယ်။ အခုကတော့ နည်းနည်းတော့ ကြာသွားပြီပေါ့လေ ပုဂ္ဂလိက ကဏ္ဍ ပေါ်လာတယ်။ တစ်ချိန်တုန်းက ပုဂ္ဂလိကဆေးခန်းတွေ လုပ်ခွင့်မပေးဘူး။ ဥပဒေအရ တားထားတယ်။ သို့သော်လည်း ဆေးခန်းတွေဖွင့်ကြတယ်။ လုပ်ခွင့်သာမပေးတယ် တကယ်တမ်းတော့ အဲ့ဒီဆေးခန်းတွေက ဆေးရုံတွေဖြစ်နေတယ်။ ၁၉၉၂ နောက်ပိုင်းမှာ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှု မရှိရာကနေ အခုပေါ်လာပြီ၊ ဒီတော့ ကျန်းမာရေးစောင့်ရှောက်မှုလို့ ပြောရင် နိုင်ငံပိုင်သာမက ပုဂ္ဂလိကပိုင်းလည်း ပြောမှရမယ်။ နောက်တစ်ခုက ပြည်ပထွက်ဆေးကုတာတွေလည်း ရှိလာကြပြီ။ တတ်နိုင်တဲ့သူက စင်ကာပူသွားတယ်။ ဘန်ကောက်သွားတယ်။ တချို့တွေကတော့ အိန္ဒိယကို သွားပြီး ကုသတာတွေရှိတယ်။ ဒီလိုပြည်ပထွက်ကုတာက ကိုယ့်နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို နှုတ်နဲ့ မပြောသော်လည်း ကိုယ့်ဆီက ကျန်းမာရေးစောင့်ရှောက်မှုက မလုံလောက်ဘူး၊ စိတ်မချဘူးဆိုတာ ဝေဖန်လိုက်သလိုပါပဲ။ ဒီကလူတွေ ပြည်ပထွက် ဆေးသွားကုနေသရွေ့ ဒီက ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ဘူးဆိုတာ ပြနေတာပဲ။ ဘန်ကောက်မှာဆို မြန်မာက ဆေးလာကုတာ ဒုတိယအများဆုံးပဲ။ ဘန်ကောက်ဆေးရုံတွေမှာဆို မြန်မာစကားပြန်တွေ ထားပေးတယ်။ မြန်မာလို လမ်းညွှန်ချက်တွေ ရေးတာတွေရှိတယ်။ ဘာလို့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းလည်းဆိုတာကြည့်ရင် ကျန်းမာရေး၊ ပညာရေးအပေါ် အာရုံစိုက်မှုအားနည်းခဲ့လို့ ဆိုတာတွေ့တယ်။ ဆရာတို့သုတေသနလုပ်ဖူးတယ်။ နိုင်ငံတစ်ခုရဲ့ ကျန်းမာရေးကဏ္ဍတိုးတက်ချင်ရင် ဘတ်ဂျက်အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းလောက် ရင်းနှီးမြှုပ်နှံမှုရမယ်လို့ တွေ့ရတယ်။ ဆရာတို့မှာ အဲ့လောက်မသုံးနိုင်ဘူး။ ကျန်းမာရေးစောင့်ရှောက်မှုလို့ပြောရင် Public Health (ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု)က အရေးကြီးတယ်။ နိုင်ငံတော်အနေနဲ့က ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုကိုအလေးထားလုပ်ဖို့လိုတယ်။ ဒီမှာက ဆရာထင်တယ်။ ကျွမ်းကျင်တဲ့ ဆရာဝန်၊ ဆရာမ ရှားပါးတဲ့ပြဿနာ ဖြစ်နေတယ်။ အထူးကုဆရာဝန်ကြီးတွေဆို အစိုးရဆေးရုံတွေမှာ ဝန်ထမ်းတွေဖြစ်သလို ပုဂ္ဂလိကဆေးရုံတွေကိုလည်း ပတ်သွားနေရတယ်။ ဒါကြောင့် တချို့ ခွဲစိတ်တဲ့သူတွေဆို ည နှစ်နာရီ၊ သုံးနာရီလောက်မှာမှ လုပ်ရတာတွေရှိတယ်။ ဆရာဝန်ကြီးတွေရှားတဲ့ပြဿနာကြောင့် ဆရာဝန်ကြီးတွေကိုယ်တိုင်လည်း ပင်ပန်းတယ်။ နောက်လူနာကိုကြည့်ရတဲ့အခါမှာလည်း အချိန်ပေး ဂရုစိုက်မှုအားနည်းတယ်။ နိုင်ငံခြားမှာတော့ အချိန်ပေးတယ်။ ဂရုစိုက်တယ်။ စောင့်ရှောက်မှု အရမ်းကျတယ်။ ဒီမှာကတော့ အသိရှိမှ အဆက်အသွယ်ရှိမှ မရှိရင် ဆေးရုံမတက်ရဲတဲ့သဘောမျိုး ဖြစ်နေတယ်။ ဒါ့အပြင် ဆရာဝန်တိုင်းကို မဆိုလိုပေမယ့် ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စိတ်နေစိတ်ထား Ethics (ကျင့်ဝတ်) ပေါ့။ လူနာကို ဂရုစိုက်ရမယ်။ ငွေကြေးထက် လူနာရဲ့ ရောဂါကုသရေးပိုင်းကို ပိုအာရုံစိုက်ရမယ်။ ဆရာနဲ့သိတဲ့ ဆရာဝန်ကြီးတွေကိုမေးကြည့်တော့ လူနာတစ်ယောက်ကို အနည်းဆုံး ၁၀မိနစ်၊ ၁၅မိနစ်လောက် စကားပြောပြီးမှ ကုသမှုပေးရမယ် ပြောတယ်။ ဒါပေမဲ့ အခုအဲ့လို အနေအထားမရှိဘူး။ အပြင်မှာ လူနာတစ်ရာလောက် ရှိနေတော့ အဲ့လိုအနေအထားမျိုးက မဖြစ်နိုင်တော့ဘူးလေ။ အခုတော့ ကျန်းမာရေးစီမံကိန်းတွေ ပြန်ဆွဲနေတာရှိတယ်။ ဆွဲတာဆွဲတာပဲ တကယ်တမ်းတော့ ကျန်းမာရေးစောင့်ရှောက်မှုက ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ မသက်ဆိုင်ဘူး။ ကျန်းမာရေးက ပညာရေးနဲ့ဆိုင်တယ်။ အစားအသောက်နဲ့ဆိုင်တယ်။ အားလုံးနဲ့ဆိုင်နေတယ်၊ အစားအသောက် အရည်အသွေးမမီတာတွေ၊ အရက်၊ ဆေးလိပ်ကို ဈေးပေါပေါနဲ့ဝယ်နိုင်တာတွေ ဒါတွေကို ထိန်းရမယ်။ အဲ့ဒါကျန်းမာရေး စောင့်ရှောက်မှုပဲ။ ကုသမှုတွင်မဟုတ်ဘဲ ကာကွယ်မှုကိုလည်း ဂရုစိုက်ရမယ်။ တရားဥပဒေစိုးမိုးမှုကလည်း ကျန်းမာရေးစောင့်ရှောက်မှုမှာ အရေးပါတာပဲ။ ဆရာဆိုလိုတာက ကျန်းမာရေးစောင့်ရှောက်မှုက ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရဘူး။ ဘက်စုံထောင့်စုံကနေ လုပ်မှရမယ်။

**Voice ៖ တိုင်းပြည်ဆင်းရဲတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှု နိမ့်ကျတယ်လို့ တချို့ကလည်း သုံးသပ်တာ တွေ့ရပါတယ်။ အဲ့ဒီအယူအဆအပေါ် ဆရာဘယ်လိုမြင်ပါသလဲ။**

**Dr.ATT ៖** အရင်ကတော့ Wealthy is Healthier ပေါ့ ချမ်းသာမှ ကျန်းမာမယ်။ နိုင်ငံတစ်နိုင်ငံက ချမ်းသာလာရင် တဖြည်းဖြည်း ပိုပြီးကျန်းမာလာမယ်ပေါ့။ ဒါပေမဲ့ ဒီဘက်ပိုင်းမှာတော့ Healthy is Wealthier ကျန်းမာမှ ချမ်းသာမယ်လို့ ပြောလာတယ်။ တချို့နိုင်ငံတွေက ဝင်ငွေအားဖြင့်ဆင်းရဲတယ်။ ဥပမာ-ကျူးဘားနိုင်ငံဆိုရင် ဝင်ငွေဆင်းရဲပေမယ့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုညွှန်ကိန်းက မြင့်တယ်။ နိုင်ငံတစ်နိုင်ငံဆင်းရဲလို့ မကျန်းမာဘူးဆိုတဲ့ အယူအဆကို ဖျောက်မှရမယ်။ ကျန်းမာရေးက ဆင်းရဲတာ ချမ်းသာတာနဲ့ မဆိုင်ဘူး။ ဒီမှာက ကလေးသေနှုန်းမြင့်တယ်။ အဆိုးဆုံးကတော့ ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေးမှာ လိုအပ်ချက်ရှိတဲ့အတွက် ကိုယ်ဝန်ဆောင်မိခင် သေဆုံးနှုန်းမြင့်နေတာပဲ၊ ကိုယ်ဝန်ဆောင်တယ်ဆိုတာ သဘာဝအရ ကလေးမွေးနိုင်တယ်။ ဒီကိစ္စက အထူးကုဆရာဝန်ကြီးတွေ မဖြစ်မနေ လိုတာမျိုးမဟုတ်ဘူး။ ဒီပြဿနာတွေက ဆရာဝန်တွေ ရှားပါးတဲ့ ကျေးလက်တွေမှာ အဖြစ်များတယ်။ အဲ့ဒီမှာ ကျွမ်းကျင်တဲ့ အရပ်လက်သည်တွေပဲ လိုတယ်။ အရပ်လက်သည်ကိုသင်တန်းပေးပြီး လိုအပ်တဲ့ ပစ္စည်းတွေ ထုတ်ပေးတာမျိုး လုပ်သင့်တယ်။ ကျေးလက်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှုအရမ်းအားနည်းတယ်။

**Voice ៖ အစိုးရအဆက်ဆက်က ကျန်းမာရေးစောင့်ရှောက်မှု အမျိုးသားအဆင့်စီမံကိန်း၊ ဘာစီမံကိန်း၊ ညာစီမံကိန်းဆိုပြီး စီမံကိန်းတွေ များစွာချခဲ့ပေမယ့် မြန်မာနိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှု တက်မလာတာ ဘာကြောင့်လဲ။**

**Dr.ATT ៖** ဒီကိစ္စမှာ ကိုယ်လည်းတရားခံပဲ။ အလိုတူ အလိုပါပဲလို့ ပြောရမယ်။ ကိုယ်လည်း အမျိုးသားကျန်းမာရေးစီမံကိန်း(Plan)တွေ ဆွဲခဲ့တာ။ ဆရာတို့ဆီမှာက စီမံကိန်းနဲ့ အစီအစဉ်နဲ့ မတူဘူး။ ဆရာတို့နိုင်ငံက တောက်လျှောက် စီမံကိန်းကိုပဲ အားပေးတယ်။ တကယ်လိုတာက Planning (အစီအစဉ်) ဒီမှာက Plan နဲ့ Planing မကွဲဘူး။ စီမံကိန်းတွေချလိုက်တာနဲ့ အလိုလိုဖြစ်သွားလိမ့်မယ်လို့ ထင်ကြတယ်။ တကယ်တော့ စီမံချက်တွေ၊ စီမံကိန်းတွေလုပ်ပြီးရင် အကောင်အထည်ဖော်ဖို့လိုတယ်။ အားအနည်းဆုံးက အကောင်အထည်ဖော်မှုပဲ။ ဒါက ကဏ္ဍတိုင်းမှာဖြစ်နေတာ။ စီမံထားတဲ့အတိုင်း စီစဉ်ထားတဲ့အတိုင်း ဖြစ်မဖြစ်ကို ပြန်လည်ဆန်းစစ်တာမရှိဘူး။ စီမံကိန်းထက်ကို အစီအစဉ်တွေလိုတာ။ နောက်စီမံကိန်းတွေက အပေါ်ကဆွဲပြီး အောက်ချပေးတာ။ တကယ်က အောက်ကဆွဲပြီး အပေါ်ကိုတက်ဖို့လိုတာ။ ကိုယ့်ကျေးရွာအတွက်၊ ကိုယ့်ခရိုင်အတွက်၊ ကိုယ့်မြို့အတွက် အစီအစဉ်တွေ ချမှတ်ဖို့လိုတာ။ အပေါ်ကနေချပေးတာက ၁၉၆၀ လောက်ကတည်းက ဆိုရှယ်လစ်နိုင်ငံတွေမှာသုံးတဲ့စနစ်ကြီး ဖြစ်တယ်။ အခုက ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေတဲ့ အစီအစဉ်တွေလိုတာ။ ဒီတော့ စီမံကိန်းတွေပဲချနေတာကနေ အစီအစဉ်တွေချပြီးလုပ်ဆောင်တဲ့ဘက်ကိုပြောင်းဖို့လိုမယ်။

**Voice ៖ ၂၀၁၇ မှာ မြန်မာနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ မဖြစ်မနေ ဦးစားပေးလုပ်ရမယ့်ကိစ္စတွေက ဘာတွေဖြစ်မယ်လို့ဆရာမြင်ပါသလဲ။**

**Dr.ATT ៖** ဟုတ်တယ်၊ လုပ်ရမှာတွေတော့ အများကြီးပဲ။ သို့သော် ဘာပဲလုပ်လုပ် ဦးစားပေး လုပ်ရမယ့်ဟာတွေ သတ်မှတ်ပြီးတော့ လုပ်သင့်တယ်။ ဒီနှစ်အတွင်းမှာ ကာကွယ်ဆေးနဲ့ပတ်သက်လို့ ဘာလုပ်မယ်၊ ဆေးရုံတွေရဲ့ အရည်အသွေးနဲ့ပတ်သက်လို့၊ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အရည်အသွေးနဲ့ပတ်သက်လို့ ဘာလုပ်မယ်ဆိုတာမျိုးတွေ တိတိကျကျသတ်မှတ်ပြီး ဖြစ်အောင်လုပ်သင့်တယ်။ ၂၀၁၇ မှာ စဉ်းစားဖို့ကောင်းတာက ပုဂ္ဂလိက ကျန်းမာရေးစနစ်ကို ဘယ်လိုကိုင်တွယ်မလဲ ဆိုတဲ့ ပြဿနာပဲ။ ပုဂ္ဂလိကကျန်းမာရေးကို စီးပွားရေးလို လုပ်နေတာ။ ပရဟိတလုပ်နေတာ မဟုတ်ဘူး။ နိုင်ငံတကာမှာလည်း ဒီလိုလုပ်နေတာပဲ။ ဒါကိုလက်ခံမှရမယ်နော်။ ပုဂ္ဂလိကက အရည်အသွေးတက်အောင် အပြိုင်အဆိုင်လုပ်နေတာ ဒါကိုပိတ်ပင်လို့မရဘူး။ ဒီလိုမျိုးပုံစံကို နိုင်ငံပိုင်လုပ်ငန်းတွေမှာ ဘယ်လိုလုပ်လို့ရမလဲ။ ဘယ်လိုပေါင်းစပ်လို့ရမလဲ။ ဒါကိုစဉ်းစားဖို့လိုတယ်၊ အခုပြောနေတာတွေ အားလုံးက နိုင်ငံပိုင်ဆေးရုံ ဆေးခန်းတွေကိုပဲ ပြောနေတာ။ ပုဂ္ဂလိကပိုင်းက ဘာ တွေလုပ်မယ်၊ နိုင်ငံတော်က ဘယ်အဆင့်တွေလုပ်မယ်ဆိုတာမျိုး ခွဲဖို့လိုတယ်။ အခုက ခွဲတာကို မကွဲဘူးဖြစ်နေတာ။

**Voice ៖ တချို့နိုင်ငံတွေမှာ ဆေးကုသရာမှာ အစိုးရဆေးရုံတင်မကဘဲ ပုဂ္ဂလိကဆေးရုံတွေမှာပါ အစိုးရအစီအစဉ်နဲ့ တက်ရောက်ကုသလို့ ရတာမျိုးတွေ ရှိတာတွေ့ရတယ်။ ကုန်ကျစရိတ်တချို့သာ ပေးရပြီးကျန်တာ အစိုးရအစီအစဉ်နဲ့ ပေးတာမျိုးပေါ့။ အဲ့ဒီလိုလုပ်နိုင်ရင် အစိုးရဆေးရုံတွေမှာ လူနာတွေ မနိုင်မနင်းဖြစ်နေတာတွေ ပြေလည်သွားနိုင်တယ်။ ဒီနိုင်ငံမှာလည်း ဒါမျိုးလုပ်ဖို့ မဖြစ်နိုင်ဘူးလား ဆရာ။**

**Dr.ATT ៖** အရင်က ဆရာကိုယ်တိုင်လုပ်ခဲ့တဲ့ စရိတ်မျှပေးကျန်းမာရေးဆိုတာ အဲ့လိုပုံစံမျိုးပဲ။ အခမဲ့ဆိုတာ ကြားကောင်းပေမယ့် လက်တွေ့မှာ မဖြစ်နိုင်ဘူး။ တတ်နိုင်တဲ့သူတွေဆီက နည်းနည်းယူ မတတ်နိုင်တဲ့သူကို မျှပေးတဲ့ပုံစံပေါ့။ နိုင်ငံခြားဆေးရုံတွေမှာ ဒီလိုပုံစံမျိုးလုပ်ပြီး မတတ်နိုင်တဲ့သူတွေကို အတိုင်းအတာတစ်ရပ်အထိ အစိုးရကစိုက်ပေးတာ။ လုပ်သင့်တာပေါ့။

**Voice ៖ ဟုတ်ကဲ့ဆရာ။ ဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်း ပုဂ္ဂလိကဆေးရုံတွေနဲ့ပေါင်းစပ်ပြီး ကျန်းမာရေးစောင့်ရှောက်တဲ့ပုံစံမျိုးလုပ်လို့ရမလား။ ဘယ်လိုလုပ်နိုင်မလဲ။**

**Dr.ATT ៖** ပုဂ္ဂလိကကတော့ အဆင်သင့်ဖြစ်နေမှာပဲ။ သူတို့လည်း ပါချင်မှာပဲ။ ပုဂ္ဂလိက ကဏ္ဍကို မေ့ထားပြီး စီမံကိန်းတွေလုပ်နေလို့ မဖြစ်ဘူး။ ကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးဝန်ကြီးဌာနကသာ ပိုင်တယ်။ သူပဲလုပ်ခွင့်ရှိတယ် ဆိုတာမျိုး မစဉ်းစားဖို့လိုတယ်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတိုးတက်လာစေချင်ရင် သမားရိုးကျသွားနေတာ၊ သမားရိုးကျစဉ်းစားနေတာတွေ လုပ်လို့မရတော့ဘူး။ Creative ဖြစ်ဖို့ Innovative ဖြစ်ဖို့လိုတယ်။ အရေးကြီးဆုံးက ဒီနိုင်ငံမှာ ကျန်းမာရေးအာမခံချက် မရှိတာ။ Health Insurance မရှိတာ။ ၂၀၁၇ မှာ မဖြစ်မနေလုပ်ရမှာ ကျန်းမာရေးအာမခံပဲ။ ကျန်းမာရေးအာမခံ မဖြစ်မနေလုပ်ရမယ်။ ဒါနိုင်ငံတော်ကပဲ လုပ်ရမှာမဟုတ်ဘူး။ အလုပ်ရှင်ကလည်း ထည့်ပေးမယ်၊ အလုပ်သမားကလည်း ထည့်ပေးမယ်၊ ပြည်သူကလည်း ထည့်မယ်၊ နိုင်ငံတော်ကလည်း ထည့်မယ်ဆိုရင် အောင်မြင်သွားမယ်။ ထိုင်းမှာဆို လူတစ်ယောက်က ဆေးခန်းသွားရင် ဘတ် ၃၀ ပဲ ပေးရမယ်။ တစ်ဒေါ်လာပေါ့။ ကျန်တာ နိုင်ငံတော်က တာဝန်ယူတယ်၊ ဘာလို့လဲဆိုတော့အားလုံးကို စုထားပြီး အဲ့ဒီကနေ ကျခံတာပဲ။ အခုဆိုရင် ကျန်းမာရေးအာမခံမရှိလို့ ကျန်းမာရေး တစ်ခုခုဖြစ်ရင် ရှိသမျှအကုန်ရောင်းပြီး ကုရတာ။ မိသားစုတွေ ဘဝပျက်ကြတာပဲ။

**Voice ៖ ဒီနှစ်ထဲမှာ ကျန်းမာရေးအာမခံဖြစ်အောင်လုပ်ဆိုတော့။ ကျန်းမာရေးအာမခံကို ဘယ်လိုပုံစံမျိုးလုပ်မလဲဆရာ။**

**Dr.ATT ៖** ကျန်းမာရေးအာမခံဆိုတာ လူမှုဖူလုံရေးပုံစံပဲ။ လူတိုင်း လစာ၊ ဝင်ငွေထဲက မဖြစ်မနေဖြတ်ပြီး ဒါတွေအားလုံးကို စုထားတယ်။ နေမကောင်းလို့ ဆေးခန်းပြချင်တယ်၊ မျက်စိမကောင်းလို့ မျက်မှန်တပ်ချင်တယ် စသဖြင့် လိုလာရင် ပြန်ပေးတယ်။ တချို့ကိစ္စတွေမှာ အပြည့်ပေးမယ်၊ တချို့ကိစ္စတွေမှာ ၈၀ ရာခိုင်နှုန်းပြန်ပေးမယ် စသဖြင့်ပေါ့။ အဲ့တော့ ကျန်းမာရေးအတွက် မပူရတော့ဘူး။ ဆရာ UN (ကုလသမဂ္ဂ)မှာ လုပ်ရတဲ့အချိန်မှာ အကောင်းဆုံးက ကျန်းမာရေး အာမခံပဲ။ ကိုယ်တိုင်ရော ကိုယ့်မိသားစုအတွက်ရော မပူရတော့ဘူး။ လုပ်နေသမျှတော့ လုပ်ခရဲ့ ၁၀ရာခိုင်နှုန်းကိုဖြတ်တယ်။ ဘယ်သူမဆို ကျန်းမာရေးအာမခံ ၁၀ရာခိုင်နှုန်း ထည့်ဆို ထည့်ချင်မှာပဲ။ သူတို့ကျန်းမာရေးအတွက် လုံခြုံမှုရှိတယ်လေ။ စိတ်အေးရတယ်။ ဒီတော့ ဒါကို ဒီနှစ်ထဲမှာ မဖြစ်မနေစပြီးလုပ်ပါလို့ ပြောချင်ပါတယ်။

■ ကျော်ဆန်းမင်း

# အင်တာနက်စွဲသူများကုထုံး လူငယ်များကို လျှပ်စစ်ရှော့ခ်ရိုက်ခြင်းမပြုရန် တားမြစ်

**တရုတ်** နိုင်ငံတွင် ဂိမ်းစွဲသူများနှင့် အင်တာနက်စွဲသည့်လူငယ်များကို ပြန်လည်ပြုပြင်ရေးအမည်ခံစခန်းများသို့ ပို့ဆောင်ပြီး ကုသရာ၌ ရိုက်နှက်ခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းများအပြင် ဦးခေါင်းတွင် လျှပ်စစ်ကျဉ်စက်ဖြင့် ရှော့ခ် (Shock) ရိုက်ကာ ကုသခြင်းများကို လုပ်ဆောင်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီး နောက် The Telegraph သတင်းတွင် လူငယ်များကို လျှပ်စစ်ဓာတ်ဖြင့် ရှော့ခ်ရိုက်ကာ ကုသသည့်ကုထုံးအား ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ရေးသားထားသည်။

ဇန်နဝါရီလ ၁၀ ရက်နေ့ထုတ် The Global Times သတင်းတွင်လည်း ရှန်ဒေါင်းပြည်နယ် အရှေ့ပိုင်းရှိ လူငယ်ပြုပြင်ရေးစခန်းတစ်ခုအတွင်း၌ အင်တာနက်စွဲလမ်းမှုဖြင့် ရောက်ရှိနေသူ လူငယ်ပေါင်း ၆၀၀၀ ကျော်ရှိပြီး၊ ၂၀၀၆ ခုနှစ်ကတည်းက လူငယ်အများစုကို လျှပ်စစ်ရှော့ခ်ရိုက်သည့်ကုထုံးဖြင့် ကုသနေကြောင်း ရေးသားထားသည်။

လူငယ်ပြုပြင်ရေးစခန်းများတွင် ရှော့ခ်ရိုက်ကုထုံးများကို ၂၀၁၆ နှစ်ကုန်ပိုင်းအထိ ပြုလုပ်နေခဲ့ကြောင်း Sixth Tone ဆိုသည့် Website တွင် ဖော်ပြထားပြီး၊ မိဘများကလည်း မိမိတို့ သားသမီးများ အင်တာနက်ကို နေ့မအိပ် ညမနား သုံးလျှင် အတင်းအဓမ္မ ထိုစခန်းများသို့ ပို့ဆောင်နေကြကြောင်း ရေးသားထားသည်။

၂၀၁၇ ခုနှစ်ဦးပိုင်းမှ စတင်ကာ အသစ်ပြဋ္ဌာန်းလိုက်သည့်ဥပဒေတွင် အင်တာနက်သုံးစွဲခြင်းကို သာမန်ကိစ္စတစ်ခုအနေနှင့် သတ်မှတ်ကာ၊ လူငယ်များအား လူ့အခွင့်အရေးနှင့် မလျော်ညီသည့်အပြစ်များ ပေးခြင်းမပြုရန် ထည့်သွင်းရေးဆွဲထားကြောင်း The Global Times တွင်ရေးသားထားသည်။

ထို့ပြင် အစိုးရအနေနှင့်လည်း ညဥ့်သန်းခေါင်အချိန်မှ နံနက် ၈ နာရီအတွင်း အွန်လိုင်းဂိမ်းများကို လူငယ်များ ကစားခြင်းမပြုနိုင်ရန်အတွက် ပိတ်ပေးထားရန် သက်ဆိုင်သည့်ကုမ္ပဏီများအပေါ် တားမြစ်ချက်များထုတ်ပြန် ကန့်သတ်သွားမည်ဟုဆိုသည်။

အသစ်ပြဋ္ဌာန်းမည့် ဥပဒေကြမ်းတွင် စိတ်ကုသရေးအကြောင်းပြချက်ဖြင့် လူတစ်ယောက်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို လျစ်လျူရှုပြီး ဆိုးရွားစွာ ပြုမူဆက်ဆံနေမှုများအပေါ် ကန့်သတ်ပိတ်ပင်သွားမည်ဟုလည်း ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံပိုင် သတင်းစာဖြစ်သည့် The Global Times တွင် လူငယ်များကို ကုသရာ၌ အသုံးပြုနေသည့် ဦးနှောက်ကို ရှော့ခ်ရိုက်ခြင်းများ အပေါ် ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ဖော်ရေးသားထားသည်။

တရုတ်ကျန်းမာရေးဝန်ကြီးဌာနကလည်း မိမိတို့အနေနှင့် လျှပ်စစ်ဓာတ်ဖြင့် ရှော့ခ်ရိုက်ကုထုံးများကို ၂၀၀၉ ခုနှစ်ကတည်းက ပိတ်ပင်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူပေါင်း သန်း ၇၁၀ ရှိပြီး၊ ယင်းတို့အနက် ၂၃ ရာခိုင်နှုန်းမှာ အသက် ၁၉ နှစ်အောက် လူငယ်များဖြစ်ကြောင်း ဘေဂျင်းအစိုးရက ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံတွင် အင်တာနက်ကို စွဲလမ်းကြီးစွာဖြင့် အသုံးပြုနေသူပေါင်း ၁၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အင်တာနက်ဂိမ်းကို မထတမ်းကစားနေသည့် အသက် ၁၅ နှစ်အရွယ် လူငယ်လေးတစ်ဦးသည် ၂၀၀၉ ခုနှစ်တွင် လူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းသို့ရောက်ရှိပြီး ၂၄ နာရီအကြာတွင် သေဆုံးခဲ့မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထိုလူငယ်လေးသည် ရိုက်နှက်ခြင်းဒဏ်ကြောင့်သေဆုံးရကြောင်းလည်း The Telegraph သတင်းတွင် ရေးသားထားသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလကလည်း မိန်းကလေးငယ်တစ်ဦးသည် သူ့ကို ထိန်းသိမ်းပြုပြင်ရေးစခန်းသို့ ပို့သည့်မိခင်အား အိမ်တွင်ဖမ်းချုပ်ပြီး အစာငတ်ထားကာ လက်တုံ့ပြန်သဖြင့် သေဆုံးခဲ့ရမှုတစ်ခု ဖြစ်ပွားခဲ့သည်။

လူငယ်ပြုပြင်ရေးစခန်းအမည်ခံ စခန်းများသို့ ရောက်လာသည့် လူငယ်များကို စစ်တပ်အသွင်ဖြင့် ထိန်းသိမ်းပြုပြင်ကာ အကြမ်းဖက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် စော်ကားရိုင်းပြခြင်းများ ရှိနေကြောင်း၊ တရုတ်နိုင်ငံတွင် လူငယ်ပြုပြင်ရေးအမည်ခံ စခန်းပေါင်း ၂၅၀ ကျော်ရှိနေကြောင်း၊ ထိုစခန်းများကို လူသူကင်းဝေးသည့်နေရာများတွင် ဖွင့်လှစ်ထားကြောင်း The Telegraph တွင် ဖော်ပြထားသည်။

နောက်ဆုံးထုတ်ပြန်သည့်ဥပဒေအရ လူငယ်များအား ရှော့ခ်ရိုက်ခြင်းကို ဖေဖော်ဝါရီလ ၆ ရက်နေ့ကစတင်ပြီး ပြုလုပ်ခွင့်ရတော့မဟုတ်ဟု ယင်းသတင်းကဆိုသည်။



Xinhua

■ E01

# စွန့်ဦးလူငယ်စီးပွားရေးလုပ်ငန်းရှင်များ ဆင်ခြင်သင့်သည့်အမှား

**မည်** သည့်ကိစ္စမဆို လေ့လာသင်ယူခြင်းနှင့် ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ခြင်းက အရေးကြီးပါသည်။ လုပ်ငန်းစတင်လုပ်ကိုင်မည်ဆိုသော လူငယ်လုပ်ငန်းရှင်လေးများအနေနှင့် ယင်းအချက်ကို သတိ ပြုသင့်ပါသည်။ လူငယ်တိုင်းတွင် ရင်းနှီးမြှုပ်နှံစရာ ငွေကြေးအလုံအလောက်ရှိလျှင် အလုပ်လုပ်နိုင်ပြီဆိုသည့်အချက်မှာ မငြင်းနိုင်ပါ။ သို့သော် ဆင်ခြင်စဉ်းစားသင့်သည့်အချက်များ ရှိနေပါသည်။

အသစ်တစ်ခုခုကို တီထွင်စွန့်စား လုပ်ဆောင်နေချိန်တွင် အမှားတစ်ခုကြောင့် ဟန်ချက်ပျက်ပြီး ပြုတ်ကျနိုင်ပါသည်။ သတိထားဆင်ခြင်ပါက အမှားနည်းနိုင်ပါလိမ့်မည်။ အမှားအနည်းဆုံးနှင့် ရှေ့ကိုအမြန်ဆုံးတက်လှမ်းနိုင်သူသည်သာ အအောင်မြင်ဆုံးဖြစ်ပါလိမ့်မည်။

လူငယ်တို့ လုပ်ငန်းသစ်များ လုပ်ဆောင်စွန့်စားတော့မည်ဆိုလျှင် ဆင်ခြင်သင့်သည့် အမှားများမှာ

## (၁) အချိန်ဆွဲလွန်းခြင်း

အချိန်ဆွဲထားခြင်းက ကောင်းသည်လည်း ရှိနိုင်ပါလိမ့်မည်။ သို့သော် လုပ်သင့်လုပ်ထိုက်သည့်အချိန်တွင် မလုပ်လျှင် နောက်ကျကျန်နေနိုင်သည်။ ဈေးကွက်ဆိုသည်က ကိုယ့်ကိုရပ်စောင့်နေမည်မဟုတ်ပါ။ ဈေးကွက်တစ်ခုသည် လျင်မြန်စွာ ပြောင်းလဲနေတတ်သည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုခုကို လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများကို အချိန်မရွေး ရနေနိုင်မည် မဟုတ်ပေ။ သုတေသနများ သေချာစွာလုပ်ဆောင်ပြီးလျှင် ရင်းနှီးမြှုပ်နှံရန် စိတ်ကူးများ အလိုအလျောက်ပေါ်ထွက်လာတတ်သည်။ ဈေးကွက်က လိုအပ်နေချိန်တွင် အခွင့်သာခိုက် အမြန်ဆုံး အကောင်အထည်ဖော်လိုက်ရန် အရေးကြီးသည်။


Clouded

## (၂) ရင်းနှီးမြှုပ်နှံရမည့်အစား တွက်ဆနေခြင်း

လူငယ်တို့ဖြစ်တတ်သည်မှာ တွေဝေခြင်းဖြစ်သည်။ လုပ်သင့်လုပ်ထိုက် ရင်းနှီးလိုက်ရမည့်အစား ကြောက်နေသည်။ ရှုံးမည်ကိုကြောက်သောကြောင့် မရင်းနှီးလိုက်မိ။ တွက်ဆနေရင်းက နောက်တစ်ယောက် အောင်မြင်သွားမှ သက်ပြင်းချနေကြရသည့် အဖြစ်ကို ရောက်သွားတတ်သည်။

အလုပ်တစ်ခုကို လုပ်ကိုင်တော့မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုဆိုသည့် သဘောတရားကို နားလည်အောင် လုပ်ထားသင့်ပါသည်။ အလုပ်လုပ်နေခြင်းဆိုသည်မှာ လောင်းကစားလုပ်နေခြင်းနှင့် မတူပါ။ ဖဲရိုက်နေလျှင် အရှုံးအနိုင်ဆိုသည်မှာ မသေချာနိုင်ပါ။ လုပ်ငန်းတစ်ခုကို လုပ်ဆောင်တော့မည်ဆိုလျှင်လည်း တွက်ဆနေလွန်းခြင်းမှာ အလုပ်ဖြစ်မည်မဟုတ်ပါ။

ရှုံးမည် သို့မဟုတ် မြတ်မည်ဆိုခြင်းမှာ မှန်းဆနိုင်သည့်ကိစ္စတစ်ခုဖြစ်ပါသည်။ လုပ်ငန်းအတွေ့အကြုံနှင့် အခြေအနေများက စကားပြောပါသည်။ တွက်ဆနေရင်းက ဈေးတွေတက်သွားနိုင်ပါသည်။ တွက်ဆနေရင်းက အရှုံးတွေ ပိုများသွားနိုင်ပါသည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးတွင် တွက်ဆနိုင်စွမ်းရှိရမည်ဖြစ်သော်လည်း တွက်ဆခြင်းမှာ တွေဝေခြင်းမဟုတ်သည်ကို ကောင်းစွာ သဘောပေါက်ထားရပါလိမ့်မည်။

အပြိုင်အဆိုင်ခေတ်တွင် များများမြှုပ်နှံ၊ မြန်မြန်ဆုံးဖြတ်၊ ရဲရဲတွေး၊ ရဲရဲအကောင်အထည်ဖော်နိုင်သူများက ပိုပြီးအောင်မြင်မှုများရရှိနိုင်ကြောင်း သက်သေပြစရာများစွာ ရှိနေပါသည်။

## (၃) ဩဇာအရှိန်အဝါများကို အသုံးပြုခြင်း

တစ်ခါတစ်ရံတွင် ဩဇာအရှိန်အဝါသုံးပြီး အောင်မြင်မှုများ ရကောင်းရနိုင်သော်လည်း အန္တရာယ်ကစောင့်ကြိုနေနိုင်ကြောင်းလည်း သတိပြုရပေလိမ့်

စာမျက်နှာ - 28 သို့

# ကမ္ဘာ့သမိုင်းထဲက ၁၁း၀၂ နာရီ

**အုန်းဇင်လင်း (ပညာရေး)**



ဩဂုတ် လ ၉ ရက်ပင်လယ်ကမ်းခြေအနီးက တောင်စောင်းတွေကြားမှာ မြို့လေးက အေးချမ်းစွ လဲလျောင်းလို့။ စာသင်ကျောင်းထဲက ကလေးငယ်လေးတွေရဲ့စာဆိုသံလေးတွေက ဆည်းလည်းသံလေးပမာ လွင့်ပျံ့နေတယ်။ နာရီစင်က 'ဒေါင်...ဒေါင်' ဆိုတဲ့အသံနဲ့အပြိုင် နာရီသံကို ရေတွက်နေတဲ့ အင်္ဂလိပ်စာဆရာမနဲ့ ကျောင်းသားလေးတွေရဲ့အသံကြားရတယ်။ 'one, two, three...,eleven'။ ကမ္ဘာမြေကနေ နှုတ်ဆက်ဖို့၊ ချစ်ရသူတွေနဲ့ အပြီးတိုင်ခွဲရဖို့ ရေတွက်နေကြတယ်ဆိုတာ သူတို့တွေ မသိခဲ့ကြဘူး။ နာရီစင်က ဆယ့်တစ်ချက်ထိုးပြီး နှစ်မိနစ်အကြာမှာပဲ တော်လဲသံကြီးနဲ့အတူ ကောင်းကင်ကြီးက ရုတ်တရက် မည်းမှောင်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး မီးလောင်ကျွမ်း၊ အရည်ပျော်ကျနေလိုက်တာ ချက်ချင်းကို ငရဲပြည်ရောက်သွားသလိုပါပဲ။ နေရာအနှံ့မီးကျွမ်းနေတဲ့ လူသေအလောင်းတွေ အထပ်ထပ်နဲ့ ဒဏ်ရာရသူတွေရဲ့ မဆုံးနိုင်တဲ့ညည်းတွားသံတွေ...။

ပန်းကိုတစ်စုံတစ်ခုက လာတိုက်မိပြီး 'ဆူမိမဆင့်' ဆိုတဲ့ ဂျပန်မလေးရဲ့ တောင်းပန်သံကြောင့် ၁၉၄၅ ခုနှစ်ကာလကိုရောက်နေတဲ့ စိတ်အတွေးတွေကနေ စာရေးသူ ပြန်လည်နိုးထလာတယ်။ စာရေးသူရောက်နေတာက ဂျပန်နိုင်ငံ ကျူးရှူးကျွန်းမှာရှိတဲ့ နာဂါစကီမြို့လေး။ မြို့လေးရဲ့သမိုင်းဝင်နေရာတွေဖြစ်တဲ့ အဏုမြူဗုံးပြတိုက်၊ ဗုံးကျရာဗဟိုချက်နေရာ၊ ငြိမ်းချမ်းရေးပန်းခြံတွေကို လှေ့လာနေရင်း အတိတ်ကို စိတ်ကူးကြည့်မိရုံနဲ့တင် ကြေကွဲဝမ်းနည်းစရာအဖြစ်အပျက်တွေ ထင်ဟပ်လာစေပါတယ်။

'နာဂါစကီ' ဆိုတာ စာရေးသူတို့သိတဲ့ ကမ္ဘာ့သမိုင်းထဲက မြို့လေးတစ်မြို့။ ကမ္ဘာပေါ်မှာ အဏုမြူဗုံးအသုံးပြုခံခဲ့ရတာဟာ ဂျပန်တစ်နိုင်ငံပဲရှိခဲ့ပြီး ဟီရိုရှီးမားမြို့နဲ့ နာဂါစကီမြို့တွေဟာ ဗုံးဒဏ်ကို ခံခဲ့ရပါတယ်။ နဂါစကီမြို့ကို အဏုမြူဗုံးချပြီး ခြောက်ရက်အကြာမှာ ဂျပန်ဟာ အကြွင်းမဲ့ လက်နက်ချခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ပါတယ်။ အဏုမြူဗုံး အသုံးပြုခဲ့ခြင်းနဲ့ ပတ်သက်ပြီး မှန်သည်၊ မှားသည် ဘယ်လိုပင် အငြင်းပွားဖွယ်ဖြစ်နေခဲ့ကြပေမယ့် အပြစ်မဲ့ ပြည်သူ၊ ပြည်သားတွေရဲ့အသက်၊ အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးခဲ့ကြရပါတယ်။

ဟီရိုရှီးမားမှာချခဲ့တဲ့ဗုံးကို လူကလေး (Little Boy) လို့ခေါ်ပြီး နာဂါစကီမှာချတဲ့ဗုံးကို လူဝကြီး (Fat Man) လို့ ခေါ်ပါတယ်။ Fat Man က ပေါက်ကွဲအားပိုပြင်းထန်ပြီး ဒိုင်းနမိုက် လေးတန်တင်ထားတဲ့ ကုန်တင်ကားအစီး ၅၂၀၀ ခန့်ကို တစ်ပြိုင်တည်း ဖောက်ခွဲတဲ့အားနဲ့ညီပါတယ်။ Fat Man ဟာ အရှည် ၃ဒသမ ၂၅ မီတာ၊ အချင်း ၁ဒသမ၅၂ မီတာ ရှိပြီး အလေးချိန် ၄ဒသမ၅ တန်ရှိပါတယ်။ ပုံစံတူနဲ့ အတွင်းပိုင်းတည်ဆောက်ထားပုံကို ပြတိုက်မှာ တွေ့ရပါတယ်။




Fat Man ရဲ့ပေါက်ကွဲအားက နာဂါစကီမြို့လေးကို အတော်လေး အထိနာသွားစေခဲ့ပါတယ်။ အလွန်ပြင်းထန်တဲ့ အပူချိန်ကြောင့် ဗုံးဗဟိုချက်နေရာဝန်းကျင်က ဖန်ထည်တွေ အရည်ပျော်ကျပြီး ကျောက်တုံးတွေ အနက်ရောင်ပြောင်းသွားခဲ့ပါတယ်။ နှစ်ကီလိုမီတာအကွာလောက်မှာရှိတဲ့ဒေသအထိ အဝတ်အစား၊ သစ်ပင် စတာတွေအားလုံး မီးလောင်သွားခဲ့ပါတယ်။ ဗုံးဗဟိုချက်ရဲ့တစ်မိုင်ပတ်လည်လောက်ဟာ လုံးဝကိုပျက်စီးသွားခဲ့ပါတယ်။ အိမ်ပေါင်း ၁၂,၉၀၀ ဟာ ပြာကျသွားခဲ့ရပြီး၊ အိမ်ခြေ ၅၅၀၉ လုံးဟာ အစိတ်အပိုင်းအတော်များများ မီးသင့်ခဲ့ပါတယ်။ လူဦးရေ နှစ်သိန်းလေးသောင်းခန့်ရှိတဲ့ နာဂါစကီမြို့လေးဟာ အဏုမြူဗုံးဒဏ်ကြောင့် ပြာပုံအောက်ရောက်ခဲ့ရပြီး သေဆုံးသူ ၇၃,၈၈၄ ယောက်ရှိပြီး၊ ဒဏ်ရာရသူ (၇၄,၉၀၈ ယောက်ရှိခဲ့ပါတယ်။

ဗုံးကျအပြီး ၁၁ နာရီ ၂ မိနစ်မှာ ရပ်တန့်ပျက်စီး

**စာမျက်နှာ - 28 သို့**





# နှောင်းလူတို့ သိသင့်တဲ့ မထင်မရှား ပေးဆပ်သူများ (၃)

သန့်ဇင်စိုး

**သီဆိုဖွဲ့နွဲ့မှတ်တမ်းတင်ခြင်းမခံရပါသော သူရဲကောင်း Unsung Hero ဆိုသည့် အင်္ဂလိပ်ဘာသာစကားလုံး ရှိပါသည်။ မည်သူသိသိ မသိသိ၊ ဂုဏ်ပြုချီးကျူးခံရရ မရရ ကိုယ်ကျိုးစွန့်ကာ အများကောင်းဖို့ လုပ်ဆောင်ကြသူများလို့ အဘိဓာန်များက အဓိပ္ပာယ်ဖွင့်ပါသည်။ ကျွန်တော်တို့ နေထိုင်ရာ ကမ္ဘာလောကဝယ် လူ့အဖွဲ့အစည်းတိုင်း၌ ထိုကဲ့သို့ ဂုဏ်ပြုသီကျူးမခံရသော်လည်း သူရဲကောင်းခေါ်ထိုက်သည့် အများအကျိုးလိုလားသူတို့ ရှိပါသည်။ ကလေးငယ်တို့ အတုယူထိုက်သော၊ လူငယ်တို့ လေးစားအားကျအပ်သော စိတ်ထားနှင့် စွန့်လွှတ်မှုကို ထိုလူသားတို့က ပိုင်ဆိုင်ထားကြသည်။ The Voice Sunday ပရိသတ်အတွက် ၎င်းတို့ထဲမှ လက်လှမ်းမီရာ အချို့ကို ယခင်သီတင်းပတ်၏ အဆက်အဖြစ် ဆက်လက်ကောက်နုတ်စုစည်းဖော်ပြလိုက်ရပါသည်။**

## ဘူဂေးရီးယားက တပသီကြီး



ဘူဂေးရီးယားနိုင်ငံ မြို့တော် ဆိုဖီယာ အလက်ဇန်းဒါးနက်ဗ်စကီ ဘုရားကျောင်းကြီးရှေ့မှာ အမြဲတမ်းတွေ့ရတတ်တဲ့ ဘိုးအေကြီးဟာ အသက် ၁၀၂ နှစ်ရှိပါပြီ။ မြိုးမြိုးမြိုးမြိုးမြိုး မြိုးခြံ တဲ့ တပသီအကျင့်ကို ကျင့်သူ ဘိုးသက်ရှည်ကြီးရဲ့ အမည်က မစ္စတာ ဒိုဘရီဒိုဘရက်ဗ်ဖြစ်သည်။ သူ့ကို မြို့တော်သူ မြို့တော်သားတွေက ဘိုးဘိုးဒိုဘရီလို့ ခေါ်ကြသည်။ သူဟာ နေ့စဉ်နေ့တိုင်း နာရီပေါင်းများစွာ လမ်းလျှောက်ပြီး အလှူခံထွက်လေ့ရှိသည်။ ဘုရားကျောင်းက သူ့လို သက်ကြီးရွယ်အိုကြီးကို ကောင်းစွာ အနားယူနေနိုင်အောင် ကောင်းကောင်းစီစဉ်ပေးနိုင်ပါသည်။ သို့သော် အများအကျိုးကိုသာ ရှေးရှုပြီး မိမိ၏ နေဝင်ချိန်ကို ပေးဆပ်ထားသူ အာဂဘိုးဘိုးဖြစ်သည်။ အလှူခံလို့ ရသမျှတွေကို ပရဟိတမိဘမဲ့ဂေဟာများကို ပုံမှန်လှူဒါန်းပေးနေသည်။ သူ့ထံသို့ ထည့်လိုက်သည့် ငွေများက ပရဟိတဂေဟာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများသို့ တစ်ပြားမကျန် ရောက်သည်ချည်းဖြစ်၍ မြို့တော်သူမြို့တော်သားများက သူ့ကို တွေ့လျှင် လှူကြတန်းကြသည်။ အိမ်ခြေမဲ့ကြီးလိုလို မြေလျှောက်ဝိဇ္ဇာကြီးလိုလို နှင့် မြို့တော်ဆိုဖီယာတွင် ယနေ့တိုင်တွေ့နိုင်ပါသည်။ သူလှူဒါန်းခဲ့သည့် ငွေပမာဏက ယူရိုငွေ သုံးသောင်းခုနစ်ထောင် ရှိခဲ့လေပြီ။ မြန်မာငွေနှင့်တွက်ပါက သိန်းငါးရာလေးဆယ်ကျော်ပါပြီ။ နတ်လူသာခုခေါ်စေသော်။

## ဟိုတယ်အလုပ်သမားလေး၊ ဟိုတယ်လုပ်ငန်းရှင်ကြီးဘဝမှသည် လူပေါင်းများစွာကို အလင်းဆောင်သူ

ပိုက်ဆံရှိတာပဲ လှူနိုင်မှာပေါ့ဟု အလွယ်တကူ ပြောလိုက်မိတတ်ကြသည်။ တကယ်တမ်း ပိုက်ဆံရှိတိုင်း လှူနိုင်သည်မဟုတ်ပါဘူး။ မိမိတို့ စီးပွားရေးအတွက် ၊ နိုင်ငံရေးအကျိုးအမြတ်အတွက် လှူကြတန်းကြသည့် ကျိုကျိုတက်ချမ်းသာ သူတွေလည်းရှိပါသည်။ မစ္စတာဟားရစ် ရိုဆင်ကတော့ ထိုသို့မဟုတ်ပါ။ သူကိုယ်တိုင်လည်း ဟိုတယ်များတွင် အလုပ်များလုပ်ကိုင်ရင်း ကျွမ်းကျင်ပိုင်နိုင်လာသောအခါ ကိုယ်ပိုင်စီးပွားရေးများ ချဲ့ထွင်ရင်း အမေရိက ဟိုတယ်လုပ်ငန်းရှင် သူဌေးကြီးတစ်ဦး ဖြစ်နေခြင်း ဖြစ်ပါသည်။ အများဘဝတိုးတက်မြင့်မားစေရေး ကောင်းကျိုးများကို တတ်အားသရွေ့ပြုပေးနေသူဖြစ်သည်။ ၂၀၀၂ ခုနှစ်က သူ့ရဲ့ လှူဒါန်းမှုက ကြီးကျယ်လှသည်။ မြေနေရာ ဈေးကောင်းသော အမေရိကန်ပြည်ထောင်စုတွင် ဖလော်ရီဒါပြည်နယ်၌ ဧက ၂၀ သော မြေရာနှင့် ဒေါ်လာ ၁၀ သန်းကို ဗဟိုဖလော်ရီဒါတက္ကသိုလ်ကို လှူဒါန်းခဲ့သည်။ အလုပ်အကိုင်မရှိသော လူငယ်များအတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ အခမဲ့ပညာသင်ပေးခဲ့ကာ အလုပ်ရှာပေးသည်။ နွမ်းပါးမိသားစုများ၏ ကလေးများ ကျောင်းစရိတ်နှင့် ဗာဟီရစရိတ်များကို ကူညီပေးသည်။ အံ့အားသင့်ဖွယ်ကောင်းစွာပင် ဖလော်ရီဒါတွင် သူကြည့်ရှုပေးနေသော ဒေသတစ်ခုအတွင်း ရာဇဝတ်မှုဖြစ်နှုန်းက ၂၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကာ အထက်တန်းပြီးမြောက်မှုနှုန်းက ၁၀၀ ရာခိုင်နှုန်း တက်လာသည်။ လူများသည် ဆိုးချင်လို့ ဆိုးနေသူများရှိသလို ဆင်းရဲနွမ်းပါးလွန်း၍ မငတ်အောင် ဆိုးရသူများလည်း ရှိသည်။ ရိုဆင်သည် ပညာရေးဖြင့် လမ်းပြခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းဖြင့် မြှင့်တင်ပေးခဲ့သည်။



## ကျွန်မျိုးနွယ်မှသည် ပရဟိတသူဌေးမကြီး အဖြစ်သို့



မယ်လိုနီဟာ ၁၉၂၀ ကာလများဆီက အမေရိကမီလျံနာသူကြွယ်မကြီးတစ်ဦး ဖြစ်ပါသည်။ လူမည်းတွေကို နှိမ်ထားတဲ့၊ အမျိုးသမီးတွေကို ချောင်ထိုးထားတဲ့ ထိုကာလမှာ အန်နီတန်ဘိုမယ်လိုနီဟာ ကိုယ့်ဒူးကိုယ်ချွန်ပြီး ထိပ်ဆုံးရောက် အမျိုးသမီး လုပ်ငန်းရှင်တစ်ဦး ဖြစ်လာအောင် လှုပ်ရှားရုန်းကန်ခဲ့သူလည်းဖြစ်သည်။ သူမရဲ့ ထုတ်ကုန်ကေသာနဲ့ အသားအရေ ထုတ်ကုန်ပစ္စည်းတွေကို ကိုယ်တိုင် တစ်အိမ်တက်တစ်အိမ်ဆင်း ရောင်းချခဲ့ရာကနေ ဝန်ထမ်းပေါင်းများစွာနဲ့ လည်ပတ်နေတဲ့ စီးပွားရေးဖြစ်အောင် ကြိုးစားခဲ့သူပါ။ တကယ်တော့ သူဟာ အမေရိကန် လူမည်းကျွန်အဖြစ်မှ လွတ်မြောက်လာသူများကနေ ပေါက်ဖွားခဲ့သူဖြစ်သည်။ လူမည်းတွေရဲ့ ကနဦးကာလ ရပ်တည်ဖို့ ခက်ခဲကျပ်တည်းခဲ့တာတွေကို ကိုယ်တိုင်လည်း သိရှိခံစားခဲ့ဖူးတဲ့ အောက်သက်ကျေ စီးပွားရေးလုပ်ငန်းရှင်မကြီးဆိုလည်း မမှားပေ။ သူ့ပိုင်ဆိုင်မှုတွေရဲ့ ကဏ္ဍအများစုကို ပညာရေး၊ ကလေးသူငယ်၊ အမျိုးသမီးရေးတို့အတွက် လှူဒါန်းခဲ့ပြီး တက်ကြွစွာဦးဆောင်ခဲ့ပေသည်။ လူမည်းများ ပညာရေးအတွက် လှုပ်ရှားဆောင်ရွက်နေသော ကောလိပ်ကျောင်းများ၊ အဖွဲ့အစည်းများအတွက်လည်း ထောက်ပံ့မှုများကို နှစ်ကာလအတော်များများ ထည့်ဝင်ခဲ့သူဖြစ်သည်။ ၁၈၆၉ ခုနှစ်မှာ မွေးဖွားခဲ့ပြီး ၁၉၅၇ ခုနှစ် အသက် ၈၇ တွင် ကွယ်လွန်သွားခဲ့သည်။

## မြန်မာပြည်က ဘိက္ခုမာတာ



Citizen of Burma Award website

မြန်မာပြည်၏ ကမ္ဘာကျော် ၂၀၀၇ ရွှေဝါရောင် အရေးတော်ပုံကို အများက မှတ်မိနေကြပါမည်။ ထိုအရေးအခင်းအပြီးတွင် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ဒီမိုကရေစီရေးကိုလိုလားသော သီလရှင်ဆရာလေးအချို့နှင့် ရဟန်းတော်အများအပြားထောင်ဒဏ်များ ကျခံခဲ့ကြရသည်။ ရဟန်းအကျဉ်းသားများထဲမှ နာမည်ကြီးများမဟုတ်သော ရဟန်းပျိုအကျဉ်းသားများသည် လူအကျဉ်းသားများနှင့် မတူသည်ကား ထောင်ဝင်စာလာပို့သူ အိမ်သူအိမ်သားမရှိကြခြင်းဖြစ်သည်။ ထောင်ဝင်စာ အစားအစာမရှိပါက ထောင်ထဲတွင် မျက်နှာငယ်ရသည်။ တပည့်ဒကာ၊ ဒကာမများနှင့် အဆက်အသွယ်မရသူများမှာ ခက်ခဲစွာ နေထိုင်ရပါသည်။ ဘိုကလေးဇာတိဖွားစမ်းချောင်းသူ ဒေါ်ရှုသည် အကျဉ်းကျသံဃာများအတွက် အများပြည်သူ လှူဒါန်းမှုများနှင့် ၎င်း၏စိုက်ထုတ်ကျခံမှုများ၊ လုပ်အားများကို စုပေါင်းကာ ထောင်ဝင်စာတွေ့သည့် ပရဟိတလုပ်ငန်းကို ဆက်ကပ်လုပ်ဆောင်ပါတော့သည်။ ထိုစဉ်က အခြေအနေသည် တပ်မတော်အစိုးရအုပ်ချုပ်စဉ်ဖြစ်ပြီး ယခုလောက် အရပ်သားအခွင့်အရေးများ မရှိပါပေ။ သူကိုယ်တိုင်လည်း ထောင်နှုတ်ခမ်းနင်းပြီး ပရဟိတလုပ်ရခြင်းဖြစ်သည်။ ရဟန်းအပါးငါးဆယ်ကျော်အတွက် ထောင်ဝင်စာထုပ်များကို မမောနိုင်မပန်းနိုင် ပုံမှန်ပို့ဆောင်ကာ နိုင်ငံသားတာဝန်ကျေခဲ့သူဖြစ်သည်။ ၎င်းကို သံဃာအများက ဘိက္ခုမာတာဟု ဘွဲ့ချီးမြှင့် ချီးကျူးကြသည်။

# About Them


Mr. Arturo Planell


ဦးဇော်လင်းအောင်


Mrs. Hiss Pimonpan

ဇန်နဝါရီလ ၁၂ ရက်နေ့က

ရန်ကုန်မြို့ Strand Square တွင်ကျင်းပခဲ့သည့်

ကမ္ဘောဇဘဏ်နှင့် Visa ကုမ္ပဏီ

လုပ်ငန်းတူပူးပေါင်းခြင်းနှင့်ပတ်သက်သည့်

သတင်းစာရှင်းလင်းပွဲ


ဒေါ်ထွေးဇင်ဝင်း


မောင်သာမညa


ဦးကြည်စိုး


ဦးမော်လင်း


ဦးမျိုးညွန့်


ဦးဝင်းချို

ဇန်နဝါရီလ ၁၀ ရက်နေ့က

ရန်ကုန်မြို့ Orchid ဟိုတယ်တွင်

ကျင်းပခဲ့သည့်

နိုဘယ်လ်-မြန်မာ စာပေပွဲတော်

၂၀၁၇ ရသစာပေ

သတင်းစာရှင်းလင်းပွဲ


စောဇရန်ကြီး


ဆရာအဲဗရက်


မအေးမွန်သူ

ဇန်နဝါရီလ ၁၂ ရက်နေ့က

ရန်ကုန်မြို့ Orchid ဟိုတယ်တွင်

ကျင်းပပြုလုပ်ခဲ့သည့်

အစိမ်းရောင်ကန္တာရ သုတေသနစာအုပ်အကြောင်း

သတင်းစာရှင်းလင်းပွဲ


မတာရာ



# “ဒရာမာကား မရယ်ရရင် ပရိသတ်က သည်းခံပြီးကြည့်တယ်။ ဟာသကား ရိုက်ပြီး မရယ်ရရင်၊ ပေါ်သွားလို့ရှိရင် ပရိသတ် ရဲ့အဆဲခံရပါတယ်”

**ပရိသတ်အားပေးမှုရခဲ့တဲ့ ဖေ့စ်ဘွတ်ခ်ရွာ ရုပ်ရှင်ဇာတ်ကားကြောင့် နာမည်ရဒါရိုက်တာ တစ်ယောက်ဖြစ်လာခဲ့တဲ့ ရာဇဝင်ကိုနဲ့ တွေ့ဆုံပြီး လက်ရှိရိုက်ကူးနေတဲ့ သမက်တော်…ကွက်ကျော် ရုပ်ရှင်ဇာတ်ကားအကြောင်း၊ ယခုနှစ်အတွင်းဆက်လက်ရိုက်ကူးသွားမယ့် ဇာတ်ကားများအကြောင်းနဲ့ နာမည်ရလာတဲ့ ဒါရိုက်တာ တစ်ယောက်အနေနဲ့ ကြုံတွေ့လာရတဲ့ ဖိအားတွေအပေါ် သူ့အမြင်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## ရာဇဝင်ကိုနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**Voice: လက်ရှိရိုက်ကူးနေတဲ့ သမက်တော်…. ကွက်ကျော် ရုပ်ရှင်ဇာတ်ကား အကြောင်းကနေ စပြီး ပြောပြပေးပါဦး။**

**YZWK:** ဒီဇာတ်ကားမှာတော့ မိသားစုနှစ်စုရှိတယ်ပေါ့နော်။ ကိုခန့်စည်သူကတော့ မကြီးစိုး( စိုးမြတ်သူဇာ) ရဲ့ မောင်ပေါ့။ မကြီးစိုးနဲ့ ကိုရဲအောင်တို့က ငယ်ရည်းစားတွေ။ သူတို့နှစ်ယောက် ပြန်တွေ့တော့ ယူချင်တဲ့အချိန်မှာ သားသမီးတွေကို အရင်ဆုံးအိမ်ထောင်ချပေးဖို့ ကြိုးစားတယ်။ သူတို့တွေ အခြေတကျဖြစ်မှ သူတို့နှစ်ယောက်လည်း ယူလို့ရမှာလေ။ ကိုခန့်ကိုကျတော့ ပွင့်နဲ့ ပေးစားဖို့စီစဉ်ကြတယ်။ ကိုခန့်ကလည်း မယူချင်တော့ တိုင်တွေ ပတ်နေတာပေါ့နော်။ ပွင့်ကို မယူချင်တဲ့အတွက် အကွက်တွေဆင်တာပေါ့။ အဓိကကတော့ ကိုခန့်အပေါ် မူတည်ပြီး ဒီဇာတ်လမ်းလေး ဖြစ်လာတာပါ။

**Voice; ဒီနှစ်ထဲမှာ ထူးထူးခြားခြား ရိုက်ဖို့စီစဉ်ထားတဲ့ ဇာတ်ကားတွေ ရှိရင်လည်း ပြောပြပေးပါဦး။**

**YZWK:** ဒီကားပြီးရင်တော့ ဖေဖော်ဝါရီလထဲမှာဗီဒီယိုလေးကာ ရိုက်ဖို့ရှိမယ်။ ကျွန်တော်တစ်ခါမှ မရိုက်ဖူးတဲ့ သရဲကားလိုပုံစံမျိုးလည်းပါမယ်။ ကျန်တာကတော့ ဟာသနဲ့ ဒရာမာ ဇာတ်လမ်းတွေပေါ့။ ဇာတ်လမ်းအမျိုးအစားကလေးခုလောက်ပါမယ်။ ၂၀၁၇ ထဲမှာ ဟာသဇာတ်ကားတွေအပြင် ရုပ်ရှင်ကားကြီးမှာ ဒရာမာဇာတ်ကား ရိုက်ဖို့စီစဉ်ထားတာလည်းရှိပါတယ်။ အားလုံးသေချာပြီဆိုရင် ကျွန်တော် ပြန်ပြောပေးပါမယ်။

**Voice: ဇာတ်ကားတွေ ဆက်တိုက်ရိုက်ဖြစ်နေတာဆိုတော့ ဇာတ်ကားတစ်ကားအတွက် ပြင်ဆင်မှုအပိုင်းကို ရောဘယ်လိုအချိန်ပေးဖြစ်လဲ။**

**YZWK:** ဇာတ်ကား တစ်ကားအတွက် ပြင်ဆင်ချိန်တော့ ယူပါတယ်။ အရင်ကတော့ ကျွန်တော်က ဇာတ်ညွှန်းရေးတယ်။ နောက်ပိုင်းတော့ ကျွန်တော်မရေးတော့ဘူး။ ဇာတ်လမ်းရွေးချယ်မှု အပိုင်းလောက်ပဲ လုပ်ဖြစ်တော့တယ်။ ဇာတ်လမ်းရွေးပြီးရင် ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဇာတ်ညွှန်းရေးဆရာတွေကိုပဲ အပ်လိုက်တယ်။ သူတို့ကပဲ ဆက်လုပ်ပေးသွားတာပေါ့။

**Voice: အရင်တုန်းကတော့ ကိုယ်တိုင်ရေးတဲ့ ဇာတ်တွေအရိုက်များတယ်နော်။ အခုနောက်ပိုင်း သူများတွေရေးတဲ့ ဇာတ်လမ်းတွေရိုက်တဲ့အခါမှာကျတော့ ဘယ်လိုပြန်ပြင်ဆင်ရတာမျိုးရော ရှိလဲ။**

**YZWK:** ကိုယ်ရေးတဲ့ ဇာတ်ကို ကိုယ်ရိုက်ရတာတော့ ပိုပြီးတော့ လွတ်လွတ်လပ်လပ်ရှိတာပေါ့နော်။ ဘောင်လည်းပိုကျယ်တာပေါ့။ ကိုယ်လုပ်ချင်တာလည်း လုပ်လို့ရတယ်။ သူများရေးထားတဲ့ ဇာတ်ကျတော့ တစ်ခုခုကိုယ် ပြန်ပြင်ချင်ရင်တောင် လေးစားမှုပေးတဲ့အနေနဲ့ သူတို့နဲ့ ပြန်ပြီး ညှိနှိုင်းရတာမျိုးတော့ ရှိပါတယ်။

**Voice: ပြင်ပက ဇာတ်လမ်းတွေပို့ပေးဖို့ ဖိတ်ခေါ်ထားတာလည်း တွေ့တယ်လေ။ ဇာတ်လမ်းတွေ ဘယ်လောက်အထိ လက်ခံရရှိထားပြီလဲ။**

**YZWK:** အဓိကကတော့ အပြင်ကလူတွေဆီကနေ ဇာတ်လမ်းတွေပို့ပေးဖို့ ဖိတ်ခေါ်ခဲ့တာက ကျွန်တော်တို့အနုပညာလောကမှာက များသောအားဖြင့် ဇာတ်လမ်းတွေက ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ ရိုက်နေကြရတယ်။ ဆင်ဆာခွင့်ပြုချက်ရအောင်လည်း စဉ်းစားပြီး ရိုက်ရတော့ ဇာတ်လမ်းတွေက နည်းနည်းထပ်လာတယ်။ ဒီလောကထဲကို ရောက်နေပြီးသားလူတွေမှာလည်း ဇာတ်လမ်းတွေရှိသလို၊ ဒီလောကထဲကို တိုးဝင်ဖို့ ကြိုးစားနေတဲ့သူတွေဆီမှာလည်း ဇာတ်လမ်းတွေရှိနိုင်တယ်လို့ မြင်တယ်။ သူတို့ဆီကကျတော့ ဇာတ်လမ်းပုံစံအသစ်အဆန်းလေးတွေထွက်နိုင်တယ်လေ။ အဲ့ဒါကြောင့် ဇာတ်လမ်းတွေပို့ပေးဖို့ ဖိတ်ခေါ်ခဲ့တာပါ။ ကျွန်တော့်ဆီကို ပို့ထားတဲ့ ဇာတ်လမ်းတွေ တော်တော်များများ ရောက်နေပါပြီ။ တစ်လောက သူရိယ၊ ဆိုဖီယာ၊ မေကြည်တို့နဲ့ ရိုက်ခဲ့တဲ့ နောက်ကျောက ဓားဆိုရင် အပြင်ကပို့ပေးတဲ့ ဇာတ်လမ်းတစ်ခုက ရိုက်တာပါ။

**Voice: လူငယ်စာရေးဆရာတစ်ယောက်အဖြစ် ရပ်တည်နေရာကနေ ဒါရိုက်တာလိုင်းဘက်ကို ဘယ်လိုကြောင့် ကူးပြောင်းခဲ့တာလဲ။**

**YZWK:** ပြောရရင်တော့ ကျွန်တော်က စာရေးရတာကို ပိုကြိုက်ပါတယ်။ စာအေးအေးဆေးဆေး ရေးပြီး ကိုယ့်အိမ်မှာ ကိုယ်နေရတဲ့ ဘဝမျိုးကို ကြိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဇာတ်ညွှန်းတွေ စရေးပြီးတဲ့နောက်မှာ ကိုယ့်ရဲ့ ဦးတည်ချက်က ဒါရိုက်တာဖြစ်လာတယ်ပေါ့။ ကိုယ်လျှောက်မိတဲ့လမ်းကိုတော့ ဆုံးတဲ့အထိ လျှောက်ကြည့်ချင်တဲ့အတွက် ဆက်လုပ်ဖြစ်နေတာပါ။ စာတွေလည်း အားရင် အားသလို ဆက်ရေးနေပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာတော့ လုံးချင်းဝတ္ထုသစ်တစ်အုပ် ထွက်ဖို့ရှိပါတယ်။

**Voice: ကိုယ်ကနာမည်ရ လူငယ်ဒါရိုက်တာတစ်ယောက်ဖြစ်လာပြီဆိုတော့ စောင့်ကြည့်နေကြတဲ့သူတွေ ရှိမှာပဲလေ။ ဒီအတွက် အနုပညာဖန်တီးမှုပိုင်းမှာ ဖိအားတွေ ဘာတွေ ကြုံရတာမျိုးရော ရှိမလား။**

**YZWK:** ဖိအားကတော့ ဘယ်နယ်ပယ်မဆိုရှိမှာပါပဲ။ ဒါရိုက်တာ အသစ်တစ်ယောက် ထွက်လာပြီဆို ရင် မျက်လုံးပေါင်းများစွာက သူ့ဆီကို ပြုံပြီးကြည့်လာမှာပဲလေ။ ဒီကောင်ဘာလဲ၊ ဘယ်အထိသွားမှာလဲ ဆိုပြီး စောင့် ကြည့်နေတဲ့ သူတွေတော့ ရှိမှာပေါ့။ ဒါပေမဲ့ ကိုယ့်ဘက်က အကောင်းဆုံး လုပ်ပြနိုင်ရင်တော့ ဖိအားတွေကို အေးအေးဆေးဆေး ကျော်လွှားနိုင်မှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ကိုယ်က ဟာသကားတွေ အရိုက်များတဲ့ ဒါရိုက်တာ တစ်ယောက်နော်။ မြန်မာ ဟာသကားတွေနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုမှုတွေလည်းရှိခဲ့တော့ ကိုယ်ရိုက်တဲ့ ဇာတ်ကားတွေကို ဘယ်လို အကောင်းဆုံး ဖန်တီးဖြစ်လဲ။**

**YZWK:** ကျွန်တော်ကတော့ ကိုယ်ရိုက်သမျှကားတိုင်းကို မပေါ်အောင် အဓိကထိန်းပြီး ရိုက်ဖြစ်ပါတယ်။ ဒရာမာကား မရယ်ရရင် ပရိသတ်က သည်းခံပြီးကြည့်တယ်။ ဟာသကား ရိုက်ပြီး မရယ်ရရင်၊ ပေါ်သွားလို့ရှိရင် ပရိသတ်ရဲ့ အဆဲခံရပါတယ်။ အဲ့ဒီအတွက် ကိုယ်ရိုက်တဲ့ ဇာတ်လမ်းတွေကို ပရိသတ်လည်း ရယ်ရအောင်၊ မပေါ်အောင် ထိန်းပြီးရိုက်ပါတယ်။

**Voice: ဒါရိုက်တာ တစ်ယောက်စီမှာ သူတို့အားသန်တဲ့ တင်ပြပုံတစ်မျိုးစီရှိကြတယ်လေ။ ကိုယ့်ရဲ့အားသာချက်ကရော ဘာဖြစ်မလဲ။**

**YZWK:** ကျွန်တော်ကတော့ ဇာတ်လမ်းတစ်ခုရိုက်တော့မယ်ဆိုရင် ရိုက်ရမယ့်အရုပ်တွေကို အရင်ဆုံးပြေးမြင်ပါတယ်။ ကိုယ်လိုချင်တဲ့ အရုပ်ထည့်လို့ ရနိုင်မယ့် ဇာတ်မျိုးဆိုရင် ကျွန်တော်ရိုက်ပါတယ်။ ဇာတ်လမ်းဖန်တီးထားတဲ့သူနဲ့ ကိုယ့်အမြင်နဲ့ တစ်ထပ်တည်းကျအောင် ဖန်တီးနိုင်ရင်တော့ အဲ့ဒီဇာတ်ကားက ကောင်းသွားမှာပါ။

## မြန်မာသံ သင်္ကြန်စီးရီး ထွက်ရှိမယ့် မွန်းအောင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာသံ သင်္ကြန် သီချင်းသစ်သုံးပုဒ်ပါဝင်မယ့် တစ်ခက်ပိတောက် တစ်ယောက်ချစ်သူလို့ အမည်ရတဲ့ တေးစီးရီးကို မကြာမီ ဖြန့်ချိပေးသွားတော့မှာဖြစ်ကြောင်း တေးသံရှင် မွန်းအောင်က The Voice ကို ပြောကြားပါတယ်။

“ဒီစီးရီးလေးလုပ်ဖြစ်တာက ကိုနေဝင်းဆီက သင်္ကြန်သီချင်းလေးတွေ ကြားရတော့ ဆိုချင်သွားတာလည်း ပါတယ်။ မကြာခင်ဆို သင်္ကြန်လည်း လာတော့မယ်လေ။ သင်္ကြန်ကို မြန်မာပြည်မှာလည်း ကျွန်တော်ရှိနိုင်တယ်။ သင်္ကြန်မှာ သီချင်းဆိုဖြစ်ရင် ဆိုစရာသီချင်းလေးတွေလည်းရအောင် ဒီခွေလေးလုပ်ဖြစ်တာပါ” လို့ ယင်းစီးရီးနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ဂီတသက်တမ်းအတွင်းမှာ သင်္ကြန်သီချင်းတွေ သီဆိုဖြစ်တာက ပထမဆုံးအကြိမ် ဖြစ်ပြီး၊ ကိုယ်တိုင်လည်း သီဆိုရတာ စိတ်လှုပ်ရှားသလို၊ နားထောင်တဲ့ ပရိသတ်တွေကိုလည်း ခံစားမှုတစ်ခုတော့ ပေးနိုင်မယ်လို့ ယုံကြည်ထားကြောင်း တေးသံရှင်မွန်းအောင်က ပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

“ဒီခွေကို စီဒီရော ဒီဗီဒီပါ နှစ်ခုလုံးဖြန့်ဖို့တော့ စဉ်းစားထားတယ်။ ဒီမှာက ဒီဗီဒီထုတ်တာကလည်း ဈေးကွက်တစ်ခုလို ဖြစ်နေတော့ ဖြစ်နိုင်ရင် ပရိသတ်တွေ အနေနဲ့ ကာရာအိုကေပါ ဆိုလို့ရအောင် လုပ်ပေးဖို့တော့ ကြိုးစားနေပါတယ်။ အွန်လိုင်းမှာလည်း ရောင်းပါမယ်” လို့ ၎င်းကဆိုပါတယ်။

ယင်းစီးရီးကို ပြုလုပ်ဖြစ်တာက ကိုယ်တိုင်က သင်္ကြန်သီချင်းတွေကို သီဆိုကြည့်ချင်တဲ့အတွက် လုပ်ဖြစ်တာဖြစ်ပြီး၊ ခိုးကူးခွေတွေလည်းထွက်နိုင်တဲ့အတွက် ငွေကြေးအကျိုးအမြတ်ပြန်ရဖို့တော့ မမျှော်လင့်ထားကြောင်း တေးသံရှင်မွန်းအောင်က ပြောကြားပါတယ်။

## Recap

○ သီချင်းဆိုပြိုင်ပွဲတွေကို လာရောက်ယှဉ်ပြိုင်ကြတဲ့ ဂီတဝါသနာရှင်လေးတွေအနေနဲ့ အပျော်တမ်း လာရောက် ယှဉ်ပြိုင်တာမျိုး မဖြစ်စေချင်ပါဘူးလို့ Myanmar Idol သီချင်းဆိုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ဆောင်ရွက်နေတဲ့ တေးသံရှင် မြန်မာပြည်သိန်းတန်က ပြောကြားပါတယ်။

“သီချင်းဆိုပြိုင်ပွဲကို မိဘဆွေမျိုးတွေ၊ သူငယ်ချင်းတွေက တိုက်တွန်းလို့ လာပြိုင်တာမျိုး မဖြစ်စေချင်ဘူး။ ခရီးသွားဟန်လွှဲဝင်ပြိုင်တာမျိုးလည်း မဖြစ်စေချင်ပါဘူး။ ဒီပြိုင်ပွဲရဲ့ သဘောသဘာဝကို သေချာလေ့လာပြီး၊ တတ်ကျွမ်းနားလည်တဲ့သူတွေရဲ့ အကြံဉာဏ်ယူပြီး လာပြိုင်တာမျိုးပဲ ဖြစ်စေချင်ပါတယ်။ ဂီတအလုပ်က တကယ်ရူးသွပ်ပြီး ကြိုးစားတဲ့သူတွေမှ အောင်မြင်နိုင်တာပါ” လို့ ၎င်းကဆိုပါတယ်။

○ အထက်တန်းစားရေ ဝတ္ထုကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီး ထုတ်ဝေသွားဖို့ စီစဉ်နေပါတယ်လို့ နာမည်ကျော် စာရေးဆရာမ ပုညခင်က The Voice ကို ပြောကြားပါတယ်။

“အစ်မရဲ့ဝတ္ထု အထက်တန်းစားရေဝတ္ထုကို အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေဖို့က အဆင်သင့်ဖြစ်နေပါပြီ။ ဒီနှစ်ထဲမှာ ပရိသတ်တွေ တောင်းဆိုတဲ့ အစ်မရဲ့ ဝတ္ထုတွေကိုလည်း ဒုတိယအကြိမ် ပြန်ထုတ်ပေးသွားဖို့ ရှိပါတယ်။ ဒီနှစ်ထဲမှာတော့ အစ်မက ဝတ္ထုသစ်နှစ်အုပ် ရေးမယ်။ ဝတ္ထုမဟုတ်တဲ့ စာအုပ်ကတော့ နှစ်အုပ်ရေးမယ်လို့ ဆုံးဖြတ်ထားပါတယ်” လို့ ၎င်းကဆိုပါတယ်။

## ထရမ့်ကျမ်းကျိန်ပွဲအထိမ်းအမှတ် ဖျော်ဖြေပွဲမှာ တိုဘီကိတ်၊ 3 Doors Down တို့ ဖျော်ဖြေမယ်




၂၀၀၉ ခုနှစ်က အိုဘားမား၏ ကျမ်းကျိန်ပွဲအထိမ်းအမှတ် ဖျော်ဖြေပွဲမြင်ကွင်း

ဒေါ်နယ်ထရမ့်သမ္မတသစ်အဖြစ်ကျမ်းသစ္စာ ကျိန်ဆိုခြင်း အထိမ်းအမှတ်ဖျော်ဖြေပွဲမှာ တိုဘီကိတ်၊ 3 Doors Down နဲ့ လီးဂရင်းဝုဒ်တို့ပါဝင်ဖျော်ဖြေသွားမယ်လို့ကျမ်းကျိန်ပွဲကော်မတီ က ထုတ်ပြန်ပါတယ်။

ဇန်နဝါရီလ၁၉ရက်နေ့ လင်ကွန်း အောက်မေ့ဖွယ်ခန်းမမှာ ကျင်းပမယ့် ဖျော်ဖြေပွဲဟာ ထရမ့်ရဲ့ ကြွေးကြော်သံဖြစ်တဲ့ အမေရိကကို တစ်ဖန်ပြန်ကြီးမြတ်စေရမယ်' ဆိုတဲ့ခေါင်းစဉ်နဲ့ ကြိုဆိုပွဲအဖြစ် ကျင်းပမှာဖြစ်တယ်လို့ ဆိုပါတယ်။ ဂျနီဖာ ဟောလီးဒေး၊ The Piano Guys နဲ့ နာမည်ကြီးကန်းထရီး အဆိုတော်တွေလည်း ပါဝင်ကြမယ်လို့ သိရပါတယ်။ ကျမ်းကျိန်ပွဲ က ၂၀ ရက်နေ့ နံနက်ပိုင်းမှာ ပြုလုပ်မှာဖြစ်ပါတယ်။

"ရွေးကောက်ခံသမ္မတ ထရမ့်က ကျမ်းကျိန်ပွဲဟာ အမေရိကန်ပြည်သူတွေအတွက် ဖြစ်ရမယ်၊ ပြည်သူတွေကို ကိုယ်စားပြုရမယ်လို့ ပြောထားပါတယ်။ ၅၈ ကြိမ်မြောက် ကျမ်းကျိန်ပွဲဟာ အမေရိကန်သမိုင်းနဲ့ အမွေအနှစ်ကို ဂုဏ်ပြုတဲ့ ပွဲဖြစ်ရမှာဖြစ်ပြီး အမေရိကန်အားလုံးအတွက် တောက်ပပြီး ခိုင်မာတဲ့ အနာဂတ်လမ်းကြောင်းကို ဦးတည်သွားစေတဲ့သဘော မျိုးဖြစ်ရမှာပါ" ဟု သမ္မတကျမ်းကျိန်ပွဲကော်မတီ သဘာပတိ တွမ်ဘာရက်က ပြောပါတယ်။

၁၉ ရက်နေ့မှာပဲ သံစုံတီးဝိုင်းတွေနဲ့ ချီတက်မှုတွေ၊ ဖျော်ဖြေပွဲနဲ့ ပျော်ပွဲရွှင်ပွဲတွေ ပါဝင်မယ့် Voices of the People အခမ်းအနားလည်း ကျင်းပမှာဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ထရမ့်ရဲ့ ကျမ်းကျိန်ပွဲဟာ ၂၀၀၉ ခုနှစ်တုန်းက အိုဘားမား ရဲ့ ကျမ်းကျိန်ပွဲနဲ့တော့ ကွာခြားမှုတွေ ရှိပါတယ်။ အဲဒီတုန်းက ကျင်းပတဲ့ ဖျော်ဖြေပွဲမှာ ဂျွန်ဘွန်ဂျိုဗီ၊ ဘရုစ်စပရင်စတင်း၊ မေရီဂျီဘလစ်ဂျ်၊ ဂါ့သ်ဘရွတ်ခ်၊ ယူတူး၊ အာရှာ၊ ဒန်ဇယ်ဝါရှင်တန်၊ တွမ်ဟန့်ခန်တို့လို နာမည်ကြီး အဆိုတော်နဲ့ သရုပ်ဆောင်တွေ တက်ရောက်ဖျော်ဖြေခဲ့ကြပါတယ်။

## ပရီယန်ကာချိုပရာ Quantico ဇာတ်လမ်းတွဲရိုက်ရင်း သတိလစ်




အမေရိကန်ရုပ်သံလောကအထိ ထိုးဖောက်လာနိုင်တဲ့ မယ်ကမ္ဘာဟောင်း ဘောလိဝုဒ် ရုပ်ရှင် မင်းသမီးဟာ Quantico ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးရင်းနဲ့ မတော်တဆဖြစ်ပြီး သတိလစ်သွားခဲ့တယ်လို့ ဆိုပါတယ်။

ABC ရုပ်သံကထုတ်လွှင့်နေတဲ့ Quantico ဇာတ်ကားအတွက် စတန့်ခန်းတစ်ခု သရုပ်ဆောင်ရာမှာ ပြုတ်ကျပြီး သတိမေ့သွားခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

အသေးစားမတော်တဆမှုသာဖြစ်ပြီး၊ ဆေးရုံကို ချက်ချင်းပို့ပေးခဲ့ပြီးနောက်မှာ ဆရာဝန်တွေက စစ်ဆေးပြီး ဆေးရုံဆင်းခွင့်ပြုခဲ့တယ်လို့ ABC ရုပ်သံက ထုတ်ပြန်ပါတယ်။

ဆရာဝန်တွေညွှန်ကြားချက်အရ အိမ်မှာ နားနေရဆဲဖြစ်ပေမယ့် စနေ၊ တနင်္ဂနွေ ပြီးတာနဲ့ ပြန်သရုပ်ဆောင်နိုင်မယ်လို့ သိရပါတယ်။ ချိုပရာဟာ FBI အေးဂျင့်ဟောင်း၊ CIA သင်တန်းသူ အလကပါရစ်ရှ်အဖြစ် သရုပ်ဆောင်နေတာ ဖြစ်ပါတယ်။ စတန့်တွေကို ကိုယ်တိုင်ဝင်သရုပ်ဆောင်တယ်လို့ သူကိုင်တိုယ်လည်း ပြောထားပါတယ်။

## မိုက်ကယ်ဂျက်ဆင်နေရာလူဖြူတစ်ဦး သရုပ်ဆောင်ထားတဲ့ ရုပ်သံဇာတ်လမ်း ထုတ်လွှင့်မည်မဟုတ်တော့

ကွယ်လွန်သူအဆိုတော် မိုက်ကယ်ဂျက်ဆင်နေရာမှာ လူဖြူသရုပ်ဆောင် ထားတဲ့ ရုပ်သံဇာတ်လမ်းကို ကန့်ကွက်မှုတွေကြောင့် မထုတ်လွှင့်တော့ဘူးလို့ ဗြိတိန်ရုပ်သံထုတ်လုပ်ရေး Sky Arts က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

'Urban Myths' ရုပ်သံအစီအစဉ်မှာ ဂျက်ဆင်နေရာ လူဖြူသရုပ်ဆောင် ဇိုယန်းနက်စ်က ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းအပိုင်း ထုတ်လွှင့်မယ် ဆိုကတည်းက ပရိသတ်တွေ မကျေမနပ်ဖြစ်ခဲ့တာပါ။ နမူနာကား (Trailer) ထွက်လာတော့လည်း ဝေဖန်ခံရပါတယ်။

ဂျက်ဆင်ရဲ့သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်က "ဒါဟာ လုံးဝကို စော်ကားတာပါ။ တခြားလူတွေလည်း ဒီလိုပဲခံစားမိမယ်ထင်ပါတယ်။ အရိုးသားဆုံးပြောရရင် အန်တောင်အန်ချင်မိတယ်" လို့ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ပါတယ်။

မိုက်ကယ်ဂျက်ဆင်ရဲ့ ဆွေမျိုးသားချင်းတွေ ဝေဖန်မှုကြောင့် ဒီအပိုင်းကို မလွှင့်တော့ဘူးလို့ Sky Arts က ကြေညာပါတယ်။

"တကယ့်ဖြစ်ရပ်တွေကို ပေါ့ပေါ့ပါးပါး နောက်ပြောင်ဖို့ပဲ ရည်ရွယ်တာပါ။ စော်ကားဖို့မရည်ရွယ်ပါဘူး။ ဂျိုးဆက်ဖိယန်းနက်စ်ကလည်း ဒီဆုံးဖြတ်ချက်ကို အပြည့်အဝထောက်ခံပေးပါတယ်" ဟု Sky Arts က တွစ်တာမှတစ်ဆင့် ထုတ်ပြန်ခဲ့သည်။

'Urban Myths ' ရုပ်သံစီးရီးဟာ ဒီလိုမျိုး အပြင်မှာ တကယ်ရှိတဲ့ နာမည်ကြီးတွေကို ဟာသလုပ်ပြီး ပုံပြင်ဆန်ဆန်ပြန်ရိုက်တဲ့ အစီအစဉ်ပါ။ အခု ဇာတ်လမ်းပိုင်းမှာ ၉ /၁၁ အကြမ်းဖက်တိုက်ခိုက်မှု အလွန်ကာလကို နောက်ခံ ထားပြီး ဂျက်ဆင်ဟာ ရုပ်ရှင်မင်းသမီးကြီး အဲလိဇဘက်တေလာ၊ ရုပ်ရှင်မင်းသားကြီး မာလွန်ဘရန်ဒိုတို့ အတူ ခရီးထွက်ကြတဲ့ပုံစံ ရိုက်ထားတာပါ။

အဲလိဇဘက်တေလာကို နောက်ထားတဲ့ ပုံစံကလည်း စော်ကားရာ ရောက်တယ်လို့ ပဲရစ်ဂျက်ဆင်က ဝေဖန်ပါတယ်။ တေလာဟာသူ့ဖခင်ရဲ့ မိတ်ဆွေကောင်း ဖြစ်သလို သူ့ရဲ့မွေးစားအမေဆိုလည်း ဟုတ်တဲ့အတွက် ဒီလိုမတော်တရော် ဟာသလုပ်တာဟာ ရည်ရွယ်ချက်ရှိရှိ စော်ကားရာရောက်တယ်လို့ ပဲရစ်ဂျက်ဆင်က ဝေဖန်ပါတယ်။




## Hidden Figures အောင်ပွဲခံနေပြီး Silence နဲ့ Live by Night တို့ 'ကွဲ' တဲ့ ဒီတစ်ပတ်ရုပ်ရှင်




ဒီတစ်ပတ်ဟောလိဝုဒ်ရုပ်ရှင်လောကမှာတော့ လူမည်းသင်္ချာ ပညာရှင် အမျိုးသမီးရဲ့ အတ္ထုပ္ပတ္တိနောက်ခံ Hidden Figures ဇာတ်ကားက အောင်ပွဲဆက်ခံနေပါတယ်။ Patriots Day နဲ့ La La Land တို့လည်းအခြေအနေကောင်းပါတယ်။

အန်နီမေးရှင်းရုပ်ရှင် Monster Trucks ကတော့ ရုံစမတင်မီ ကတည်းက ပါရာမောင့်ရုပ်ရှင်က ဇာတ်ကားတန်ဖိုး ချပစ်တဲ့အထိကို အခြေအနေဆိုးခဲ့ပါတယ်။ ၂၀၁၇ မာတင်လူသာကင်း အားလပ်ရက်ဟာ ရုံတင်ဝင်ငွေကောင်းတဲ့ ကာလဖြစ်တာကြောင့် အပြိုင်ရုံတင်ခဲ့ကြပေမယ့် Hidden Figures ဇာတ်ကားတစ်ကားသာ အလွယ်တကူအနိုင်ရခဲ့ပြီး နာမည်ကြီးကားတွေ ရုံတင်ကတည်းက ကွဲခဲ့ပါတယ်။

နာမည်ကြီးဒါရိုက်တာကြီး မာတင်စကော်ဆေးဆေးရဲ့ Silence ရုပ်ရှင်ကလည်း အထွေထွေပရိသတ်အတွက် မြင့်လွန်းနေသလားတော့ မသိဘူး အခြေအနေမကောင်းပါဘူး။ ဒေါ်လာသန်း ၅၀ အကုန်အကျခံ ထားရတဲ့ ဒီရုပ်ရှင်ဟာ အားလပ်ရက်လေးရက် ရုံ ၇၄၇ ရုံမှာ ပြသခဲ့ ရာမှာဒေါ်လာ ၂ သန်းပဲ ရပါတယ်။ ရုပ်ရှင်မင်းသား ဘင်အက်ဖလက် ဒါရိုက်တာလုပ်တဲ့ Live by Night ကလည်း မဟန်ပါဘူး။ ဒေါ်လာ ၆၅ သန်းအကုန်ကျခံထားတဲ့ ဒီဇာတ်ကားဟာ လေးရက်အတွင်း ရုပ် ၂၈၂၂ ရုံမှာ ပြတာတောင် ဒေါ်လာ ၇ သန်းခွဲနဲ့ ၉ သန်းခွဲကြားပဲ ရမယ်လို့ ခန့်မှန်းပါတယ်။

ထူးထူးဆန်းဆန်းအကောင်တွေနဲ့လူတွေနဲ့ ရောထားတဲ့ မိသားစု ဇာတ်မြူး Monster Trucks ဇာတ်ကားဟာ ၃၁၁ ရုံမှာ ရုံတင်တာ တောင် လေးရက်အတွင်း ဒေါ်လာ ၁၀ သန်းနဲ့ ၁၃ သန်းကြားပဲရမယ်လို့ ခန့်မှန်းပါတယ်။

အာကာသထဲကို ပထမဆုံးအကြိမ် လူသားတွေ ရောက်ရှိစေဖို့ ကူညီပေးခဲ့တဲ့ နာဆာကလူမည်းအမျိုးသမီး သင်္ချာပညာရှင်ရဲ့ ဘဝ ဇာတ်ကြောင်းကို ရိုက်ကူးထားတဲ့ Hidden Figures ဇာတ်ကားကတော့ ဆက်ပြီးအခြေအနေကောင်းနေပါတယ်။ ပထမတစ်ပတ်တုန်းက ဝင်ငွေ ဒေါ်လာ ၂၂ ဒသမ ၈ သန်းနဲ့ ဒုတိယနေရာမှာ ကပ်ပြီး ရပ်တည်နိုင်ခဲ့တဲ့ ဒီဇာတ်ကားဟာ အားလပ်ရက်လေးရက်မှာတော့ ဒေါ်လာ ၂၄ သန်းနဲ့ ၂၅ သန်းကြားအထိ ထပ်ရခဲ့ပြီး နံပါတ်တစ်နေရာ ရောက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ အပတ်ကနံပါတ် တစ်နေရာမှာရှိခဲ့တဲ့ ဘော့စတွန်မာရသွန် ဗုံးခွဲခံရမှုအကြောင်း ရိုက်ထားတဲ့ Patriots Day ဇာတ်ကားလည်း ဒီလေးရက်မှာ အခြေအနေကောင်းခဲ့ပြီး ဒေါ်လာ ၁၅ သန်းနဲ့ ၁၇ သန်း ကြားထပ်ရခဲ့ပါတယ်။ Rouge One: A Star Wars Story ကလည်း အခုချိန် ထိ ငွေရှာပေးနိုင်တုန်းပါ။ ရွှေကမ္ဘာလုံးဆုရထားတဲ့ La La Land ဇာတ်မြူး ကလည်း လေးရက်မှာ ဒေါ်လာ ၁၄ သန်းနဲ့ ၁၇ သန်း ကြားရခဲ့ပါတယ်။



အိုဘားမားလက်ထက်တွင် သမ္မတပူတင်၏ရုရှားအစိုးရနှင့်အမေရိကန်အစိုးရအကြားဆက်ဆံရေး လွန်စွာအေးတိအေးစက်ဖြစ်ခဲ့သည်

# ရုရှား၊ တရုတ်နိုင်ငံတို့နှင့် အတူလက်တွဲအလုပ်လုပ်ရန် ဆန္ဒရှိသည်ဟု ဒေါ်နယ်ထရမ့်ပြောကြား

**ဝါရှင်တန်၊ ဇန်နဝါရီ ၁၄**

မကြာမီသတင်းပတ်အတွင်း အမေရိကန်သမ္မတဖြစ်လာတော့မည့် ဒေါ်နယ်ထရမ့်က မိမိအနေနှင့် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

Wall Street Journal နှင့်သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် ထရမ့်က ၎င်းသည် ရုရှားနိုင်ငံနှင့်ရော တရုတ်နိုင်ငံနှင့်ပါ အတူလက်တွဲကာ အလုပ်လုပ်လိုကြောင်း ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။

ရုရှားအပေါ် အမေရိကန်ပြည်ထောင်စုက သတ်မှတ်ပြဋ္ဌာန်းလိုက်သည့် ဒဏ်ခတ်အရေးယူမှုသစ်များသည် အချိန်ကာလတစ်ခုအထိ အနည်းဆုံး ဆက်ရှိနေမည်ဖြစ်ကြောင်း၊ သို့သော်လည်း နောင်တွင်ဖယ်ရှားပေးနိုင်ကြောင်း ထရမ့်ကဆိုသည်။

ထိုင်ဝမ်ကျွန်းကို နိုင်ငံတစ်ခုအဖြစ် အသိအမှတ်မပြုသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်နိုင်ငံတည်းမူဝါဒ(One China)ကိစ္စကို စေ့စပ်ဆွေးနွေးရမည်ဖြစ်ကြောင်း ထရမ့်ကဆိုသည်။

ထိုသို့ ထရမ့်က ရုရှားနှင့်လက်တွဲကာ အလုပ်လုပ်လိုကြောင်း ပြောဆိုနေချိန်တွင် အမေရိကန်ဆီးနိတ်ကော်မတီကလည်း အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ ဝင်ရောက်စွက်ဖက်ခဲ့သည်ဟူသောစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမေရိကန်အစိုးရက မကြာသေးခင်က သတ်မှတ်ပြဋ္ဌာန်းလိုက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့်ပတ်သက်၍ ထရမ့်က အကယ်၍ မော်စကို(ရုရှားအစိုးရ)အနေနှင့် အစ္စလာမ္မစ်အစွန်းရောက်များနှင့်အခြား ပြဿနာများကို တိုက်ခိုက်ချေမှုန်းရာတွင် ဝါရှင်တန်ကို အကူအညီပေးမည်ဆိုပါက အဆိုပါဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးနိုင်ကြောင်း ပြောကြားသည်။

"တကယ်လို့ သူတို့ (ရုရှား) တွေ ကျွန်တော်တို့နဲ့အတူ လက်တွဲမယ်၊ ကူညီမယ်ဆိုရင် အကောင်းဆုံးပေါ့။ အဲဒီလို အကောင်းဆုံး အလုပ်လုပ်ပေးနေတဲ့သူတွေကို ဒဏ်ခတ်အရေးယူမှုတွေ ဘာ့ကြောင့် ထားရမှာတုံး" ဟု ထရမ့်ကဆိုသည်။

ထို့ပြင် ရုရှားသမ္မတ ဗလာဒီမာ ပူတင်နှင့်တွေ့ဆုံမည့်ကိစ္စကို စီစဉ်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဆက်လက်ပြောဆိုသည်။

ထရမ့်က ဘေဂျင်း (တရုတ်အစိုးရ) နှင့်ပတ်သက်၍ တရုတ်အနေနှင့် ယွမ်ငွေကြေးကို နှုန်းရှင်မျှောပေးခြင်းအားဖြင့် အမေရိကန်ကုမ္ပဏီများ ပြိုင်ဆိုင်နိုင်ခွင့်ရအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ F-01

# IS တို့ သိမ်းပိုက်ထားသော မိုဆူးလ်တက္ကသိုလ်နှင့် နေရာများစွာကို အီရတ်တပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်

**မိုဆူးလ်၊ ဇန်နဝါရီ ၁၄**

အီရတ်အစိုးရတပ်ဖွဲ့များအနေနှင့် မိုဆူးလ်မြို့တွင် IS စစ်သွေးကြွအုပ်စုများ သိမ်းပိုက်ထားသော မိုဆူးလ်တက္ကသိုလ် အဆောက်အအုံအများစုကို ပြန်လည်သိမ်းပိုက်ရယူနိုင်ပြီဖြစ်သလို ယင်းမြို့၏နေရာအတော်များများကိုလည်း ရယူနိုင်ပြီဟု အီရတ်စစ်တပ်က ထုတ်ဖော်ပြောကြားကြောင်း Xinhua က ရေးသားဖော်ပြသည်။

မိုဆူးလ်အရှေ့ဘက်တွင် တန်ပြန်အကြမ်းဖက်တပ်ဖွဲ့မှ ကွန်မင်ဒိုများက တက္ကသိုလ်ပရိဝုဏ်ထဲသို့ ဝင်ရောက်ပြီး အဆောက်အအုံများကိုစီးနင်းခဲ့ကြကြောင်း၊ နည်းပညာအင်စတီကျူနှင့် ကျောင်းသားအဆောင်များတွင် ခိုအောင်းနေသော IS စစ်သွေးကြွများနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း အီရတ်စစ်ဆင်ရေးပူးပေါင်းဆောင်ရွက်မှုကွပ်ကဲရေးအဖွဲ့(JOC) က သတင်းထုတ်ပြန်သည်။

ထို့ပြင် အမေရိကန်ဦးဆောင်ညွှန့်ပေါင်းတပ်ဖွဲ့၏ပံ့ပိုးမှုရထားသော အီရတ်ထိပ်တန်းတပ်ဖွဲ့(CTS)ကလည်း အယ်လ်ကာဖာအတ်ရပ်ကွက်ရှိတက္ကသိုလ်အဆောက်အအုံတစ်ခုကို ပြန်လည်သိမ်းပိုက်ခဲ့ရာ IS စစ်သွေးကြွ ၃၀ ခန့်သေဆုံးခဲ့ကြောင်း ကြေညာချက်ကဆိုသည်။

CTS တပ်ဖွဲ့က မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်ရာတွင် အထူးလေ့ကျင့်ထားသော စနိုက်ပါသမားမြောက်မြားစွာကို ဦးစွာတပ်ဖြန့်ခဲ့ကြောင်း၊ ၎င်းတို့၏ ပစ်ကူဖြင့် တက္ကသိုလ်အဆောက်အအုံများကို စီးနင်းခဲ့ခြင်းဖြစ်ကြောင်း အီရတ်စစ်ဘက်အရာရှိကြီးများက ဆိုသည်။

သို့သော် မိုဆူးလ်မြို့အရှေ့ဘက်ဒေသနှင့် နီးကပ်သောမြို့နယ်များတွင် အစွန်းရောက်အစ္စလာမ္မစ်များ ပုန်းခိုလျက်ပင်ရှိသည်ဟု ၎င်းတို့ကဆိုသည်။

အခြားသောစစ်ဘက်အရာရှိကြီးများ၏အဆိုအရ အီရတ်တပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့အရှေ့ပိုင်းဒေသ၏ ၈၅ ရာခိုင်နှုန်းကို IS စစ်သွေးကြွများ၏လက်ဝယ်မှ ပြန်လည်သိမ်းယူနိုင်ပြီဖြစ်သည်။

"ရက်အနည်းငယ်အတွင်းမှာ မိုဆူးလ်မြို့ကမ်းနားဒေသတစ်ခုလုံးကို အီရတ်တပ်ဖွဲ့တွေ ပြန်လည်သိမ်းပိုက် ထိန်းချုပ်တော့မှာဖြစ်ပါတယ်"ဟု အမည်မဖော်လိုသူ အီရတ်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

■ F-01



# အိုင်ဗရီကို့စ်ပုန်ကန်မှုတွင် စစ်တပ်နှင့်အစိုးရအကြား သဘောတူညီမှု ရရှိ



အိုင်ဗရီကိုစ် ကာကွယ်ရေးဝန်ကြီးနှင့်တပ်သားများ ဘိုအာကီမြို့တွင်တွေ့ဆုံစဉ်

**ရန်မိုဆူကရို၊ ဇန်နဝါရီ ၁၄**

အိုင်ဗရီကို့စ်အစိုးရနှင့် ပုန်ကန်သောစစ်သားများအကြား သဘောတူညီမှုရရှိသွားပြီဟု BBC သတင်းတွင် ဖော်ပြထားသည်။

ဒုတိယမြို့တော် ဘိုအာကီနှင့် ကူးသန်းရောင်းဝယ်ရေးမြို့တော် အဘီဂျန်တို့တွင် သေနတ်သံများကြားရသောကြောင့် ဆွေးနွေးပွဲပျက်ပြားမည်ကို စိုးရိမ်ခဲ့ကြသော်လည်း ဘိုအာကီမြို့တွင် နာရီပေါင်းများစွာ ဆွေးနွေးခဲ့ကြပြီးနောက် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

လစာကိစ္စနှင့်ပတ်သက်၍ အစိုးရက စစ်တပ်၏တောင်းဆိုမှုများကို လိုက်လျောခဲ့သောကြောင့် ယခင်အပတ်က နှစ်ရက်ကြာဆန္ဒပြမှု ငြိမ်သက်သွားခဲ့သော်လည်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အငြင်းပွားနေခဲ့ခြင်းဖြစ်သည်။

သေနတ်သံများ ထပ်မံထွက်ပေါ်လာခြင်းမှာ စစ်သားများအတွက် ဆုကြေးငွေပေးမည့်အစိုးရ၏သဘောတူညီချက် ရုပ်သိမ်းသွားမည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်သည်ဟု အစိုးရညှိနှိုင်းရေးတာဝန်ခံက ပြောကြားသည်။

တပ်ဖွဲ့ဝင် ၈၀၀၀ ခန့်အား တစ်ဦးလျှင် ဒေါ်လာ ၁၈၃၀၀ ပေးရန် အစိုးရက သဘောတူထားသော်လည်း ယခုအထိ မပေးသေးပေ။

"သဘောတူညီချက် ရပြီးပါပြီ။ တနင်္လာနေ့မှာ ၅ သန်းပေးရမှာပါ။ ကျန်တာကို တစ်လစီ ပေးသွားရမှာပါ။ အခုထိ အပြီးမသတ်သေးပေမယ့် ဒါက အရေးကြီးဆုံးအချက်ပါ" ဟု ပုန်ကန်သောစစ်သားများဘက်မှ ညှိနှိုင်းသူ ဆာဂျင်မာမာဒူကုန်းက Reuters သို့ပြောကြားသည်။

သောကြာနေ့ညနေပိုင်းက ဘိုအာကီတွင် ဆွေးနွေးပွဲပြုလုပ်နေသော အဆောက်အအုံကို ဝိုင်းရံထားသော စစ်သားများက သေနတ်များကို မိုးပေါ်ထောင်ဖောက်ခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီး ဒိုဝါဟီသည် မြို့တော်မှ ပြန်လာကာ စစ်သားများနှင့် ဆွေးနွေးညှိနှိုင်းနေခြင်းဖြစ်သည်။

စာ - 21

# သမ္မတ ရေပန်းစားမှု ဘန်ကီမွန်း ဒုတိယနေရာတွင်ရှိ




ဇန်နဝါရီလ ၁၂ ရက်နေ့က အင်ချွန်းနိုင်ငံတကာလေဆိပ်သို့ ဘန်ကီမွန်းရောက်ရှိလာစဉ်

**ဆိုးလ်၊ ဇန်နဝါရီ ၁၄**

တောင်ကိုရီးယားသမ္မတအဖြစ် ပြည်သူများက နှစ်သက်လိုလားသည့်ပုဂ္ဂိုလ်များ စစ်တမ်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်း ဘန်ကီမွန်းက ဒုတိယနေရာတွင်ရှိကြောင်း BBC သတင်းဌာနက ယင်းစစ်တမ်းကို ကိုးကားဖော်ပြထားသည်။

မကြာသေးခင်ရက်ပိုင်းက Gallup Korea က ပြုလုပ်သော သမ္မတအဖြစ် ပြည်သူများ နှစ်သက်အားပေးခံရသူများ စစ်တမ်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်း ဘန်ကီမွန်းသည် တောင်ကိုရီးယားအတိုက်အခံခေါင်းဆောင် မွန်ဂျေအင်းပြီးလျှင် ဒုတိယနေရာတွင်ရှိနေသည်ကို တွေ့ရသည်။

တောင်ကိုရီးယားနိုင်ငံတွင် သမ္မတပတ်ဂွမ်ဟီးမှာ အဂတိလိုက်စားသည်ဟူသော စွပ်စွဲချက်များနှင့်ရင်ဆိုင်နေရပြီး လွှတ်တော်ဥပဒေပြုအမတ်များက ၎င်းကို စွဲချက်တင်ရန် ဒီဇင်ဘာလအတွင်း တညီတညွတ်တည်း မဲပေးခဲ့ကြရာ နိုင်ငံရေးမတည် မငြိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။

သို့အတွက်ကြောင့် အခြေခံဥပဒေခုံရုံးအနေနှင့် မစ္စပတ်ဂွမ်ဟီးကို အမှုဖွင့်စွဲချက်တင်ရမည့်အခြေအနေသို့ဆိုက်ရောက်နေသလို သမ္မတရွေးကောက်ပွဲကိုလည်း သတ်မှတ်ကာလထက် များစွာအချိန်စောကာ ကျင်းပဖွယ်ရှိနေသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးရာထူးမှ အငြိမ်းစားယူပြီးနောက် ဇာတိ တောင်ကိုရီးယားသို့ ကြာသပတေးနေ့က ပြန်လည်ရောက်ရှိလာသော ဘန်ကီမွန်း (၇၂ နှစ်) အနေနှင့် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆန္ဒရှိ၊ မရှိ အတိအလင်း ကြေညာမှုမပြုသေးပေ။

သို့သော်၎င်းက မိမိ၏ နိုင်ငံရေးအနာဂတ်အတွက် မကြာမီဆုံးဖြတ်ချက်ချမည်ဟု ဆိုထားသည်။

ဘန်ကီမွန်းသည် ကုလသမဂ္ဂအကြီးအကဲအဖြစ် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တွင် ဆယ်စုနှစ်တစ်ခုတာမျှ နေထိုင်ခဲ့ပြီးနောက် သောကြာနေ့က ဆိုးလ်မြို့ရှိ ၎င်း၏နေအိမ်သို့ပြန်လည်ရောက်ရှိလာသည်။

ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အတွင်းပြုလုပ်ခဲ့သော သမ္မတအဖြစ်တင်မြှောက်လိုသည့် ပုဂ္ဂိုလ်များစာရင်း၌ ဒုတိယနေရာသာ ဘန်ကီမွန်းရရှိလိုက်ရခြင်းမှာ ၎င်း၏ဆွေမျိုးဖြစ်သူများကို အမေရိကန်အစိုးရရှေ့နေများက လာဘ်စားမှုစွဲချက်များဖြင့် အမှုဖွင့်ခံရခြင်းကြောင့်ဖြစ်သည်ဟု လေ့လာစောင့်ကြည့်သူများက ဆိုသည်။

ဘန်ကီမွန်း၏ ညီငယ်ဖြစ်သူ ဘန်ကီဆောင်းနှင့် တူတော်မောင်ဖြစ်သူ ဂျိုဟွန်းဘန်တို့ကို အမေရိကန်ပြည်ထောင်စုမန်ဟက်တန်တရားရုံးက အမှုဖွင့်ထားခြင်းဖြစ်သည်။

သို့သော် ဘန်ကီမွန်းက ၎င်း၏ဆွေမျိုးဖြစ်သူများနှင့် ပတ်သက်သော အမှုကိစ္စများအကြောင်းကို လုံးဝမသိရှိထားပါကြောင်း ငြင်းဆိုထားသည်။■ F-01

# CARTOON




ပူတင်နဲ့ ချိန်ခွင်လျှာညှိချင်နေတဲ့ ထရမ့်

## ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို လက်မခံပါက လက်တုံ့ပြန်မည်ဟု ပါကစ္စတန်ကို အိန္ဒိယစစ်တပ်အကြီးအကဲသတိပေး

**နယူးဒေလီ၊ ဇန်နဝါရီ ၁၄**

အကယ်၍ ပါကစ္စတန်နိုင်ငံက ငြိမ်းချမ်းရေး အဆိုပြုချက်များကို လက်သင့်မခံဘဲ ပယ်ချမည်ဆိုပါက အိန္ဒိယနိုင်ငံအနေနှင့် ထိရောက်စွာလက်တုံ့ပြန်သွားမည်ဖြစ်သည်ဟု အိန္ဒိယစစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဘီပင်ရာဝတ်က ခြိမ်းခြောက်ပြောဆိုလိုက်ကြောင်း Xinhua သတင်းဌာနက ရေးသားဖော်ပြသည်။

အိန္ဒိယသည် ကက်ရှ်မီးယားနယ်စပ်ပြဿနာနှင့်ပတ်သက်၍ မကြာခဏပင် ပြဿနာဖြစ်နေသော ပါကစ္စတန်ကို ငြိမ်းချမ်းရေးဆိုင်ရာ အဆိုပြုမှုများပြုလုပ်ထားပြီးဖြစ်ရာ အကယ်၍ အစ္စလာမာဘတ်(ပါကစ္စတန်အစိုးရ)ဘက်က ယင်းကမ်းလှမ်းချက်များကို ပယ်ချမည်ဆိုပါက ထိရောက်စွာ လက်တုံ့ပြန်မည်ဖြစ်သည်ဟု အိန္ဒိယကြည်းတပ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘီပင်ရာဝတ်က သတိပေးပြောဆိုသည်။

"ကျွန်တော်တို့ သူတို့ကိုပြောထားပါတယ်၊ ငြိမ်းချမ်းရေးကို လက်သင့်ခံဖို့နဲ့ ကမ်းလှမ်းမှုကို မငြင်းပယ်ဖို့ပါ။ တကယ်လို့ အဲလိုမဟုတ်ဘူးဆိုရင် စစ်ဆင်ရေးတွေ ဆက်လုပ်နေမှာပါ။ ကျွန်တော်တို့ရဲ့ ဦးတည်ချက်ကတော့ တည်ငြိမ်မှုနဲ့ အေးချမ်းမှုအခိုင်အမာပေါ်ပေါက်လာရေးပါ" ဟု ၎င်းက မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

နှစ်နိုင်ငံ အငြင်းပွားမှုများကိုဖြစ်ပေါ်စေခဲ့သည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယတပ်ဖွဲ့များကို စစ်သွေးကြွများက တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီးနောက် အိန္ဒိယစစ်တပ်က ယင်းဒေသတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်လာခဲ့သည်။

ကက်ရှ်မီးယားသည် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံစလုံးအတွက် စစ်မက်ပဋိပက္ခများကို ဖန်တီးပေးနေသည့် ပင်မပြဿနာတစ်ရပ်ဖြစ်ပြီး ယင်းပြဿနာကြောင့် ကုန်ခဲ့သည့် နှစ်ပေါင်း ၆၅ နှစ်တာကာလအတွင်း စစ်ပွဲကြီးသုံးကြိမ်တိတိ ဖြစ်ပွားခဲ့ရသည်။

ကက်ရှ်မီးယားဒေသထဲတွင်ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုကြီးများမှာ ပါကစ္စတန်နိုင်ငံကြောင့်ဖြစ်သည်ဟု အိန္ဒိယအစိုးရက စွပ်စွဲပြောဆိုခဲ့သော်လည်း ပါကစ္စတန်ကမူ လုံးဝမဟုတ်ကြောင်း ဆက်တိုက်ငြင်းဆိုခဲ့သည်။ ■ F-01

စာ - 20 အိုင်ဗရီကို့စ်ပုန်ကန်မှုတွင် စစ်တပ်နှင့်အစိုးရအကြား သဘောတူညီမှု ရရှိ...... မှအဆက်

သမ္မတအလာဆန်ကွာတာရာကလည်း ပုန်ကန်မှုကို ရပ်ဆိုင်းရန် မေတ္တာရပ်ခံခဲ့ပြီး စစ်တပ်၊ ရဲနှင့်အရန်တပ်ဖွဲ့အကြီးအကဲများကို ရာထူးမှထုတ်ပယ်ခဲ့သည်။

ပုန်ကန်မှုသည် လွန်ခဲ့သောအပတ်က ဘိုအာကီတွင် စတင်ခဲ့ပြီး စစ်သားများက မြို့တော်အဘီဂျန်ရှိ စစ်တပ်ဌာနချုပ်ကို သိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။

သမ္မတကွာတာရာက ဆုကြေးငွေကိစ္စ၊ အလုပ်ခွင် အခြေအနေကိစ္စတို့နှင့် ပတ်သက်၍ စစ်သားများ၏ တောင်းဆိုချက်များကို ဆောင်ရွက်ပေးရန် သဘောတူလိုက်ပြီဟု တနင်္ဂနွေနေ့က ရုပ်သံတွင် ပြောကြားခဲ့သည်။

လစာတိုးမည့်အပြင် ယခုပုန်ကန်သူများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် သဘောတူထားသည်ဟု သိရှိရသည်။

ယခုပုန်ကန်မှုကြောင့် ၂၀၁၁ ခုနှစ်က အဆုံးသတ်ခဲ့သော ဆယ်နှစ်ကြာ ပြည်တွင်းစစ်ကာလအတွင်း ကြုံခဲ့ရသည့် အကြမ်းဖက်ဖြစ်ရပ်များ ပြန်ပေါ်လာမည်ကို အများက စိုးရိမ်ခဲ့ကြသည်။

ယခုပုန်ကန်မှုတွင် ပါဝင်သူအချို့သည် ပြည်တွင်းစစ်အပြီး စစ်တပ်သို့ ဝင်ရောက်ခဲ့ကြသော ယခင်သူပုန်အဖွဲ့ဝင်များဖြစ်သည်ဟု ယူဆရသည်။

■ F-04

အောက်ဖော်ပြပါ အကြောင်းအရာများမှာ **National Geographic** က ထုတ်ဝေသည့် **Essential Visual History of The World** စာအုပ်ကို ဘာသာပြန်ဆို ဖော်ပြခြင်းဖြစ်သည်။ အပတ်စဉ် တနင်္ဂနွေနေ့တစ်ပတ်ခြား ပုံမှန်ဖော်ပြသွားမည်ဖြစ်သည်။

# ဥရောပမြောက်ပိုင်း



ဘုရင် ဂူစတတ် ၂ အဒိုဖာ

## ၁၅၀၀-၁၈၀၀

၁၃၉၇ ခုနှစ်မှစတင်ပြီး ဒိန်းမတ်၊ နော်ဝေနှင့် ဆွီဒင်မင်းနိုင်ငံတို့သည် ကယ်မာသမဂ္ဂအဖြစ် ပေါင်းစည်းခဲ့ကြသည်။ သို့သော် ဒိန်းမတ်သာ ကြီးစိုးနေသည့် သမဂ္ဂမှ ၁၅၂၃ ခုနှစ်တွင် ဆွီဒင်ဘုရင် ဂူစတတ် ၁ ဗာဆာ ခွဲထွက်ကာ လွတ်လပ်စွာရပ်တည်ခဲ့သည်။ ၁၆ ရာစုနှစ် တွင် စကင်ဒီနေးဗီးယားဒေသသည် လူသားဝါဒကို ထောက်ခံရာ ပင်မဒေါက်တိုင်တစ်ခုဖြစ်ခဲ့သည်။ နှစ် ၃၀ ဆယ်စစ်ပွဲတွင်း ၁၆၂၅ ခုနှစ် နှင့် ၁၆၆၁ ခုနှစ်တွင် ပရိုတက်စတင့်များကို ဒိန်းမတ်နှင့် ဆွီဒင်က ထောက်ခံပေးခဲ့သည်။ ဒိန်းမတ် လုံးဝချေမှုန်းခံလိုက်ရပြီးသည့်နောက် တွင် ဆွီဒင်သည် ခိုင်မာအားကောင်းစွာ ရပ်တည်နိုင်ခဲ့သည်။ ဘုရင် ဂူစတတ် ၂ အဒိုဖာ အုပ်စိုးသည့်ကာလတွင် ဆွီဒင်သည် မြင့်မြတ်သော ရောမအင်ပါယာတွင်းရှိ နယ်မြေများကို ပိုင်ဆိုင်လာသလို ဘောလ်တစ်နိုင်ငံများကို ထိန်းချုပ်နိုင်ခြင်းကိုလည်း တိုးချဲ့နိုင်ခဲ့သည်။ ယင်းကဲ့သို့ဘောလ်တစ်နိုင်ငံများကိုသိမ်းပိုက်ခဲ့မှုကြောင့်ပင် ၁၈ ရာစုတွင် ရုရှားနှင့် ဆွီဒင်ကြားပဋိပက္ခဖြစ်လာရခြင်းဖြစ်သည်။ အဆုံးသတ်အားဖြင့် ဘောလ်တစ်ပိုင်ဆိုင်မှုများနှင့် တောင်ပိုင်း ဖင်လန်ဒေသကို ဆွီဒင်ဆုံးရှုံးခဲ့ရသည်။ ပြည်တွင်းရေးအနေနှင့်မူ စကင်ဒီနေးဗီးယားသည် ဘုရင်နှင့် သူကောင်းမျိုးများကြား ပုံမှန်ပါဝါ ပြိုင်ဆိုင်မှုကို ကြုံတွေ့ခဲ့ရသည်။

## ဗာဆာ အိမ်တော်



ခရစ်စတင် ၁

သူကောင်းမျိုး ဂူစတတ်အဲရစ်စင်၏ ခေါင်းဆောင်မှုအောက်တွင် ဒိန်းမတ်လွှမ်းမိုးထားသည့် ကယ်မာသမဂ္ဂမှ ဆွီဒင်ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိခဲ့သည်။ ၁၅၂၃ ခုနှစ်တွင် ဂူစတတ်ဘုရင်အဖြစ် စတင်သရဖူဆောင်းခဲ့ပြီး ၁၅၂၇ ခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြန့်ပွားရေးလုပ်ဆောင်နိုင်ခဲ့သည်။ နှစ် ၃၀ စစ်ပွဲအတွင်း ဂူစတတ်၏ မြေးတော်ဂူစတတ် ၂ အဒေါ့ဖ်က ပရိုတက်စတင့်များကို ထောက်ခံခဲ့သည်။ ခေါင်းမာပြီး အလွန်အကျွံ များ လုပ်ဆောင်လေ့ရှိသည့် ခရစ်စတင် ၁ သည် ဗာဆာအိမ်တော်မှ နောက်ဆုံးသော ဆွီဒင်အုပ်စိုးသူဖြစ်သည်။ ၁၆၅၄ ခုနှစ်တွင် ခရစ်စတင် ၁ ထီးနန်းစွန့်လွှတ်ခဲ့ပြီး ကက်သလစ်ဘာသာသို့ ကူးပြောင်းခဲ့ကာ ရောမသို့ထွက်ခွာခဲ့သည်။ ရောမတွင်ပင် ၁၆၈၉ ခုနှစ်တွင် သေဆုံးခဲ့သည်။ ဗာဆာအိမ်တော်မှလာသည့် ကက်သလစ်အနွယ်များသည် ပိုလန်နှင့် လစ်သူရေးနီးယားကို ၁၆၆၈ ခုနှစ် မတိုင်ခင်ထိ ကြီးစိုးခဲ့သည်။

## မဟာမြောက်ပိုင်း စစ်ပွဲ

၁၇၀၀ ပြည့်နှစ်မှစတင်ပြီး နော်ဒစ်နိုင်ငံများသည် ဘောလ်တစ်ပင်လယ်ကို ကြီးစိုးနိုင်ရေး တိုက်ခိုက်ခဲ့ကြသည်။ ၁၇၀၀ ခုနှစ်တွင် ရုရှားဇာဘုရင် မဟာပီတာကို ဆွီဒင်ဘုရင် ချာလီ ၁၂ က နာဗာတိုက်ပွဲတွင် အနိုင်ရခဲ့သည်။ ယင်းနောက်ပိုင်းပေါ်လာသည့် တိုက်ပွဲစဉ်များအတွင်း ၁၇၀၉ ခုနှစ်တွင် ဆွီဒင်တို့ကို ပိုတာဗာဒေသ၌ ရုရှားတို့အနိုင်ရခဲ့သည်။ ဘောလ်တစ်ဒေသရှိ ဆွီဒင်နယ်မြေများကို ရုရှားက သိမ်းယူခဲ့ပြီး ချာလီဘုရင်လည်း တူရကီသို့ ထွက်ပြေးခဲ့ရသည်။ ၁၇၁၈ ခုနှစ်တွင် နော်ဝေရှိ တိုက်ပွဲတစ်ခုတွင် ချာလီအရေးနိမ့်ခဲ့သည်။ နီစတန်ဒတ်စာချုပ်ချုပ်ဆိုပြီးနောက် ၁၇၂၁ ခုနှစ်တွင် စစ်ပွဲပြီးဆုံးသွားကာ ဆွီဒင်နယ်မြေများ ဆုံးရှုံးခဲ့သည်။



နာဗာ တိုက်ပွဲ

## ဘုရင် နှင့် သူကောင်းမျိုးများ

ဆွီဒင်ဘုရင်ချာလီ ၁၂ သေဆုံးပြီးနောက် ပေါ်ပေါက်လာသည့် မတည်ငြိမ်မှုများသည် သူကောင်းမျိုးများကို အကျိုးအမြတ်ဖြစ်စေသည်။ ၎င်းတို့သည် ၁၇၁၉ ခုနှစ်တွင် ဗီတိုအာဏာကို တိုးချဲ့ခဲ့သည်။ ဘုရင်ဂူစတတ် ၃ အာဏာမသိမ်းခင် ၁၇၇၂ ခုနှစ် မတိုင်ခင်အထိ ဆွီဒင်သည် ငြိမ်းချမ်းမှုရရှိခဲ့သည်။ သူကောင်းမျိုးများ၏ပါဝါနှင့် သြဇာကို ဆန့်ကျင်ပြီး လူလတ်တန်းစားများကို ဂူစတတ် ၃ ထောက်ခံကာ လယ်သမားများ၏လူနေမှုအခြေအနေ ကောင်းမွန်လာစေရန် ကြိုးပမ်းပေးခဲ့သည်။ သို့သော် ရုရှားနှင့်စစ်ပွဲတွင် ဆုံးရှုံးမှုကြီးများ ကြုံတွေ့လိုက်ပြီးနောက် ဘုရင်အပေါ် လူကြိုက်များမှု ပျောက်ကွယ်သွားသည်။ လူလတ်တန်းစားများ၏အကူအညီရယူပြီး ဆွီဒင်သူကောင်းမျိုးများက ဘုရင်ကို ၁၇၉၂ ခုနှစ်တွင် ပျော်ပွဲရှင်ပွဲတစ်ခုတွင် လုပ်ကြံသတ်ဖြတ်ခဲ့သည်။



ဆွီဒင်ဘုရင် ချာလီ ၁၂

## စတူးနန့်

စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသည့်ဘုရင်ခရစ်စတင် ၇ ၏ ကိုယ်ရေးဆရာဝန်နှင့် မိဖုရား ကရိုလင်းမသီဒဲ၏အချစ်တော်ဖြစ်သူ တပ်မှူးဂျွန်ဖရက်ဒရစ်ဗွန်သည် ဒိန်းမတ်နန်းတော်တွင်း သြဇာခြယ်လှယ်ခဲ့သူဖြစ်သည်။ ၁၇၇၁ ခုနှစ်တွင် ဝန်ကြီးအဖြစ် ၎င်းကို တရားဝင်ခန့်အပ်လိုက်ကာ နယ်စားရာထူး ပေးအပ်လိုက်သည်။ ဉာဏ်အလင်းသစ်ခေတ်၏ တွန်းအားအရ ဆင်ဆာဖြတ်ခြင်းနှင့် နှိပ်စက်ခြင်းကို ၎င်းပယ်ဖျက်ပေးလိုက်ပြီး လယ်သမားများအပေါ် အခွန်ကြီးစွာ ကောက်ယူမှုကို ဖယ်ရှားလိုက်သည်။ ပိုမိုရှေးကျသည့် ကွန်ဆာဗေးတစ် သူကောင်းမျိုးများကြားတွင် စတူးနန့်၏ရန်သူ တိုးပွားလာခဲ့သည်။ ၎င်းကို ၁၇၇၂ ခုနှစ်တွင် ဖယ်ရှားပြီး သတ်ဖြတ်လိုက်သည်။



စတူးနန့်

## အချိန်ပြမျဉ်း

- ၁၄၄၈- ဒိန်းမတ်နှင့် နော်ဝေတွင် အိုဒန်ဘတ်အိမ်တော် အုပ်စိုး
- ၁၅၂၀- ဆွီဒင်အတိုက်အခံများကိုသတ်ဖြတ်ရန် ဒိန်းမတ်မှ ခရစ်စတင် ၂ အမိန့်ထုတ်
- ၁၅၂၃-၁၅၆၀- ဆွီဒင်တွင် ဂူစတတ် ဗာဆာ အုပ်စိုး
- ၁၅၈၈-၁၆၄၈- ဒိန်းမတ်တွင် ခရစ်စတင် ၄ အုပ်စိုး။ နောက်ပိုင်းတွင် နှစ် ၃၀ စစ်ပွဲတွင် အရေးနိမ့်
- ၁၆၁၁-၁၆၃၂- ဆွီဒင်တွင် ဂူစတတ် ၂ အုပ်စိုး
- ၁၆၁၈-၁၆၄၈- နှစ် ၃၀ စစ်ပွဲ
- ၁၆၃၂-၁၆၅၄- ဆွီဒင် ခရစ်စတင် အုပ်စိုး
- ၁၆၆၅- ဒိန်းမတ်တွင် ဖရက်ဒရစ် ၂ အကြွင်းမဲ့ အုပ်စိုး
- ၁၆၉၇-၁၇၁၈- ဆွီဒင်တွင် ချာလီ ၁၂ အုပ်စိုး
- ၁၇၀၀-၁၇၂၁- မဟာမြောက်ပိုင်း စစ်ပွဲ
- ၁၇၁၉-၁၇၇၂- ဆွီဒင်တွင် ငြိမ်းချမ်းမှုရရှိ
- ၁၇၇၂- ဒိန်းမတ်တွင် စတူးနန့်ကို ကွပ်မျက်
- ၁၇၇၁-၁၇၉၂- ဆွီဒင်တွင် ဂူစတတ် ၃ အုပ်စိုး

# သီလနှင့်ပညာ

ဗုဒ္ဓရှင်တော်မြတ်ဘုရား ရဟန်းငါးရာနှင့်အတူ အင်္ဂတိုင်းကိုလှည့်လည်စဉ်ကဖြစ်သည်။ စမ္ပာမြို့ကိုဆိုက်ရောက်ပြီးနောက် ဂဂ္ဂရာအမည်ရှိသည့် ရေကန်ဘေးတွင် ငြိမ်းချမ်းစွာ သီတင်းသုံးတော်မူနေသည်။

ထိုစဉ်က စမ္ပာမြို့ကို အုပ်ချုပ်နေသူမှာ သောဏဒဏ္ဍပုဏ္ဏားဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ် စမ္ပာမြို့ကို ရောက်ရှိသီတင်းသုံးနေကြောင်း မြို့သူမြို့သားများကြားရသဖြင့် ဖူးတွေ့ရန် သွားကြလေသည်။ သောဏဒဏ္ဍပုဏ္ဏားကြီးကလည်း မြို့သားများ အုန်းအုန်းကျွက်ကျွက် ဂဂ္ဂရာရေကန်ဘက်သို့ သွားနေသည်ကို ပြာသာဒ်ထက်မှမြင်ပြီး စိတ်ဝင်စားသောကြောင့် လူထုနှင့်အတူ လိုက်ပါသွားလေသည်။

ထိုစဉ်က စမ္ပာမြို့ကို ပုဏ္ဏားငါးရာတို့လည်း ရောက်ရှိနေကြလေသည်။ ပုဏ္ဏားမျိုးနွယ်များက သောဏဒဏ္ဍ ဗုဒ္ဓထံသွားသည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်ပြီး မသွားရန် တားမြစ်ကြလေသည်။

“သောဏဒဏ္ဍ သင်သည် အမျိုးဇာတ်မြင့်မြတ်ခြင်း၊ စည်းစိမ်ဥစ္စာ ကြွယ်ဝခြင်း၊ ဝေဒကျမ်းကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်း၊ ဗိမ္ဗိသာရမင်းကိုယ်တိုင် ချီးမြှောက်ခြင်းကို ခံထားရသူဖြစ်သောကြောင့် ဂေါတမထံ ကိုယ်တိုင်မသွားသင့်၊ ဂေါတမကသာ သင့်ထံလာရောက်ချဉ်းကပ်ပါစေ” ဟု ဝိုင်းဝန်းတားမြစ်ကြလေသည်။

သို့သော် သောဏဒဏ္ဍပုဏ္ဏားက ဂေါတမသည် အမျိုးအနွယ်မြင့်မြတ်သူဘဝမှ မိဘဆွေမျိုးများကို စွန့်ပယ်ကာ ရဟန်းဘဝဖြင့်နေထိုင်သူဖြစ်သောကြောင့် သူကိုယ်တိုင် ဗုဒ္ဓကိုချဉ်းကပ်သင့်ကြောင်း ဆုံးဖြတ်ပြီး ထွက်လာခဲ့သည်။ တားမရသည့်အဆုံးတွင် ပုဏ္ဏားငါးရာတို့လည်း ဗုဒ္ဓ၏ထူးခြားချက်များကို ကိုယ်တိုင် လေ့လာနိုင်ရန်အတွက် လိုက်ပါလာခဲ့ကြလေသည်။

သောဏဒဏ္ဍ ပုဏ္ဏားကြီးသည် သူတို့မျိုးနွယ်တွင် ဉာဏ်ပညာအရထင်ရှားသူဖြစ်သော်လည်း ဗုဒ္ဓနှင့်တွေ့ဆုံရလျှင် ဘာတွေမေးပြီး ဘာတွေ ဖြေရမှန်းမသိဖြစ်နေသည်။ ဗုဒ္ဓက သောဏဒဏ္ဍပုဏ္ဏားကြီးနှင့်အဖွဲ့အား ဝမ်းမြောက်စွာကြိုဆိုလက်ခံသည်။ ဗုဒ္ဓက သောဏဒဏ္ဍကို မေးလိုက်သည့်မေးခွန်းမှာ ရိုးရိုးလေးဖြစ်သည်။

“အချင်း ပုဏ္ဏားကြီး ပုဏ္ဏားဆိုသည်မှာ မည်သည့်အင်္ဂါများနှင့် ပြည့်စုံသူကို ခေါ်ဆိုသနည်း” ဟူ၍ဖြစ်သည်။

ပုဏ္ဏားကြီးက ခက်ခဲသောမေးခွန်းများ အမေးခံရမည်ဟု ထင်မှတ်ထားရာက ဗုဒ္ဓ၏ရိုးစင်းသောမေးခွန်းလေးကို ဤသို့ ပြန်လည်ဖြေကြားခဲ့ပါသည်။

“အရှင်ဂေါတမ၊ ပုဏ္ဏားတို့မည်သည် ငါးပါးသောအင်္ဂါနှင့်ပြည့်စုံမှ ပုဏ္ဏားဟုခေါ်ပါသည်။ ထိုငါးပါးမှာ မျိုးရိုးသန့်စင်ခြင်း၊ ဗေဒင်သုံးပုံနှင့်တကွ အဘိဓာန်၊ ဆန်း၊ အလင်္ကာကျမ်းတို့ကို တတ်မြောက်ကျွမ်းကျင်ခြင်း၊ ရုပ်ဆင်းအင်္ဂါတင့်တယ်ခံ့ညားခြင်း၊ အကျင့်သီလနှင့်ပြည့်စုံခြင်း၊ ဉာဏ်ပညာပြည့်ဝခြင်းနှင့် ပြည့်စုံသူများဖြစ်ရပါသည်” ဟုလျှောက်ထားလိုက်သည်။

ဤနေရာတွင် ဗုဒ္ဓနှင့်သောဏဒဏ္ဍတို့ အပြန်အလှန် မေးမြန်းဖြေကြားချက်များသည် အလွန်စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ပုဏ္ဏားတို့တွင် ထိုအင်္ဂါငါးပါးသည် အရေးကြီးသည်၊ အင်္ဂါငါးပါးပြည့်စုံမှ ပုဏ္ဏားဖြစ်သည်ဆိုခြင်းကို ဗုဒ္ဓက ခွင်းချက်နှင့် မေးကြည့်သည်။

“ထိုငါးပါးတွင် တစ်ပါးပျက်ယွင်းပြီး လေးပါးတည်းနှင့် ပုဏ္ဏားမဖြစ်နိုင်ဘူးလား”

“ဖြစ်နိုင်ပါသည်”

“မည်သည့်တစ်ပါးကို ချန်ထားနိုင်သနည်း”

“ရုပ်ဆင်းအင်္ဂါ မတင့်တယ်လည်း ပုဏ္ဏားဖြစ်နိုင်ပါသည်”

“နောက်တစ်ပါး ထပ်ချန်လို့ ရသေးသလား။ သုံးပါးတည်းနဲ့ ပုဏ္ဏား မဖြစ်နိုင်ဘူးလား”

“ဖြစ်နိုင်ပါသည်။ ဗေဒင်သုံးပုံ မကျွမ်းကျင်လည်း ပုဏ္ဏားဖြစ်နိုင်ပါသည်”

“ကျန်သုံးပါးထဲတွင် နောက်ထပ်တစ်ပါး ချန်ထား၍ ရနိုင်သေးသလား”

“ရနိုင်ပါသည်။ မျိုးရိုးသန့်စင်ခြင်းမရှိလည်း ပုဏ္ဏားဖြစ်နိုင်ပါသေးသည်”

“သောဏဒဏ္ဍ နောက်ဆုံးနှစ်ပါးသာ ကျန်တော့သည်။ ထိုနှစ်ပါးတွင် နောက်ထပ်တစ်ပါးကို ထပ်ပြီး ချန်ထားနိုင်သေးသလော”

ဗုဒ္ဓရှင်တော်မြတ်ဘုရားနှင့် သောဏဒဏ္ဍ ပုဏ္ဏားကြီးတို့မျိုးနွယ်ဆိုသည့် သဘောတရားနှင့်ပတ်သက်ပြီး အရေးကြီးဆုံးဆိုသောအရာကို ပြောဆိုဆွေးနွေးရာမှ နောက်ဆုံးနှစ်ခုသာကျန်တော့သည်။ “သီလနှင့်ပညာ” ဖြစ်သည်။ သီလနှင့်ပညာတစ်ခုခုကို ထပ်ဖျက်နိုင်သေးသလောဆိုသည့် မေးခွန်းကို ပုဏ္ဏားကြီးက -

“အကျင့်သီလနှင့် ဉာဏ်ပညာကို ထပ်ဖျက်၍မရနိုင်တော့ပါ အရှင် ဂေါတမ။ ပညာကို သီလဖြင့် ဆေးကြောရပါ၏။ သီလကိုလည်း ပညာဖြင့် ဆေးကြောရပါ၏။ သီလရှိသောသူမှ ပညာရှိပါသည်။ ပညာရှိသောသူမှ သီလရှိပါသည်။ လောကတွင် သီလနှင့်ပညာသည် အမြတ်ဆုံးဖြစ်ပါသည်။ ဥပမာအားဖြင့် လက်တစ်ဖက်ဖြင့် ကျန်လက်တစ်ဖက်ကို ဆေးကြောနိုင်သကဲ့သို့၊ ခြေတစ်ဖက်ဖြင့် ကျန်ခြေတစ်ဖက်ကို ဆေးကြောနိုင်သကဲ့သို့ ဖြစ်ပါသည်။ သီလမရှိဘဲ ပညာမရှိနိုင်၊ ပညာမရှိဘဲ သီလမရှိနိုင်။ ထိုနှစ်ပါးကို မပစ်ပယ်နိုင်” ဟုပြန်လည်လျှောက်ထားလိုက်လေသည်။

သောဏဒဏ္ဍပုဏ္ဏားကို ဗုဒ္ဓက “သီလနှင့်ပညာ” အကြောင်း မေးသည်။ ပုဏ္ဏားကြီးက -

“တပည့်တော်သိထားသည်မှာ တိမ်လှသည်။ အရှင်ဘုရား ဟောကြားတော်မူပါဟု လျှောက်ထားသည်။ ဗုဒ္ဓက သီလနှင့်ပညာအကြောင်း သာမညဖလသုတ်တွင် ဟောကြားတော်မူခဲ့သည့်အတိုင်း အကျယ်ချဲ့ကာ ဟောကြားတော်မူသည်။

ပုဏ္ဏားငါးရာသည် သောဏဒဏ္ဍအား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တပည့်ဖြစ်သွားမည်ကို စိုးရိမ်ကြသည်။ သို့သော်တရားအဆုံးတွင် သောဏဒဏ္ဍပုဏ္ဏားကြီးက ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်သူ “ဥပါသကာ” အဖြစ်ခံယူသွားလေသည်။ ထို့ပြင် ဗုဒ္ဓမြတ်စွာအား ရှိသေစွာရှိခိုးပြီးနောက် နောက်တစ်နေ့နံနက်တွင် ရဟန်းသံဃာများနှင့်အတူ အိမ်ကိုကြွလာပြီး ဆွမ်းခံယူရန် လျှောက်ထားသွားလေသည်။

လောကတွင် လူ့အမျိုး၊ လူ့ဇာတ်ဆိုသည်မှာ အရေးမကြီး “သီလနှင့်ပညာ” သာအရေးကြီးကြောင်း ဖွင့်ဆိုနိုင်ခဲ့သော ဗုဒ္ဓ၏တရားပြဆိုမှုမှာ ပုဏ္ဏားများအတွက် အသိတရားရစရာ ဖြစ်သွားခဲ့ရပါသည်။

**(ရည်ညွှန်း - ဒီဃနိကာယ်၊ သောဏဒဏ္ဍသုတ်)** ■




# ပင်လယ်စာဟင်းလျာ

# Baked and Grilled

**ဒီတစ်ပတ်တော့ ပင်လယ်စာကြိုက်တဲ့သူတွေအတွက် ကိုယ့်ရဲ့အိမ်မှာပဲ ချက်ပြုတ်စားနိုင်အောင် Baked and Grilled လို့ အမည်ရတဲ့ ပင်လယ်စာဟင်းလျာ ချက်ပြုတ်နည်းကို ပြောပြချင်တယ်။**



အရင်ဆုံး ဆော်လမွန်ငါး စတဲ့ ကိုယ်ကြိုက်နှစ်သက်တဲ့ ငါးတစ်မျိုးမျိုးကို အညစ်အကြေးသန့်စင်ပြီး အသားတွေကိုပါးလွှာအောင်လှီး အရသာအတွက် ဆား၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ နနွင်းမှုန့်တို့နဲ့ နယ်ပေးထားပါ။ ပြီးရင် ပုစွန်အကောင်အတိုင်း ရေဆေးပေးပြီး ကျောကနေခွဲပေးပါ။ ကျောခွဲထားတဲ့ ပုစွန်တွေကို ဆား၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်တို့နဲ့ နယ်ပေးပါ။ ပြီးရင် City Mart စတဲ့ ဆူပါမားကက်တွေမှာ အလွယ်တကူဝယ်လို့ရတဲ့ ခဲပတ်စက္ကူထဲမှာ ခုန အရသာနယ်ထားတဲ့ငါးတွေကိုထုပ်ပြီး လျှပ်စစ်ကင်စက်တွေပဲဖြစ်ဖြစ်၊ မီးသွေးမီးဖိုနဲ့ပဲဖြစ်ဖြစ် ကင်ပေးပါ။ ငါးမတူးအောင်တော့ အချိန် ၁၀ မိနစ်လောက်ဆိုတာနဲ့ ဟိုဘက်ဒီဘက်လှန်ပေးပါ။ ငါးတွေကျက်ပြီဆိုရင် အရသာနယ်ထားတဲ့ ပုစွန်တွေကို ကင်ပေးပါ။ ငါး၊ ပုစွန်တွေ ကင်ပြီးပြီဆိုရင်တော့ တွဲဖက်စားဖို့အတွက် အရွက်တွေက မုန်ညင်းထုပ်၊ မုန်လာဥနီ၊ Baby Corn တွေကို ပါးပါးလှီးပြီး ငါးနဲ့ ပုစွန်တွေပေါ်ကနေ ချိစ်အနှစ်ရည်ဖျန်းပေးလိုက်တာနဲ့ ကိုယ်တိုင်ချက်ထားတဲ့ Baked and Grilled လို့ အမည်ရတဲ့ ပင်လယ်စာဟင်းလျာကို စားနိုင်ပါပြီ။

## ပါဝင်ပစ္စည်း

ဆော်လမွန်ငါး၊ ပုစွန်၊ ဆား၊ ဝေ့ချွမ်ဟင်းရွက်ဟင်းချိုမှုန့်၊ နနွင်းမှုန့်၊ မုန်ညင်းထုပ်၊ မုန်လာဥနီ၊ Baby Corn၊ ချိစ်တို့ ပါဝင်ပါတယ်။

ဒီအစားအစာအတွက် ကမာရွတ်မီဒီယာကနေ ကူးယူဖော်ပြထားတာဖြစ်ပြီး Root Kitchen & Bar စားဖိုမှူး ကိုသန်းထိုက်က ချက်ပြုတ်ပေးထားတာဖြစ်ပါတယ်။





# Photo Essay

## နာဂရိုးရာ နှစ်သစ်ကူးပွဲ

ဓာတ်ပုံ - ငြိမ်းသူမင်း

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီလ ၁၄ ရက်နေ့မှ စတင်ကျင်းပနေပြီဖြစ်သည်။ လေရှီး၊ လဟယ်၊ နန်းယွန်း စသည့်မြို့များတွင် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို အလှည့်ကျကျင်းပခြင်းဖြစ်သည်။ ယခု ၂၀၁၇ ခုနှစ်တွင် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီအဖွဲ့နှင့် နာဂဦးစီးအဖွဲ့တို့ ပထမဆုံးအကြိမ် စုပေါင်းကျင်းပသော နှစ်သစ်ကူးပွဲတော် မြင်ကွင်းပုံရိပ်အချို့ကို ဖော်ပြလိုက်ပါသည်။

















# အောင်မြင်တဲ့ ကလေး ပြုစုမွေးရအောင်



AskMen

### ချီးမွမ်းပေးပါ

ကလေးဆိုတာ အားပေးဖို့လိုတယ်။ လေးဖက်သွားတဲ့အရွယ်၊ မတ်တတ်ရပ်တဲ့အရွယ် ဘောလုံးပဲ ပစ်ပစ်၊ မြေပေါ်မှာ စက်ဝိုင်းလေးတစ်ဝိုင်းပဲ ရေးရေး "တော်လိုက်တာ" ဆိုတဲ့ စကားလေးဟာ သူတို့အတွက် အားဆေးလေးပဲ။ သူတို့ကို အားပေးကြည့် လိုက်မဖြစ်နိုင်ဘူး၊ မလုပ်နိုင်တော့ဘူးလို့ ထင်တာတွေဟာ အလိုလိုပြီးသွားတာ တွေ့ရလိမ့်မယ်။

ကလေးကို ချီးမွမ်းတာလည်း မဆိုင်ပဲ ချီးမွမ်းတာတွေမဖြစ်အောင် လူကြီးက ဂရုစိုက်ရတယ်။ ချွတ်ထားတဲ့ အဝတ်ကို ခြင်းထဲ သွားထည့်တာမျိုးကို "တော်လိုက်တာ" လို့ ချီးကျူးမယ့်အစား "ကျေးဇူးပဲ" ဆိုတဲ့ စကားလုံးလောက်သုံးရင်ရပြီ။ ဘာကြောင့်လဲဆိုတော့ ဒါကမိခင်ကို အကူအညီပေးတဲ့ သဘောဆိုတာ နားလည်စေချင်လို့ပါ။ ကလေးက ပုံဆွဲတာ တော်တယ်။ ပုံကလည်း အရမ်းကောင်းနေတယ်။ "တော်လိုက်တာ" လို့ ပြောသင့်သလို "သားရေ ပန်းရောင်အစား အနီရောင်လေး ခြယ်ကြည့်ပါလား" လို့လည်း ပြောပေးကြည့်သင့်တယ်။

### မကယ်တင်ပါနဲ့

ဒီစကားက ရက်စက်ရာရောက်တယ်။ ကလေးဆိုတာ မိဘက အကာအကွယ်ပေးရမှာ မှန်ပေမယ့် နေရာတကာ လိုက်ပြီးတော့ "မသွားနဲ့" "မလုပ်နဲ့" "မစားနဲ့" "မကိုင်နဲ့" ဆိုပြီးတော့ လိုက်တားမြစ်နေဖို့တော့ မဟုတ်ဘူး။ သာမန်လောက် လဲကျတာကို ကိုယ်က သည်းသည်းလှုပ်ပြနေဖို့မဟုတ်ဘူး။ "လာ ဒီကိုလာ ဖေဖေ ထူပေးမယ်" ဆိုတာလောက်တော့ ပြောကြည့်သင့်တယ်။

ကလေးကို ဆုံးရှုံးတတ်တယ်ဆိုတဲ့ သဘောတရားတွေကို အတွေ့အကြုံရအောင် လုပ်ပေးစေချင်တယ်။ ဝမ်းနည်းမှုတွေ၊ စိုးရိမ်မှုတွေ၊ ကြောက်ရွံ့မှုတွေ ဖြစ်ပေါ်လာနိုင်တာ ကလေး သဘာဝပဲ။ ဝမ်းနည်းလို့ ကြောက်လို့ ငိုလည်း ငိုပါစေ။ အန္တရာယ်ဆိုတာ လူကြီးက လိုက်လုပ်ပေးနေလို့ဘေးကင်းနေတာထက် သူတို့ ကိုယ်တိုင်ရှောင်ဖယ်သွားနိုင်အောင် လုပ်ပေးသင့်တယ်။ နေရာတကာ မိဘကလိုက်လုပ်မပေးဘူးဆိုတဲ့ အသိက သူတို့ဘာသာသူတို့ အားထုတ်ရမယ်ဆိုတာမျိုးကို ဖြစ်လာလိမ့်မယ်။

### ကိုယ်ပိုင်ဆုံးဖြတ်ပါစေ

ကလေးတွေကို သူတို့ကိုယ်ပိုင် ဆုံးဖြတ်မှုလေးတွေနဲ့ တွေးဆပြီး တီထွင်လုပ်ဆောင်ဖို့ အခွင့်အရေးပေးသင့်တယ်။ ကလေးဆိုတာ ပြေးချင်တယ်။ ခုန်ချင်တယ်။ အဲဒါကို မပြေးနဲ့၊ မခုန်နဲ့ လုပ်လိုက်ရင် သူတို့စိတ်ရှုပ်တတ်တယ်။ ဒါကြောင့် ဘေးဖြစ်မှာ လုပ်တော့မယ်ဆိုရင်တောင် သူတို့ကို ရွေးချယ်ခွင့်ပေးရမယ်။ ဥပမာ သုံးနှစ်သား သားငယ်ကို နေ့လယ်စာကျွေးမယ်ဆိုပါတော့။ ကိုယ်ကြိုက်တာချည်းမဖြစ်အောင် သူကြိုက်တာ သူစားနိုင်အောင် အစားအစာဆိုရင်လည်း သုံးမျိုးလောက် ရွေးချယ်ဖို့အခွင့်ပေးထားမယ်။ ၈ နှစ် သမီးလောက်ဆိုရင်လည်း ငါဝတ်ခိုင်းတာဝတ်ဆိုတာထက် သမီးရေ ဒီသုံးစုံထဲက ကြိုက်တာရွေးဆိုတာလေးနဲ့ လေ့ကျင့်ပေးသင့်တယ်။

### ရေတစ်ဝက်ကြီးများတောင်ဆိုတဲ့ အတွေးမျိုးကို ခံယူတတ်ပါစေ

ကလေးဆိုတာမျိုးက ရှုံးရင်စိတ်ပျက်တတ်တယ်။ သူတို့ကို ဆုံးရှုံးမှုတစ်ခုခုဆိုတာ ရှိနိုင်တယ်။ အကောင်းမြင်ပေးဖို့ လိုတယ်ဆိုတာကို လေ့ကျင့်ပေးနိုင်တယ်။ ခဲတံက ထက်ပိုင်းကျိုးသွားလို့ ငိုလာတဲ့ ကလေးကို "သမီးလေး နှစ်ပိုင်းကျိုးသွားတော့ နှစ်ချောင်းဖြစ်သွားတာပေါ့" ဆိုတာမျိုးနဲ့ ဖြေသိမ့်ပေးနိုင်အောင် ကြိုးစားရမယ်။ စိတ်အားငယ်နေတဲ့ ကလေးကို ရိုက်မောင်းပုတ်မောင်းလုပ်ပြီး ဆုံးမတာထက် "ဘာဖြစ်သေးလဲ နောက်ထပ် ကြိုးစားလို့ရတာပဲ" "ဒါစိတ်ခါတ်ကျစရာမဟုတ်ဘူး ထပ်ကြိုးစားရမှာ" ဆိုတာမျိုးတွေကို ကလေး နားလည်အောင် ပြောဆို သုံးနှုန်းသင့်ပါတယ်။

### သူတို့စိတ်ဝင်စားတာ နားလည်ပေးပါ

ကလေးဆိုတာ စိတ်ကစားတတ်တယ်။ သူစိတ်ထဲမှာ မြင်မြင်သမျှကိုလည်း စိတ်ဝင်စားနိုင်တယ်။ ပန်းချီဆွဲဖို့ စိတ်ဝင်စားနေတဲ့ကလေးကို ဘောလုံးအတင်းမကန်ခိုင်းပါနဲ့။ သူတို့ဘာကို စိတ်အားအထက်သန်ဆုံးလည်း ဆိုတာ စောင့်ကြည့်အကဲခတ်ပြီး မြေတောင်မြှောက်ပေးထားနိုင်ရင် ကျောင်းသွားတဲ့အခါ အများကြီး အထောက်အကူဖြစ်စေနိုင်ပါတယ်။ သူတို့ ဝါသနာမပါဘဲ ကိုယ်ဝါသနာပါတာနဲ့ အတင်း မြေတောင်မြှောက်ပေးတာခံရတဲ့ကလေးဟာ ဘာတစ်ခုမှဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်မှာ စိုးရိမ်ရတယ်။

### ပြဿနာကို ဖြေရှင်းနိုင်အောင် လမ်းကြောင်းပေးပါ

ကလေးဆိုတာ သူတို့ဖြစ်ချင်တာတွေ လုပ်ချင်တာတွေကို လူကြီးတွေနဲ့ ညှိနှိုင်းရမယ်ဆိုတဲ့ အသိမျိုးတွေ ဖြစ်ပေါ်လာအောင် လုပ်ပေးသင့်တယ်။ ဥပမာ ကလေးက အတူကစားနေတဲ့ကစားဖော်တစ်ယောက်က သူ့ကားလေးကို ယူသွားတယ်လို့ လာပြောမယ်။ ဒါကို အတင်းပြန်လုခိုင်းမလား၊ လူကြီးက ရန်လိုက်တွေ့ပြီး ဆွဲလုလာမလား စဉ်းစားရမယ်။ လူကြီးက သွားပြန်လုခဲ့လို့ ခိုင်းတာထက် ကောင်းတဲ့အဖြေကို ရှာပြနိုင်ရမယ်။ လုသွားတဲ့ ကလေးကို နောက်ထပ်တစ်ရုပ်ပေးပြီး စည်းရုံးမလား၊ သူတို့ကို အတူတူပြန်ခေါ်ပြီး နောက်ထပ်ကားတစ်စီး ထပ်ပေးပြီး ကစားခိုင်းမလား။ တစ်ခုခုကို လူကြီးက တွေးပေးရမယ်။ ဒါမှမဟုတ် သူ့ကို တစ်ယောက်တည်းကစားနိုင်တဲ့ နည်းလမ်းတွေ ဖန်တီးပေးနိုင်ရမယ်။

### သူတစ်ပါးကို ကူညီစေလို

ကလေးကို အိမ်မှာကတည်းက မိဘကို ကူညီတာမျိုးလေးတွေနဲ့ လေ့ကျင့်ပျိုးထောင်ပေးသင့်တယ်။ ပန်းကန်လေး မေမေ့ကို ယူပေးပါဦး။ ကျေးဇူးတင်လိုက်တာ သမီးလေး။ သားရေ ဖေဖေ့ကို သတင်းစာ သွားပေး စတဲ့ကူညီခိုင်းမှုလေးတွေနဲ့ သူတို့ကို စသင်ထားသင့်တယ်။ ကျောင်းသွားတက်ရင်လည်း သူတို့ ကူညီနိုင်သမျှ ကူညီနိုင်အောင် ဖော်ဆောင်ပေးသင့်တယ်။ ကျောင်းကို ပန်းတွေ ယူသွားပေးပါလား။ ဟိုမှာ သူငယ်ချင်းကို သွားကူလိုက်ဦးစတဲ့ ဖော်ဆောင်ခိုင်းတာလေးတွေက သူတို့ရဲ့ ပရဟိတစိတ်တွေကို နှိုးဆွပေးရာ ရောက်စေနိုင်ပါတယ်။

### သူတို့နဲ့ အချိန်များများ နေနိုင်အောင် ကြိုးစားပေးပါ

ကလေးဆိုတာ မိဘက ခင်တွယ်စရာ မှီတွယ်စရာမကောင်းရင် သူငယ်ချင်းအပေါင်းအသင်းအပေါ်မှာ မှီခိုတွယ်တာ အားထားသွားတတ်တယ်။ ကျောင်းကို မပို့မီစပ်ကြားမှာ လက်ဦးဆရာဆိုတာ မိဘက ပိုအရေးကြီးပါတယ်။ မေတ္တာနဲ့ နွေးထွေးမှုတွေဟာ သူတို့ဘဝအတွက် ထာဝရလုံခြုံစေပါလိမ့်မယ်။ ကလေးတွေကို အိမ်ဖော်တွေ၊ ဦးလေးတွေ၊ အဒေါ်တွေနဲ့ ပစ်ထားတာထက်၊ မိဘကိုယ်တိုင် ရင်ခွင်ပိုက်ကြီးထွားစေတာ ကွာခြားမှုတွေ အများကြီး ရှိနိုင်ပါတယ်။ ကလေးဆိုတာ သူတို့ မိဘတွေလောက် ဘယ်သူ့ကိုမှ အထင်ကြီးလေးစားလောက်စရာတွေလို့ မမြင်တတ်ပါဘူး။ မိဘတွေက သူတို့အတွက် နေရာမပေးနိုင်ရင်တော့ မပြောတတ်ဘူးပေါ့။

### စိတ်ကူးတွေ ယဉ်စမ်းပါစေ

ကလေးဆိုတာ စိတ်ကူးတွေယဉ်ပြီးတော့ ကြီးပြင်းလာကြရတယ်။ ဆရာဝန်ကြီး ဖြစ်ရမယ်၊ စစ်ဗိုလ်ကြီးဖြစ်ရမယ်၊ အင်ဂျင်နီယာကြီးဖြစ်ရမယ်လို့ လိုက်ပြီးတော့ လမ်းကြောင်းပေးနေစရာ မလိုပါဘူး။ သူတို့ အဆိုကျော်ကြီးလည်း ဖြစ်နိုင်တာပဲ။ အာကာသသူရဲကောင်းကြီးလည်း ဖြစ်နိုင်တာပဲ။ သူတို့ကို ပုံစံခွက်ထဲ မထည့် လိုက်ပါနဲ့။ သူတို့ ဖြစ်ချင်တာတွေကို လွတ်လပ်စွာ ဖြစ်ခွင့်ပေးဖို့ သဘောထားကြီးပေးစေချင်ပါတယ်။ ကလေးတိုင်းမှာ အိပ်မက်လေးတွေ ရှိတတ်ပါတယ်။ သူတို့အိပ်မက်ကို အတင်းလိုက်ပြီး နှိုးဖို့ မကြိုးစားပါနဲ့။

■ **E01**

**(Ref : Secrets of Confident Kids, Alina Tugend)**

# ရသည့်ငါး သေးသည်



**ရှေး**ရှေးတုန်းက အလွန်ချစ်ခင်ကြသည့်သူငယ်ချင်း နှစ်ယောက်ရှိသည်။ သူငယ်ချင်း နှစ်ယောက်သည် စနေနေ့တိုင်း ငါးမျှားထွက်လေ့ရှိသည်။ သူတို့သူငယ်ချင်းနှစ်ယောက်သည် အလုပ်တွေများ၊ မိသားစုတာဝန်တွေများသော်လည်း စနေနေ့တိုင်း ဆုံတွေ့ကာ လမ်းလျှောက်ပြီးနောက် ကန်ထဲတွင် ငါးဖမ်းရင်း စကားတွေ ပြောလေ့ရှိကြသည်။

တစ်ခုသော စနေနေ့တွင် သူငယ်ချင်း နှစ်ယောက်သည် ငါးမျှားထွက်လာကြသည်။ သူတို့က ငါးဖမ်း၍ရလာလျှင် တစ်ခါတည်း ချက်စားရန် ဒယ်အိုး၊ ဟင်းခတ်အမွှေးအကြိုင်၊ ဆီနှင့် မီးဖိုများလည်း ယူဆောင်လာ ခဲ့ကြသည်။

သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် ငါးမျှားနေကြသည်။ ပထမ သူငယ်ချင်းက ပထမဆုံး ငါးအကြီးကြီးတစ်ကောင် စတင်ဖမ်းမိသည်။ သူက ငါးကြီးကို ရေခဲထည့်ထားသည့် ဖော့ဘူးထဲတွင် ထည့်ထားလိုက်သည်။ စားသည့်အခါတွင် လတ်ဆတ်စွာ စားနိုင်ရန်ဖြစ်သည်။

နောက်တစ်ကြိမ် ငါးဖမ်းရာတွင်လည်း ပထမ သူငယ်ချင်းကသာ ငါးကြီးတစ်ကောင် ထပ်ရပြန်သည်။ သူက ပျော်ရွှင်သွားပြီး ငါးကို ဖော့ဘူးထဲ ထည့်ထားလိုက်ပြန်သည်။ ဒုတိယသူငယ်ချင်းမှာ နေ့ခင်းအချိန်ရောက်တော့မည် ငါးတစ်ကောင်မှ မရသေးပေ။

ပထမသူငယ်ချင်းက ဒုတိယသူငယ်ချင်းအား-

"သူငယ်ချင်းရယ် ငါးမရလည်း ငါရထားတဲ့ ငါးနှစ်ကောင်ကို ကြော်ပြီးစားကြတာပေါ့" ဟု ပြောလိုက်သည်။ ဒုတိယ သူငယ်ချင်းက လက်မခံ။ သူဆက်ပြီးဖမ်းမည်ဆိုပြီး ဖမ်းနေသည်။

မကြာမီ ဒုတိယငါးဖမ်းသူ ငါးမျှားတံကို ငါးလာဟပ်သည်။ သူက ဆွဲတင်လိုက်ပြီးနောက် ပြန်လွှတ်ပေးလိုက်သည်။ ပထမ သူငယ်ချင်းက သူဖမ်းမိထားသော ငါးနှစ်ကောင်ကို ခုတ်ထစ်ပြီး ကြော်နေသည်။ ဒုတိယသူငယ်ချင်းက ဖမ်းလိုက် ပြန်လွှတ်လိုက် လုပ်နေသည်။ နောက်ဆုံးတွင် ပထမ သူငယ်ချင်းက-

"သူငယ်ချင်းရေ ဒီမှာ ငါးကြော်တွေရပြီ လာစားရအောင်" ဟုပြောလိုက်သည်။

ဒုတိယသူငယ်ချင်းက ဖမ်းယူရရှိသည့် ငါးကို ပြန်လွှတ်လိုက်ပြန်သည်။

"သူငယ်ချင်း ဘာဖြစ်လို့ မိထားတဲ့ ငါးတွေကို ပြန်လွှတ်ပေးနေရတာလဲ"

"မင်း ဖမ်းထားတဲ့ ငါးတွေလောက်မကြီးလို့" ဟု ပြန်ပြောလိုက်လေသည်။

■ **E01**

**(လောကတွင် ရသည့်ငါးကို သေးနေသည်ဆိုပြီး မျှဝေမစားနိုင်သောသူမျိုးတွေ များစွာရှိနိုင်ပါသည်။)**



**"သားခေါင်းထဲမှာ ဦးနှောက်ရှိတယ်။**
**သားခြေထောက်မှာ**
**ရှူးဖိနပ်တွေ ဝတ်ထားတယ်။**
**သားသွားမယ့်လမ်းကို**
**သားကိုယ်တိုင်ရွေးချယ်**
**လျှောက်လှမ်းရမယ်"**

**Dr. Seuss**

**(American Writer)**

**(1904-1991)**

# Satire




စာရေးဆရာကြီးဖြိုသည် နှာခေါင်းအလွန်ကြီး၏။ ယခင်ကတော့ သူသည်သူ၏ ကြီးမားပွရောင်းသော နှာခေါင်းကြီးကြောင့် နာမည်ကျော်စာရေးဆရာကြီးဖြစ်လာမည်ဟု လားလားမျှပင် မထင်မိခဲ့။

ထို့ကြောင့် အနီ နှာခေါင်းကြီးကို သူ သဘောမတွေ့။ ယခုမူ သူသည် နှာခေါင်းကြီးခွင့်ပေးခဲ့သော မွေးသမိခင်ကျေးဇူးရှင်အား ကျေးဇူးအထူးတင်နေ၏။ မတင်ခံနိုင်ရိုးလား။ သူသည် ဒီနေ့ခေတ်တွင် ထိုနှာခေါင်းကြီးကြောင့် နာမည်ကျော်စာရေးဆရာကြီး ဖြစ်နေချေပြီတည်း။

ဆရာကြီးဖြိုသည် လုံးချင်းစာအုပ်တစ်အုပ် ထွက်ထားလေသည်။ ထိုစာအုပ်သည်လည်း မဟာရန်ကုန်ရွှေမြို့တော်တွင် ဆန့်တငင်ငင် အသက်ရှင်လျက်ရှိသော စာအုပ်စတိုးဆိုင်ကြီးများရှေ့ရှိ ဘတ်စ်ဆဲလား စာအုပ်စာရင်းတွင် ဖျစ်ဖျစ်မြည်အောင် ထိပ်ဆုံးကနေလေသတည်း။

ထိုစာအုပ်စာရင်းကို မြင်တိုင်း ဆရာကြီးဖြိုသည် သူ့နှာခေါင်းအား ပွတ်သပ်ကာ အကျေနပ်ကြီးကျေနပ်လေတော့သည်။

ဆရာကြီးဖြိုသည် ဘတ်စ်ဆဲလား စာရေးဆရာကြီးမဖြစ်ခင်ကတည်းက ဝါသနာအရ တန်ဖိုးရှိသော စာပေသုံးလေးပုဒ်ကျော်ကျော်ကို ဖေ့ဘွတ်ဟု ခေါ်ဆိုသည့် ပြဲလရမ်းအုတ်နံရံနှင့်တူသောနေရာတွင် ရေးသားခဲ့ချေသည်။

"ဟိုရှေးရှေးတုန်းက ဘုရင်မင်းတရားကြီးသည် အီးအီးပါသောအခါ ဖင်ပြောင်ကြီးနှင့် ပါလေ၏" ဟူသည့် အလွန်ရသပြောင်မြောက်သည့် စာများသည် ဆရာကြီးဖြို၏ လက်ရာများပင်။

အနီဖေ့ဘွတ်ဟူသည်ကား ချိုမိုင်မိုင် ချိုမိုင်မိုင် မေမေ့ချိုချိုကိုင် ဟူသော မဟာအလင်္ကာကြီးမျိုးကို ရေးသားကာ နာမည်ရှေ့တွင် ပိုးဟပ်ဟု တပ်သူ တစ်သန်း ရှိနေသောနေရာ။

ခဲတံအတုံးဖြင့် ဝလုံးဆွဲကာ သံသရာဟု ခေါင်းစဉ်တပ်တင်ပြီး နာမည်ရှေ့တွင် အားတစ်ဟု ခေါင်းစဉ်တပ်သူ တစ်သိန်းရှိသော နေရာဖြစ်ချေ၏။

ထို့ကြောင့် ဆရာကြီးဖြိုသည် အဆိုပါပြဲလရမ်းအုတ်နံရံဖေ့ဘွတ်ကြီးပေါ်တွင် သူ့ကိုယ်သူ မြန်မာဘာသာဖြင့် စာရေးဆရာဟု အမိပ္ပာယ်ထွက်ပြီး သိုးဆောင်းဘာသာဖြင့် ဝရိုက်တာဟုတွင်သော အမည်နာမကို တပ်၏။

ဆရာကြီးဖြိုသည် ထိုစာပေများကို ဖေ့ဘွတ်ပေါ်တင်သည့်အခါ ရိုးရိုးတန်းတန်းမတင်။ သူ၏ ကြီးမားလှစွာသော နှာခေါင်းကြီးပါရှိသည့် မျက်ခွက်မင်္ဂလာကြီးကို ဓာတ်ပုံရိုက်ကာ စာနှင့်တွဲလျက်တင်၏။

စာပေလောက ဟူသည်ကား ခေတ်အဆက်ဆက် လောကနီတိတရားကို ကျင့်ကြံကြသူတို့ ပျော်စံရာပင်။

ယခုခေတ် စာပေလောကသားများသည်လည်း ထိုအစဉ်အလာကောင်းကို အဘယ်မှာ ဖျောက်နိုင်အံ့နည်း။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဟူဘိ လောကနီတိရှိ၏ မဟုတ်လော။

ထို့ကြောင့် စာပေလောကသား စာရေးဆရာကြီးငယ်ဟူသမျှတို့သည် အနီဖေ့ဘွတ်လောကမှ ဆရာကြီးဖြို၏ ဂုဏ်သတင်းကို ခံစားတွေ့ထိသောအခါ ဆရာကြီးဖြိုအား စာပေလောကတွင် နေရာပေးပြီး ရိုသေချီးမြှောက်ရန် ကြံစည်ကြသည်ကား အပြစ်မဆိုသာ။

ကြီးသူကို ရိုသေဆိုသည့် နီတိလာအတိုင်း နှာခေါင်းချည်းတစ်ခု ကွက်ကြီးနေသည့် ဆရာကြီးဖြိုကို စာပေဆရာတို့ **အယ်ဒီတာမင်း**အဖြစ် ကြီးစိုးရာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း မီဒီယာအပေါင်းမှ တကူးတက ဖိတ်ခေါ်စာများ ပါးကြလေသတည်း။

ဖိတ်ခေါ်စာများ လက်ခံရရှိသော ဆရာကြီးဖြိုအလောင်းအလျာသည် ထိုမီဒီယာတိုက်များသို့ သွားသည့်အခါ **အယ်ဒီတာ**မမများက ဆရာကြီးဖြို၏ နာမည်ကျော် နှာခေါင်းပွရောင်းကြီးကို တခုပ်တရကြည့်ကြ၏။

ထို့နောက် တိုက်ပိုင်ဓာတ်ပုံဆရာအသီးသီးက နာမည်ကျော်လတ္တံ့သော ဆရာကြီးဖြိုအား နှာခေါင်းအသားပေး ပို့စ်ပေးနည်းမျိုးစုံကို ပြသလျက် ဓာတ်ပုံရိုက်ကြလေ၏။

တချို့လည်း "ထင်သလောက်တော့မဟုတ်ပါဘူးကွ...အပြင်မှာ အနေတော်ပါပဲ" ဟု လည်းကောင်း၊ တချို့က "ကိတ်ချက်အေ...နှာခေါင်းနဲ့တင် ဟောလိဝုဒ်တက်လို့ရနေပြီ" ဟူပြီးတစ်ဖုံ အမျိုးမျိုး ထင်ကြေးပေးလျက် ဓာတ်ပုံတွဲရိုက်ကြကုန်၏။

ဓာတ်ပုံကိုယ်စီတွဲရိုက်ပြီးနောက် ဆရာကြီးဖြိုက သူ၏ စာပေရည်မှန်းချက်နိဗ္ဗာန်ဘုံအား အရောက်ပို့ပေးမည့်ပေါင်းကူးတံတား ကျွတ်တရားဖြစ်သည့် အနီ အယ်ဒီတာမင်းတို့အား စာမူပို့အံ့ငှာ စကားစလိုက်သည်။

အယ်ဒီတာမင်းတို့သည် နှာခေါင်းမျက်နှာဖြင့် စာကိုလက်ခံရမည့်ဝတ္တရားရှိသဖြင့် ပြုံးဖြီးဖြီးဖြင့် ခေါင်းတညိတ်ညိတ် လုပ်ကြပြန်ကုန်သည်။

အပတ်ကုန်၍ လကုန်သောအခါ ဂျာနယ် သတင်းစာ မီဒီယာအပေါင်း၏ စာမျက်နှာများတွင် ဆရာကြီးဖြို၏နှာခေါင်းကော့၊ နှာခေါင်းလုံး၊ နှာခေါင်းပျံ၊ နှာခေါင်းတစောင်း၊ နှာခေါင်းပင့်၊ နှာခေါင်းကိတ် ဓာတ်ပုံကြီးများစွာနှင့်အတူ ဆရာကြီးဖြို ရေးလတ္တံ့သော မဟာစာမူတော်များ နေရာယူလာကြလေသတည်း။

လူမင်း ဘုန်းကြီးလျှင် နတ်မင်းမနေသာ။

မီဒီယာ ဘုန်းကြီးသောခေတ်ဖြစ်သည့်အတွက် ကြော်ငြာရှင် စီးပွားရေးလုပ်ငန်းတို့ခမျာလည်း မနေသာတော့။ ဆရာကြီးဖြိုအား သူတို့၏ စီးပွားရေးလုပ်ငန်းများအတွက် ကြော်ငြာရိုက်ပေးရန် ကမ်းလှမ်းတော့သတည်း။

သို့ပေသိ ဆရာကြီးဖြိုသည် စာပေလောကသို့ နှာခေါင်းအရင်းပြု ဝင်လာသော်ငြား စာပေမာနတော့ရှိသည် ။

အနီ စီးပွားရေးသမားတို့အား သရုပ်ဆောင်ခနည်းလျှင် မရိုက်ဟု ခပ်ပြတ်ပြတ်ပြော၏။ စီးပွားရေးသမားတို့ကလည်း မငြင်း။ မြင်သာထင်သာရှိသော စာရေးဆရာနှာခေါင်းဖြင့် သူတို့ကုန်ပစ္စည်းကို ဂုဏ်တက်စေလိုသဖြင့် ဆရာကြီးဖြိုခမျာ စာရေးဆရာတင်မက မော်ဒယ်လ်ဘွိုင်းပါ ဖြစ်ရရှာလေသည်။

မော်ဒယ်လ်ဘွိုင်းစာရေးဆရာကြီးဖြိုသည် များမကြာမီပင် သူ၏ လုံးချင်းမဟာစာအုပ်တော်ကြီး ထွက်ရှိပြီးနောက် စာပေလောက၏ ဘတ်စ်ဆဲလား သုခုမဆရာကြီးစာရင်း တန်းဝင်လေ၏။

မနာလိုကြသူအပေါင်းက ဆရာကြီးဖြိုအား စာပေလောကသို့ နှာခေါင်းဖြင့်တိုက်ပြီး ဝင်လာခဲ့သူဟုလည်းကောင်း၊ ဆရာကြီးဖြို၏ နှာခေါင်းကြီးသည် ဆီလီကွန်ထိုးထားသော နှာခေါင်းကြီးဟု လည်းကောင်း တစ်ဖန် လေကန်ဝေဖန်ကြလေသည်။

ထိုအခါ ဆရာကြီးဖြိုကလည်း သူ၏နှာခေါင်းမှာ အော်ရီဂျင်နယ် မူလပထမနှာခေါင်းဖြစ်ကြောင်းကို နှာခေါင်းပေါ်မှ ဆားဝက်ခြံများကို ညှစ်ပြကာ သက်သေပြလေ၏။

မည်သို့ပင်ဖြစ်စေ ဆရာကြီးဖြိုသည် မြန်မာစာပေလောက၏ စာရေးဆရာကြီးကား ဖြစ်သွားလေပြီ။

တစ်ခုသောကာလတွင် စာပေလောကကြီး၏ အထင်ကရ အိုပယ် စာပေပွဲတော် အမည်ရှိ စာရေးသူ၊ ဖတ်သူ စုံညီပွဲတော်ကြီးကျင်းပချေ၏။

ထိုပွဲတွင် ပါဝင်လတ္တံ့သော စာရေးဆရာအပေါင်းသည် စာအုပ်များ မရောင်းရမည့်အတူတူ ပြဇာတ်မင်းသား မင်းသမီးအဖြစ် တစ်ခါလောက်ဖြစ်ဖူးရန် ကြံရွယ်ကြလေ၏။

**အနီဖေ့ဘွတ်ဟူသည်ကား ချိုမိုင်မိုင် ချိုမိုင်မိုင် မေမေ့ချိုချိုကိုင် ဟူသော မဟာအလင်္ကာကြီးမျိုးကို ရေးသားကာ နာမည်ရှေ့တွင် ပိုးဟပ်ဟု တပ်သူ တစ်သန်း ရှိနေသောနေရာ။ ခဲတံအတုံးဖြင့် ဝလုံးဆွဲကာ သံသရာဟု ခေါင်းစဉ်တပ်တင်ပြီး နာမည်ရှေ့တွင် အားတစ်ဟု ခေါင်းစဉ်တပ်သူ တစ်သိန်းရှိသော နေရာဖြစ်ချေ၏။**

ဖက်ခွက်စားဟုတစ်ဖုံ၊ အမြင်ဟုတ်သလောက်ရင်ရှုပ်သည့်ဇာတ်ဟု တစ်ဖန် သူတို့ဖွဲ့နွဲ့ခဲ့ကြလေသော ဇာတ်ခုံပေါ်တွင် သရုပ်ဆောင်ကပြကြမည့် စာရေးဆရာစာရင်းကြီး ထွက်လာချေပြီ။

အလို...အို...အနီစာရင်းတွင် ဆရာကြီးဖြိုမှ မပါလျှင် ဘယ်ပွဲဖြစ်မလိမ့်ဟု ဆိုရပေချိမ့်။

ဆရာကြီးဖြို၏ နာမည်ကျော် နှာခေါင်းကြီးကို မြင်ရအံ့ အလို့ငှာ ဆရာကြီးနှင့် တွဲကချင်သူ စာရေးဆရာမ အိုအယ် ကြီးငယ်လတ် ပျိုရွယ်ကလည်း အများသား။

ဆံပင်ဖြူ ကြာဆံအလိပ်တို့ဖြင့် အမြင်မတင့်ကြသော စာရေးဆရာမ အိုအယ်အချို့သည် ဆရာကြီးဖြိုနှင့် တွဲရန်အလို့ငှာ ဆံပင်တုများပင် ဖော်ရိန်းမှ ဝယ်စွပ်ကြလေ၏။

ဆရာကြီးဖြိုနှင့်တွဲခွင့်ရသည့် စာရေးဆရာမများကား ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ရွှင်မြူးကြလေသည်ကား ပြောကုန်ဖွယ်ပင်မရှိ။

ထိုအချိန်တွင် "တစ်ရံရောအခါက ဘုရင်ကြီးသည် ဖင်လှန်ပြီး အီးအီးပါလေသည်" ဟူသော စာများကို တစ်ချိန်က ရေးခဲ့သည့် စာရေးဆရာကြီးဖြို မူသည်ကား စာရေးဆရာ၊ မော်ဒယ်လ်သရုပ်ဆောင် ဘဝမှသည် ပြဇာတ်မင်းသားဘဝသို့ပင် အောင်မြင်တော့မည်ဖြစ်သဖြင့် သူ၏ကျေးဇူးရှင် နှာခေါင်းတော်ကြီးအား ရှေ့ကွပ်လျက် ပြဇာတ်တွင် ဝင်ရောက်ကပြပြီး ရွှေနှာခေါင်းမောင်မောင်ဖြို အမည်ဖြင့် ရုပ်ရှင်သရုပ်ဆောင်လောကသို့ ခြေချရန် ထပ်မံ ကြံစည်လေနေတော့သတည်း။

■ **ဖြိုတိသျှကိုကိုမောင်**


AIRCON
YBS







**စာမျက်နှာ - 15 ကမ္ဘာ့သမိုင်းထဲက ၁၁ း ၀၂ နာရီ မှ အဆက်**

သွားတဲ့နာရီကိုတော့ ပြတိုက်အဝင်ဝမှာ ထားရှိပါတယ်။ အဏုမြူဗုံးနဲ့ ပတ်သက်သမျှသမိုင်းမှတ်တမ်း၊ မီးလောင်ကျွမ်းပြီး ကျန်ရစ်တဲ့ အသုံးအဆောင်ပစ္စည်းများအားလုံး၊ သေဆုံးသူများ၊ ဒဏ်ရာရသူများ အခြေအနေတွေကို ပြတိုက်အထဲမှာ ပြသထားပါတယ်။ အဲ့ဒီနောက်မှာတော့ အဏုမြူဗုံးကြဲဖို့ဖြစ်လာရတဲ့ သမိုင်း၊ ဆွေးနွေးမှုများနဲ့ တရုတ်နဲ့ ဂျပန်ကြားစစ်ပွဲ၊ ပစိဖိတ်ဒေသစစ်ပွဲများအကြောင်းကို ရေးထိုးထားပါတယ်။ အဏုမြူဗုံးရဲ့အဖျက်စွမ်းအားကို သတိရစေဖို့၊ ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်စေဖို့ ရည်ရွယ်ချက်နဲ့ ဂျပန်ကျောင်းသားငယ်များကို အလည်အပတ်ပို့ကြတာတွေ့ရပါတယ်။ ပြတိုက်ရဲ့ဘေးမှာ ဗုံးဒဏ်ကြောင့် သေဆုံးခဲ့သူတွေအတွက် Nagasaki National Peace Memorial Hall အမှတ်တရထားရှိပါတယ်။ ပြတိုက်ရဲ့အနီးမဝေးမှာရှိတဲ့ ဗုံးဗဟိုချက်အမှတ်အသားထားရှိတဲ့ကွင်းပြင်ကြီး (Nagasaki Hypocenter Park) နဲ့ နာဂါစကီ ငြိမ်းချမ်းရေးပန်းခြံ (National Peace Park)ကြီးကိုသွားရောက်ပြီး သေဆုံးသွားသူတွေအတွက်၊ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးကြတာ တွေ့ရပါတယ်။

အတိတ်ကဖြစ်ရပ်ဆိုးတွေဟာ ဂျပန်လူမျိုးတွေအတွက် မျက်ရည်တွေနဲ့ မှတ်တမ်းထိုးခဲ့ရတဲ့ သင်ခန်းစာကြီးတစ်ခုပါပဲ။ အခုချိန်မှာတော့ စစ်ရှုံးခဲ့ပေမယ့် ဂျပန်ဟာ နိုင်ငံသားတွေရဲ့မှန်ကန်တဲ့မျိုးချစ်စိတ်တွေ၊ စည်းကမ်းလိုက်နာမှုတွေကြောင့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေပြီး ပြာပုံကြားက နာဂါစကီမြို့လေးဟာလည်း ဇာမဏီငှက်လေးလို မီးလျှံကြားကနေ ပြန်လည်အသက်ဝင်လာခဲ့ပါပြီ။ စစ်ကြီးပြီးဆုံးခဲ့ပြီးနောက်မှာ ဂျပန်ပြည်သူ၊ ပြည်သားတွေအနေနဲ့ နိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံသားအားလုံး ညီညွတ်ခဲ့ကြလို့ ကမ္ဘာ့အလယ် ဝင့်ထည်စွာ နေနိုင်ခဲ့ကြပါပြီ။

စစ်ဖြစ်တဲ့နိုင်ငံတိုင်းမှာ စစ်ကြောင့် အပြစ်မဲ့လူသားတွေ သေဆုံးခဲ့ကြရတယ်။ ကလေးငယ်တွေ မိဘတွေမဲ့ခဲ့ကြရတယ်။ အနာဂတ်တွေ ပျောက်ဆုံးသွားကြရတယ်။ တိုင်းပြည်တိုးတက်ရေးတွေ နှောင့်နှေးကြရတယ်။ စာရေးသူ တွေးမိတယ်။ စာရေးသူတို့နိုင်ငံကော...။ ပြည်တွင်းစစ်တွေ နှစ်ပေါင်းများစွာ ဖြစ်နေဆဲ။ တိုင်းရင်းသားညီအစ်ကိုတွေ အချင်းချင်း တိုက်ခိုက်နေကြဆဲ။ ငတ်မွတ်နေတဲ့ ကလေးတွေရဲ့ဆာလောင်မွတ်သိပ်မှုတွေ၊ အနာဂတ်ပျောက်ဆုံးနေတဲ့ ဘဝတွေ၊ နှစ်ပေါင်းများစွာအတွင်း ပေးဆပ်လိုက်ရတဲ့အသက်တွေ ဘာအတွက်လဲ၊ ဘာကြောင့်လဲ။ နာဂါစကီအဏုမြူဗုံးပြတိုက်က အပြန် စာရေးသူ စိတ်ထဲက အကြိမ်ကြိမ်ရွတ်ဆိုမိတယ် "မလိုချင်ဘူး...စစ်"။

■ **အုန်းဇင်လင်း (ပညာရေး)**




**စာမျက်နှာ - 14 စွန့်ဦးလုငယ်စီးပွားရေးလုပ်ငန်းရှင်များ မှ အဆက်**

မည်။ အထူးသဖြင့် လူငယ်များသည် မိမိကိုယ်ပိုင် အစွမ်းအစထက် မိဘ သို့မဟုတ် ဆရာသမားတစ်ဦးဦး၏ အရှိန်အဝါကို ရယူသုံးစွဲလိုက်လျှင် ပိုပြီးအောင်မြင်လိမ့်မည်ဟု ထင်တတ်ကြခြင်းဖြစ်သည်။ ကိုယ်မပိုင်သည့် ဩဇာအရှိန်အဝါဆိုသည်မှာ နှစ်ဖက်ချွန်ဓားတစ်ချောင်းဖြစ်ပါသည်။ တစ်ဖက်က ထိုးလိုက်နိုင်သော်လည်း ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ထိနိုင်ကြောင်း သတိထားရမည်။ ကိုယ်ပိုင်အစွမ်းအစ၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ရရှိလာမည့် ဂုဏ်သိက္ခာမှသာ ထာဝရစိတ်ချရပါလိမ့်မည်။

**(၄) လုံလောက်အောင် မစုံစမ်းခြင်း**

အလုပ်တစ်ခုကို လုပ်ဆောင်ရာတွင် ခိုင်လုံတိကျသည့်ဒေတာများကို အလုံအလောက် စိစစ်လေ့လာနိုင်စေရန် ရထားဖို့လိုသည်။ ကိုယ်တိုင်ရှာဖွေ လေ့လာထားရန် တာဝန်ရှိသည်။ အချက်အလက်မခိုင်လုံလျှင်၊ တိကျသည့်ဒေတာများ မရထားလျှင် ဆုံးဖြတ်ချက်ချရန် ခက်ခဲနိုင်သည်။ ထို့ကြောင့် ကိုယ်လုပ်မည့် လုပ်ငန်းဆိုင်ရာ ဒေတာများကို စုဆောင်းလေ့လာထားခြင်းမရှိလျှင် ကျဆုံးသွားမည်သာဖြစ်သည်။

**(၅) ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်ခြင်း**

စိတ်ကူးရှိသည်၊ အကြံဉာဏ်ရှိသည် သို့သော် အရင်းအနှီးမရှိလျှင်လည်း ဘာမျှဆက်လုပ်နိုင်မည်မထင်ပါ။ လူငယ်ဆိုသူများတွင် များသောအားဖြင့် လုပ်ချင်သည့်စိတ်ဓာတ်သာရှိပြီး လုပ်ငန်းကို အကောင်အထည်ဖော်နိုင်မည့် အရင်းအနှီးများ မရှိဖြစ်တတ်သည်။ ထို့ကြောင့် လုပ်ချင်သည့်စိတ်၊ လုပ်နိုင်သည့်စွမ်းအားအပြင် လုပ်ငန်းကို အကောင်းဆုံး အကောင်အထည်ဖော်ပေးနိုင်မည့် ငွေကြေးရင်းနှီးမြှုပ်နှံပေးနိုင်မည့်သူများရှိရန်လည်း လိုအပ်သည်။

မည်သည့်လုပ်ငန်းမဆို အောင်မြင်စေရန် စွန့်စားရပါသည်။ မြှုပ်နှံရပါလိမ့်မည်။ အမှားကို မမြှုပ်နှံမိဘဲ မှန်ကန်သောနည်းလမ်းများဖြင့် ရှေ့ဆက်လှမ်းနိုင်ရန် လိုပါလိမ့်မည်။ စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်ဖြစ်လိုလျှင် စိန်ခေါ်မှုများကို ဉာဏ်ဖြင့်သုံးသပ်ပြီး ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အရှိဆုံးသူများဖြစ်ရန်လည်း အရေးကြီးသည်။

■ **E01**

**(Ref : Young Entrepreneures, Investopedia)**


# အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| Sky Art Beauty Saloon<br>No.(10), (A-1)<br>Ph:09-421029930 | CAR AGENCY<br>Ph:09-5406948,09-73234204 | No.507<br>Ph:09-448025538,09-5152208 | | | |
| ဦးဘာဘူ (စ) ဦးရဲထွန်း | မှန်ပါရှု<br>No.6<br>Ph: 09-31274655,09-5154979,<br>09-43020598,09-425272177 | Ph:01-548194 | Hot Spot<br>(BBQ & HOTPOT)<br>No.87, Yadanar Street,<br>Near Wai Zayanar Road,<br>South Okkalapa Township<br>Ph:09-252692764,09-252692765 | BSR<br>Plaster Decorative Product<br>Professional Standard Quality | Ph:09-43134049 |
| AM<br>Ph:09-421045896,09-795286208 | Magic<br>No.2219, Sat Paing8 Street,<br>Bago | Noble Steel<br>Ph:09-421150344 | Forntline<br>(Exclusive Men's Wear)<br>No.579<br>Ph:09-73049723,09-5170479 | Top MAN<br>(Fashion Wears)<br>Whole Sales & Retails<br>A-20/21/22, B-20,21,C-20/21,<br>Car parking (p-3), Yuzana plaza<br>Ph:09-7320568,09-5083783,<br>01-200747 Ext 3336 | |
| 26 | (JJ)<br>No.33<br>Ph:09-42815445 | Ph:09-797727861 | | Ph: 09-793082006,09-421083247 | No.213<br>Ph:09-420077466 |
| No.19<br>Ph:09-422455084 | | (Fashion Shop)<br>Ph:09-786411109,09-786411108 | | | |

# အင်မိုဘိုင်းရဲ့သွင်းဂိုးတွေနဲ့အတူ ရောမမြေမှာ လာဇီယို အောင်ပွဲခံမယ့် ညတစ်ည

## အီတလီစီးရီးအေပွဲစဉ် (၂၀) ပွဲကြိုသုံးသပ်ချက်

**ဒီကနေ့ညယှဉ်ပြိုင်မယ့် စီးရီးအေပွဲစဉ်တွေထဲမှာ အကြိတ်အနယ်ဖြစ်လာဖို့ရှိနေတဲ့ပွဲစဉ်တွေက အူဒီးနီးစ်နဲ့ ရိုးမား၊ ဖီအိုရင်တီးနားနဲ့ ဂျူဗင်တပ်တို့ အားပြိုင်ကြမယ့်ပွဲစဉ်တွေပါပဲ။ စီးရီးအေဘောလုံးရာသီဟာ ဒီနှစ်မှာတော့ အရင်နှစ်တွေကထက် ပိုပြီးအကြိတ်အနယ်ဖြစ်နေပါတယ်။ ချန်ပီယံပြေးလမ်းထက်က အသင်းတွေအကြားမှာ အမှတ်ကွာဟချက် ကျဉ်းမြောင်းလွန်းနေတာက စီးရီးအေရဲ့ဆွဲဆောင်မှုတစ်ခုဖြစ်လာတာ အမှန်ပါပဲ။ လာဇီယိုနဲ့ အေစီမီလန်တို့လိုအသင်းတွေ ကစားအားပြန်တက်လာတာကြောင့် ဥရောပပြိုင်ပွဲဝင်ခွင့်အားပြိုင်မှုတွေဟာ ဆက်လက်ပြီး အရှိန်အဟုန် ပြင်းထန်နေဦးမှာပဲဖြစ်ပါတယ်။**

### ကက်ဂလီယာရီ - ဂျီနိုအာ

**ပထမအကျော့ရလဒ် - ဂျီနိုအာ ၃ - ၁ ကက်ဂလီယာရီ**

ကက်ဂလီယာရီဟာ အိမ်ကွင်းမာဂုဏ်ရှိတဲ့ အသင်းဖြစ်ပါတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ စီးရီးအေပွဲစဉ် လေးပွဲမှာ တစ်ပွဲသာ အနိုင်ရပြီး သုံးပွဲ ရှုံးနိမ့်ထားတဲ့အခြေအနေတစ်ရပ်ကို အလှည့်အပြောင်းလုပ်ဖို့အတွက် ကက်ဂလီယာရီ အားစိုက်ကစားလာမှာပါ။ ကက်ဂလီယာရီ ကပ်နိုင်သွားပါလိမ့်မယ်။

### လာဇီယို - အတ္တလန္တာ

**ပထမအကျော့ရလဒ် - အတ္တလန္တာ ၃ - ၄ လာဇီယို**

လာဇီယိုက ဒီနှစ်ဘောလုံးရာသီမှာ ပုံစံကောင်းတစ်ရပ်ရရှိနေပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ အမှားအယွင်း ကြီးကြီးမားမား မဖြစ်ရလေအောင် လာဇီယို သတိထားကစားတတ်တာက ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်ပါပဲ။ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာကို ရည်မှန်းကြိုးစားနေတဲ့ လာဇီယိုကို သဘောကျမိတယ်။

### နာပိုလီ - ပက်စ်ကာရာ

**ပထမအကျော့ရလဒ် - ပက်စ်ကာရာ ၂ - ၂ နာပိုလီ**

အမှတ်ပေးဇယားအောက်ခြေဆီကို ရောက်နေတဲ့ ပက်စ်ကာရာဟာ နာပိုလီတိုက်စစ်ကို ခံစစ်သက်သက်နဲ့ပဲ တုံ့ပြန်သွားရဖို့ ရှိနေပါတယ်။ ခြေတစ်ချက်ချော်ခဲ့ရင် ရရှိထားတဲ့ အဆင့်သုံးနေရာလေး သူများလက်ထဲရောက်သွားမှာဖြစ်လို့ နာပိုလီ အမှားမခံလောက်ပါဘူး။ အနိုင်ရလဒ်က သုံးဂိုးပြတ်သားဖို့ လိုပေမယ့် နာပိုလီပဲ ရွေးလိုက်ပါရစေ။







### အူဒီးနီးစ် - ရိုးမား

**ပထမအကျော့ရလဒ် - ရိုးမား ၄ - ၀ အူဒီးနီးစ်**

ဂျူဗင်တပ်က ဖီအိုရင်တီးနားနဲ့ ပွဲကျပ်ကစားရဖို့ရှိနေချိန်မှာ ဒီပွဲကိုသာ အနိုင်ရလိုက်မယ်ဆိုရင် ရိုးမားအတွက် အခွင့်အလမ်းကောင်းတစ်ချို့ ပေါ်ထွက်ကောင်း ပေါ်ထွက်လာနိုင်ခြေ ရှိနေပါတယ်။ အူဒီးနီးစ်ဟာ ရိုးမားရဲ့ဖိအားပေးမှုကို ရေရှည်တောင့်မခံနိုင်လောက်ပါဘူး။ ရိုးမားကပ်နိုင်လိမ့်မယ်။

### ဆမ်ဒိုးရီးယား - အမ်ပိုလီ

**ပထမအကျော့ရလဒ် - အမ်ပိုလီ ၀ - ၁ ဆမ်ဒိုးရီးယား**

အဆင့် ၁၇ နေရာကိုရောက်နေပေမယ့် အမှတ်ရရှိထားမှုအရ အမ်ပိုလီဟာ တန်းဆင်းဇုန်နဲ့ လွတ်လွတ်ကင်းကင်း ရှိနေဆဲပါပဲ။ အဝေးကွင်းပွဲစဉ်တွေဆိုရင် အသင်းကစားအား ကျဆင်းသွားတတ်လေ့ရှိတဲ့ အချက်ဟာ အမ်ပိုလီကို ဒုက္ခပေးလာဖို့ ရှိနေပါတယ်။ ဆမ်ဒိုးရီးယားကို ရွေးထားလိုက်ကြပါ။

### ဆက်ဆူအိုလို - ပါလာမို

**ပထမအကျော့ရလဒ် - ပါလာမို ၀ - ၁ ဆက်ဆူအိုလို**

ပါလာမိုဟာ တန်းဆင်းဇုန်ထဲကနေ ရုန်းထွက်ဖို့အတွက် အမှတ်ရှာဖွေနေပြီဖြစ်ပါတယ်။ ဆက်ဆူအိုလိုက ဒီနှစ်ဘောလုံးရာသီမှာ ယူရိုပါလိဂ်နဲ့ စီးရီးအေအကြား ဟန်ချက်ထိန်းညှိနိုင်စွမ်းမရှိခဲ့လို့ ရလဒ်တွေ ဆိုးရွားသွားခဲ့တာပါ။ ဒါပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် အတိုင်းအတာတစ်ရပ်အထိ စိတ်ချရသေးလို့ ဆက်ဆူအိုလိုကိုပဲ ရွေးသင့်တယ်။

### ဖီအိုရင်တီးနား - ဂျူဗင်တပ်

**ပထမအကျော့ရလဒ် - ဂျူဗင်တပ် ၂ - ၁ ဖီအိုရင်တီးနား**

ဖီအိုရင်တီးနားဟာ ဒီနှစ်ဘောလုံးရာသီမှာတော့ ခြေအတက်အကျမမှန်တဲ့ အခြေအနေဆိုး တစ်ရပ်ကို ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ်ကိုးပွဲမှာ လေးပွဲနိုင်၊ ငါးပွဲသရေ ရလဒ်ရယူပြီး ဖီအိုရင်တီးနားက ရှုံးပွဲလုံးဝ ရှိမထားတာကို သတိပြုသင့်ပါတယ်။ သရေကျဖို့ ရာခိုင်နှုန်းများတဲ့ ပွဲပါ။ ဖီအိုရင်တီးနားကို ရွေးမယ်။ ■ E-11

---

# အယ်လ်ဂျီးရီးယားနဲ့ ဆီနီဂေါတို့ အုပ်စုအဖွင့်လှကြပါလိမ့်မယ်

## အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

**အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲဟာ ဒုတိယနေ့ဆီကို ရောက်ရှိလာခဲ့ပါပြီ။ ဒီကနေ့မှာတော့ အယ်လ်ဂျီးရီးယား၊ ဇင်ဘာဘွေ၊ တူနီးရှားနဲ့ ဆီနီဂေါတို့ပါဝင်နေတဲ့ အုပ်စု (ခ) ရဲ့ပွဲစဉ်တွေကို ကျင်းပသွားမှာပါ။ ဒီအုပ်စုမှာ နောက်တစ်ဆင့်တက်ရေးအတွက် အဓိကအားပြိုင်ကြရမှာက အယ်လ်ဂျီးရီးယား၊ တူနီးရှားနဲ့ ဆီနီဂေါတို့ဖြစ်ပါတယ်။ ဇင်ဘာဘွေကတော့ ဒီအုပ်စုမှာ အင်အား အနည်းပါးဆုံးအသင်းပါပဲ။ အယ်လ်ဂျီးရီးယားဟာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းကလိုမျိုး မှော်ဆန်တဲ့ခြေစွမ်းတွေ ထုတ်ဖော်ပြသနိုင်လေဦးမလားဆိုတာက စိတ်ဝင်စားစရာကောင်းလွန်းလှပါတယ်။**

### အယ်လ်ဂျီးရီးယား - ဇင်ဘာဘွေ

ဒီဘက်နှစ်တွေမှာ အယ်လ်ဂျီးရီးယားက အာဖရိကရဲ့ ထိပ်တန်းစာရင်းဝင် အသင်းတစ်သင်းဖြစ်လာခဲ့ပါပြီ။ မာရက်ဇ်၊ ဆလီမာနီ၊ ဘရာဟီမီ၊ ဘင်တာလက်ဘ်နဲ့ ဂူလမ်းတို့လို အကျော်အမော်တွေကို ပိုင်ဆိုင်ထားတဲ့ အယ်လ်ဂျီးရီးယားဟာ ဇင်ဘာဘွေကို ကစားကွက်အသာစီးယူပြီး သက်သောင့်သက်သာ အနိုင်ယူသွားပါလိမ့်မယ်။ အယ်လ်ဂျီးရီးယားနဲ့ပဲ လက်တွဲထားသင့်တယ်။



### တူနီးရှား - ဆီနီဂေါ

တူနီးရှားက အသင်းလိုက်ကစားအား မဆိုးလှပေမယ့် တိုက်စစ်မှာ အားကိုးရလောက်တဲ့ကစားသမားမျိုး ရှိမနေတာက သူတို့ရဲ့ ကြီးစွာသောအားနည်းချက်ကြီး ဖြစ်နေပါတယ်။ ဒီပွဲကို အနိုင်ရတဲ့အသင်းဟာ နောက်တစ်ဆင့်တက်ဖို့အတွက် အရမ်းပဲ အခြေအနေကောင်းသွားမှာပါ။ မာနီ၊ ဒီအော့ဖ်နဲ့ ကူယာတီတို့လို ပွဲအလှည့်အပြောင်း ဖန်တီးပေးနိုင်သူအများစုပါရှိတဲ့ ဆီနီဂေါကို အကြိုက်တွေ့မိတယ်။ ■ E-11

---

# တွစ်တာ Emoji ရရှိသည့် ပထမဆုံးပရီးမီးယားလိဂ် ကစားသမားအဖြစ် ပေါ့ဂ်ဘာ မှတ်တမ်းဝင်

**မန်ချက်စတာ၊ ဇန်နဝါရီ ၁၄**

မန်ယူကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် တွစ်တာလူမှုကွန်ရက်ဝက်ဘ်ဆိုက်တွင် Emoji ရရှိသည့်ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကာ ယင်းအတွက် တွစ်တာတွင် ပေါ့ဂ်ဘာ၏တရားဝင်စာမျက်နှာကိုရှာဖွေလိုပါ #pogba ဟု ရေးသားထည့်သွင်းလိုက်ရုံဖြင့် အလွယ်တကူ တွေ့ရှိနိုင်တော့မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

တွစ်တာသည် Emoji ရရှိသူများကို ၎င်းတို့၏ပုံတူပန်းချီများရေးဆွဲ၍ အသိအမှတ်ပြုပေးလေ့ရှိပြီး လက်ရှိတွင် ပေါ့ဂ်ဘာ၏တရားဝင်စာမျက်နှာ၌ ယင်း Emoji ပုံတူပန်းချီရုပ်ပုံကို တွစ်တာက ထည့်သွင်းပေးထားပြီလည်းဖြစ်သည်။

တွစ်တာသည် ပေါ့ဂ်ဘာအတွက် ရေးဆွဲပေးလိုက်သည့် Emoji ပုံတူပန်းချီရုပ်ပုံကို မန်ယူအသင်း၏ တရားဝင်တွစ်တာစာမျက်နှာနှင့် ချိတ်ဆက်ပေးထားပြီဖြစ်ပြီး ယင်းအတွက် ပေါ့ဂ်ဘာကို အားပေးထောက်ခံကြောင်း ပြသလိုသည့် ပရိသတ်များအနေနှင့် အဆိုပါ Emoji ရုပ်ပုံကို လွယ်လင့်တကူ အသုံးပြုနိုင်ကြတော့မည်လည်းဖြစ်သည်။

မန်ယူအသင်းစီမံခန့်ခွဲရေးဒါရိုက်တာ ရစ်ချတ်အာနိုးသည် ပေါ့ဂ်ဘာအတွက် တွစ်တာက Emoji သတ်မှတ်ပေးလိုက်ခြင်းကို လွန်စွာကျေနပ်အားရဖြစ်နေပြီး ယင်းသို့ ပေါ့ဂ်ဘာ Emoji ရရှိလိုက်ခြင်းက မန်ယူနှင့် ကမ္ဘာတစ်လွှားရှိ အသင်းအားပေးသူပရိသတ်များအကြား ဒစ်ဂျစ်တယ်လ်ပလက်ဖောင်းက တစ်ဆင့် ကူးလူးဆက်ဆံမှုကို လွန်စွာ တိုးတက်လာစေလိမ့်မည်ဟု ၎င်းက ပြောကြားသွားခဲ့သည်။

မန်ယူသည် ဖေ့စ်ဘွတ်ခ်တွင် Followers အရေအတွက် ၇၃ သန်း၊ တွစ်တာတွင် ၉ ဒသမ ၈ သန်း၊ အင်စတာဂရမ်တွင် ၁၅ ဒသမ ၄ သန်း ပိုင်ဆိုင်ထားပြီး ပေါ့ဂ်ဘာကလည်း ဖေ့စ်ဘွတ်ခ်တွင် Followers အရေအတွက် ၅ ဒသမ ၉ သန်း၊ တွစ်တာတွင် သုံးသန်း၊ အင်စတာဂရမ်တွင် ၁၁ ဒသမ ၉ သန်း ရရှိထားသူဖြစ်သည်။ ■

E-11

## MNL All Stars အသင်းနှင့် ထိုင်းကလပ် ဘူရီရမ်အသင်းတို့ခြေစမ်းပွဲပျက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ထိုင်းပရီးမီးယားလိဂ်ကလပ် ဘူရီယမ်ယူနိုက်တက်အသင်းနှင့် MNL All Stars အသင်းတို့၏ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကစားမည့်ခြေစမ်းပွဲ ပျက်ပြယ်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းခြေစမ်းပွဲကို သုဝဏ္ဏကွင်းတွင်ကျင်းပရန် စီစဉ်ခဲ့သော်လည်း နှစ်ဖက်အသင်းတာဝန်ရှိသူများ ညှိနှိုင်းမှုအဆင်မပြေသောကြောင့် ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်ဟုသာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ယင်းခြေစမ်းပွဲအတွက် MNL All Stars အသင်းကို နည်းပြချုပ်အဖြစ် ရတနာပုံအသင်းနည်းပြ ရီနီဒီဆေရီကို တာဝန်ပေးအပ်ထားခဲ့ပြီး လက်ရွေးစင်ကစားသမား ၁၃ ဦးအပါအဝင် ကစားသမား ၂၃ ဦးဖြင့် ယှဉ်ပြိုင်ရန်စီစဉ်ထားခဲ့ခြင်းဖြစ်သည်။

ဘူရီယမ်ယူနိုက်တက်အသင်းသည် ၂၀၁၇ ခုနှစ် ထိုင်းပရီးမီးယားလိဂ် ဘောလုံးရာသီမစတင်မီ ASEAN Tour အစီအစဉ်ဖြင့် ခြေစမ်းကစားရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ခြေစမ်းပွဲများကစားရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ■

**J-04**

## ဒုတိယအကြိမ် Takuya Taniyama Cup ကရာတေးဒိုပြိုင်ပွဲ ကစားသမား ၅၀ ကျော်ယှဉ်ပြိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကျင်းပသည့် ဒုတိယအကြိမ်မြောက် Takuya Taniyama Cup ကရာတေးဒိုပြိုင်ပွဲတွင် ကစားသမား ၅၀ ကျော် ယှဉ်ပြိုင်နေကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို ရန်ကုန်မြို့တော်ရှိ အောင်ဆန်းမိုးလုံလေလုံအားကစားရုံ၌ ဇန်နဝါရီလ ၁၄ နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မျိုးဆက်သစ်များပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် လူငယ်ကစားသမားများသာ ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ပြိုင်ပွဲဝင်အသင်း ကိုးသင်းမှ ကစားသမား ၅၅ ဦး ပါဝင်ယှဉ်ပြိုင်နေသည့် ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ခတ (အပြ) ပြိုင်ပွဲ၊ အမျိုးသား ကုမိတဲ့ (အတိုက်) ပြိုင်ပွဲတွင် ၅၂ ကီလိုအောက်၊ ၅၇ ကီလိုအောက်၊ ၅၅ ကီလိုအောက်၊ ၅၇ ကီလိုအထက်၊ ၆၁ ကီလိုအောက်၊ ၆၁ ကီလိုအထက်၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၇ ကီလိုအောက်၊ ၄၇ ကီလိုအထက်၊ ၅၃ ကီလိုအောက်၊ ၅၃ ကီလိုအထက်တို့ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၆ ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ဖူးသည်။ ■

**J-04**

## Today Update News

● ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် လက်စတာနှင့် ချယ်လ်ဆီးတို့ပွဲစဉ်မတိုင်မီတွင် နည်းပြကွန်တီအပါအဝင် အသင်းဆေးအဖွဲ့ဝန်ထမ်းများနှင့် အချေအတင်ဖြစ်ခဲ့ကာ ဒဏ်ရာရရှိနေသည့်၎င်းကို ပွဲကစားခိုင်းရန် နည်းပြကွန်တီက စီစဉ်ခဲ့သည်ကို ဒီယေဂိုကော်စတာက ဒေါသပေါက်ကွဲခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။ ဒီယေဂိုကော်စတာသည် နောက်ကျောနာကျင်မှုဝေဒနာ ခံစားနေရသည့်အတွက် ၎င်းအနေနှင့် ပွဲကစားပေးရန် အဆင်ပြေနိုင်လိမ့်မည်မဟုတ်ဟု အကြောင်းပြခဲ့ခြင်းဖြစ်ပြီး အဆုံးသတ်တွင်မူ နည်းပြကွန်တီက ဒီယေဂိုကော်စတာကို အသင်းလူစာရင်းတွင် မထည့်သွင်းဘဲ ချန်လှပ်ပေးသွားခဲ့သည်။

● စပါးအသင်းဥက္ကဋ္ဌလီဗိုင်းသည် ဘောလုံးကွင်းသစ် ဆောက်လုပ်ပြီးစီးသွားခဲ့ပါက အသင်းအမည်မူပိုင်ခွင့်ကို ရောင်းချသွားရန် စီစဉ်နေပြီဖြစ်ကာ မူပိုင်ခွင့်ရယူလိုသောလုပ်ငန်းစုအနေနှင့် အနိမ့်ဆုံးအဖြစ် နှစ် ၂၀ သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုရလိမ့်မည်ဟု လီဗိုင်းက အသိပေးထားကြောင်း Sportmail က ဖော်ပြထားသည်။ စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းသည် ကွင်းအမည်မူပိုင်ခွင့်အတွက် တစ်နှစ်စပွန်ဆာကြေး ပေါင်သန်း ၂၀ သတ်မှတ်ထားပြီး ကွင်းအမည်မူပိုင်ခွင့်ကိုရောင်းချရာကတစ်ဆင့် ပေါင်သန်း ၄၀၀ ပြန်လည်ရရှိနိုင်စေရန် ၎င်းတို့အနေနှင့်မျှော်မှန်းထားသည်ဟု ဥက္ကဋ္ဌလီဗိုင်းက အသိပေးထားသည်။ စပါးအသင်း၏ဘောလုံးကွင်းသစ်ဆောက်လုပ်ရေး စီမံကိန်းသည် လာမည့် ၂ နှစ်အတွင်း အပြီးသတ်တော့မည်ဖြစ်သည်။

● ခရစ္စတယ်လ်ပဲလေ့စ်နည်းပြ ဆမ်အလာဒိုက်စ်သည် အသင်းခံစစ်ကို အင်အားဖြည့်တင်းရန်အတွက် လက်စတာ ဘယ်နောက်ခံကစားသမား ဂျက်ဖရီရှုလပ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၂ သန်း ပေးချေခေါ်ယူလိုက်ပြီဖြစ်ကာ ရှုလပ်မှာ နည်းပြဆမ်အလာဒိုက်စ်လက်ထက်တွင် ခရစ္စတယ်လ်ပဲလေ့စ်သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကြောင်း DPA က ဖော်ပြထားသည်။ ရှုလပ်သည် ဆေးစစ်မှုများအောင်မြင်ခဲ့အပြီးတွင် ခရစ္စတယ်လ်ပဲလေ့စ်နှင့် လေးနှစ်သက်တမ်းရှိစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ■

## အင်္ဂလန်၏အကြီးကျယ်ဆုံးကလပ်မှာ မန်ယူသာဖြစ်သည်ကို တစ်ကမ္ဘာလုံးသိကြောင်း မော်ရင်ညို ဝင့်ကြွား

**မန်ချက်စတာ၊ ဇန်နဝါရီ ၁၄**



မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူနှင့် လီဗာပူးတို့ပွဲစဉ်မတိုင်မီတွင် ကျင်းပခဲ့သည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနား၌ အင်္ဂလန်နိုင်ငံရှိ ကလပ်အသင်းများအနက်တွင် မန်ယူသည်သာ အကြီးကျယ်ဆုံးကလပ်အသင်း ဖြစ်သည်ဟု ထည့်သွင်းပြောကြား၍ စိတ်ဓာတ်စစ်ဆင်ရေးတစ်ရပ် လုပ်ဆောင်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

သတင်းစာရှင်းလင်းပွဲသို့ရောက်ရှိလာခဲ့ကြသည့် သတင်းထောက်များသည် မော်ရင်ညိုကို မန်ယူနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကြမည့် ယခုပွဲစဉ်မှာ အင်္ဂလိပ်ဘောလုံးလောက၏အကြီးကျယ်ဆုံးပွဲစဉ်တစ်ပွဲအဖြစ် ဆက်လက်တည်ရှိနေသေးသည်ဟု ခံယူထားခြင်း ရှိ၊ မရှိ မေးမြန်းရာတွင် မော်ရင်ညိုက ယင်းသို့ထည့်သွင်းဖြေကြားသွားခဲ့ခြင်းဖြစ်သည်။

သတင်းထောက်များ၏မေးခွန်းကို မော်ရင်ညိုက "မန်ယူနဲ့ လီဗာပူးပွဲစဉ်က အကြီးကျယ်ဆုံးပွဲစဉ်လားဆိုတာကိုတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော်သိတာက ဒီနိုင်ငံမှာ အကြီးကျယ်ဆုံးကလပ်အသင်းကတော့ မန်ယူပါပဲ။ ဒါကို ကျုပ်သိသလို ခင်ဗျားတို့လည်း သိပါတယ်။ ပြောရရင် လူတိုင်းသိ ကမ္ဘာသိပေါ့ဗျာ။ ဒီလိုပြောရတာ စိတ်တော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမဲ့ ဒီကိစ္စက လူတိုင်း ခပ်လွယ်လွယ်နဲ့ သိနိုင်တဲ့ကိစ္စမျိုး ဖြစ်နေတယ်လေ" ဟု မှတ်ချက်ပေးသွားခဲ့သည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် ၎င်းနှင့် မော်ရင်ညိုတို့တွင် တူညီသည့်အခြေခံအချက်များရှိကြောင်း အသိပေးထားကာ မော်ရင်ညိုကမူ ၎င်းမှာ ဂျာဂင်ကလော့ပ်ထက် ပိုမိုတည်ငြိမ်သူဖြစ်ကြောင်း ပြောကြားထားသည်။

ဂျာဂင်ကလော့ပ်သည် စိတ်ပျက်ဖွယ်အခြေအနေများကို ဒေါသပေါက်ကွဲတတ်သည့်အချက်၌ ၎င်းနှင့်မော်ရင်ညိုတို့ တူညီကြောင်း အသိပေးထားခြင်းဖြစ်ပြီး မော်ရင်ညိုကမူ ဂျာဂင်ကလော့ပ်နှင့် ယှဉ်ပါက ၎င်းက ဒေါသနည်းသည်ဟု ပြောကြားထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံရာတွင် မော်ရင်ညိုက "ဂျာဂင်ကလော့ပ်က သူနဲ့ကျွန်တော့်အကြားမှာ စိတ်ခံစားချက်ကို အလွယ်တကူ ထုတ်ဖော်ပြတတ်လေ့ရှိတာချင်း တူတဲ့သဘောမျိုးပြောပါတယ်။ အဲဒါ လုံးဝမဖြစ်နိုင်ပါဘူး။ တချို့အခြေအနေတွေမှာ ကျွန်တော်က အရမ်းသွေးအေးပါတယ်။ အထူးသဖြင့် စိတ်လှုပ်ရှားစရာကောင်းတဲ့ပြိုင်ဘက်တွေနဲ့ယှဉ်ပြိုင်ရချိန်တိုင်းမှာ ကျွန်တော့်ခံစားချက်တွေ အပြင်ထွက်မလာအောင် ကျွန်တော်က ထိန်းနိုင်စွမ်းရှိပါတယ်" ဟု ပြောကြားသွားခဲ့သည်။

သတင်းထောက်များသည် မော်ရင်ညိုကို အတိတ်ကာလကဲ့သို့ ဘောလုံးကွင်းအတွင်းသို့ပြေးဝင်၍ လျှောထိုးအောင်ပွဲခံခြင်းမျိုးကို လုပ်ဆောင်ရန် ဆန္ဒရှိ၊ မရှိ မေးမြန်းခဲ့သေးကာ အခြေအနေတစ်ရပ်တွင်မူ ၎င်း၏ယင်းအောင်ပွဲခံဟန်ကို ပြန်လည်မြင်တွေ့ရနိုင်သည်ဟု မော်ရင်ညိုက အသိပေးသွားခဲ့သည်။

သတင်းထောက်များ၏မေးမြန်းချက်ကို မော်ရင်ညိုက "ကျွန်တော် သန်တုန်း မြန်တုန်း ပြေးနိုင်တုန်းပါပဲ။ အဲဒီ လိုအောင်ပွဲခံဖို့အတွက် ကျွန်တော့်ဘက်ကဘာပြဿနာမှ မရှိပါဘူး။ ပြဿနာက အဲဒီလို အောင်ပွဲခံဖို့ လုံလောက်တဲ့ ဂိုးတစ်ဂိုးရောက်ရှိလာဖို့ပါပဲ။ အရေးပါတဲ့ပြိုင်ဘက်ကို ပွဲသိမ်းနောက်ဆုံးမိနစ်မှာ အနိုင်ဂိုးသွင်းလိုက်ပြီဆိုရင် ကျွန်တော် အဲဒီလိုအောင်ပွဲခံဖို့ ထိုက်တန်လာမှာပါ" ဟု ဖြေကြားပေးသွားခဲ့သည်။ ■ **E-11**

## မန်ယူကို ဂျာဂင်ကလော့ပ် မကြောက်၊ ကစားသမား ၁၁ ယောက်ရှိလျှင် မန်ယူကို ရင်ဆိုင်နိုင်ကြောင်း ပြောကြား

**လီဗာပူး၊ ဇန်နဝါရီ ၁၄**



လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် ၎င်းအနေနှင့် မန်ယူကိုရင်ဆိုင်ရန် ကြောက်ရွံ့ခြင်းလုံးဝမရှိကြောင်း ဖွင့်ဟအသိပေးလိုက်ပြီး ကစားသမား ၁၁ ဦး ရှိရုံမျှဖြင့် ယင်းကစားသမားများကို ပြိုင်ပွဲဝင်ကစားသမားများဖြစ်စေရန် လေ့ကျင့်ပေးကာ မန်ယူကို ရင်ဆိုင်ရဲကြောင်း ဂျာဂင်ကလော့ပ်က ပြောကြားထားသည်ဟု Sky Sports က ဖော်ပြထားသည်။

သတင်းထောက်များသည် မန်ယူနှင့် လီဗာပူးပွဲစဉ်မတိုင်မီတွင် ဂျာဂင်ကလော့ပ်နှင့် တွေ့ဆုံခဲ့ရာ၌ မန်ယူက ပြိုင်ပွဲအရပ်ရပ်တွင် ကိုးပွဲဆက်တိုက် အနိုင်ရထားသည့်အချက်ကို ရည်ညွှန်း၍ မန်ယူကို ရင်ဆိုင်ရန် ကြောက်ရွံ့စိတ်ဖြစ်ခြင်း ရှိ၊ မရှိ မေးခွန်းထုတ်ခဲ့ခြင်းဖြစ်ပြီး ယင်းမေးခွန်းကို ဂျာဂင်ကလော့ပ်က "ကြောက်စိတ် ဟုတ်သလားဗျ။ ဘာလို့ဖြစ်ရမှာလဲ။ ကျွန်တော့်ကို ကစားသမား ၁၁ ယောက်ပဲပေးပါ။ အဲ့ဒီကစားသမားတွေကို ကျွန်တော်က ပြိုင်ပွဲဝင်စိတ်ဓာတ်ထည့်ပေးမယ်။ ဒါဆို မန်ယူကို ရင်ဆိုင်လို့ရပါပြီ" ဟု ဖြေကြားပေးသွားခဲ့ခြင်းဖြစ်သည်။

မန်ယူနှင့် လီဗာပူးတို့သည် လက်ရှိတွင် ရမှတ်ငါးမှတ် ကွာဟလျက်ရှိပြီး လီဗာပူးအနေနှင့် အနိုင်ရလဒ်ကို ရရှိခဲ့ပါက ရမှတ်ရှစ်မှတ်အထိ ဖြတ်လိုက်နိုင်မည့် အခွင့်အရေးကို ရရှိမည်ဖြစ်သော်လည်း အရှုံးရလဒ်ကြုံတွေ့ခဲ့ရပါကမူ ၎င်းတို့ နှစ်သင်းအကြားရှိ အမှတ်ကွာဟမှုမှာ နှစ်မှတ်သို့ လျော့ကျသွားတော့မည်ဖြစ်သည်။

လီဗာပူးသည် ပြိုင်ပွဲအရပ်ရပ်တွင် နောက်ဆုံးကစားထားသည့် ပွဲစဉ်သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပြီး အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲပါဝင်ကစားပေးရန် ဆီနီဂေါလက်ရွေးစင်အသင်းထံ စေလွှတ်ပေးလိုက်ရသည့် မာနီ၊ ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသည့်အသင်းခေါင်းဆောင် ဟန်ဒါဆန်နှင့် အဓိကနောက်ခံလူ မာတစ်တို့ မပါဝင်သည့်အချက်မှာလည်း လီဗာပူးအတွက် ထိုးနှက်ချက်တစ်ရပ်သဖွယ်ဖြစ်နေသည်။

မော်ရင်ညိုသည် ၎င်း၏နည်းပြဘဝဖြတ်သန်းမှုအတွင်း လီဗာပူးနှင့် ပရီးမီးယားလိဂ်ပွဲစဉ် ၁၃ ပွဲ ယှဉ်ပြိုင်ခဲ့ဖူးကာ အဆိုပါပွဲစဉ် ၁၃ ပွဲတွင် မော်ရင်ညို အနိုင်ရယူနိုင်ခဲ့သည့် ပွဲစဉ်အရေအတွက်မှာ ရှစ်ပွဲအထိရှိထားသည်။

လီဗာပူးသည် မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ကွင်းသို့ အဝေးကွင်းပွဲစဉ်အဖြစ် လာရောက်ကစားခဲ့ရသည့် အမှတ်ပေးပွဲစဉ်များတွင် အမြဲတစေ ရုန်းကန်ခဲ့ရလေ့ရှိပြီး ၁၂ နှစ်တာကာလဖြတ်သန်းမှုအတွင်း မန်ယူကို အိုးလ်ထရက်ဖို့ဒ်ကွင်း၌ လီဗာပူး အနိုင်ရရှိခဲ့သည်မှာ ၁၆ ကြိမ်သာ ရှိခဲ့သည်။

မန်ယူအသင်းသည် လီဗာပူးကို အဓိကကစားသမားအစုံအလင်ဖြင့် ရင်ဆိုင်သွားဖွယ်ရှိနေပြီး အဖျားရောဂါသက် သာလာခဲ့ပြီဖြစ်သည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၊ ဒဏ်ရာပြဿနာများမှ နေ၍ ရုန်းထွက်လာနိုင်ခဲ့ပြီဖြစ်သော နောက်ခံလူ လုခ်ရှောနှင့် ရိုဂျိုတို့မှာ ကြံ့ခိုင်မှုစိတ်ချရသည့် အခြေအနေတွင် ရှိနေပြီဟု မန်ယူအသင်းဆေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။ ■ **E-11**

# Escape



## စာကြည့်တိုက်ကစာအုပ် နှစ် ၁၀၀ ကြာပြီးမှ ပြန်အပ်

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုစာကြည့်တိုက်တစ်ခုက စာအုပ်တစ်အုပ်ကို နှစ်ပေါင်းတစ်ရာကြာပြီးမှ လာအပ်တဲ့ဖြစ်စဉ် ဖြစ်ခဲ့ပါတယ်။

စာအုပ်ရဲ့နာမည်က Forty Minutes Late မိနစ်လေးဆယ်နောက်ကျခဲ့ပြီဆိုတဲ့ ဝတ္ထုတိုစာအုပ်ဖြစ်ပြီး ပြန်အပ်တာမှာတော့ နှစ်တစ်ရာ နောက်ကျနေပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ပင်လယ်အော်ဒေသခံ ဝက်ဘ်ဂျွန်ဆင်က စာအုပ်ကို လာအပ်ခဲ့ပေမယ့် ဒဏ်ကြေးတော့ မဆောင်ခိုင်းတော့ပါဘူးတဲ့။

သူ့အဘွားရဲ့မိခင်ဖြစ်သူက အဆိုပါစာအုပ်ကို ၁၉၁၇ ခုနှစ်က ငှားခဲ့တာ ဖြစ်ပါတယ်။

စာအုပ်ငှားပြီး နောက်တစ်ပတ်မှာ ကွယ်လွန်သွားခဲ့ပြီး ပြန်မအပ်ဖြစ်တော့တာ ဖြစ်ပါသတဲ့။

အိမ်မှာ အဆိုပါစာအုပ်ကို တွေ့ခဲ့ပြီးနောက်မှာ ဒီစာအုပ်ကို ပြန်အပ်မယ်လို့ စာအုပ်ငှားသူရဲ့မြစ်ဖြစ်သူက ဆုံးဖြတ်လိုက်တာဖြစ်ပါသတဲ့။ ■ F-02

## ရှားပါးသမင်ဖြူတစ်ကောင်ကို ကယ်လီဖိုးနီးယားမှာ တွေ့ရှိ

ကယ်လီဖိုးနီးယားပြည်နယ် စခရန်မန်တိုဒေသခံတွေက ရှားပါးသမင်အဖြူရောင်တစ်ကောင်ကို တွေ့ရှိမှတ်တမ်းတင်ထားခဲ့ကြပါတယ်။

အဲဒီဒေသ ရေသန့်စင်စက်ရုံနားက တောအုပ်ထဲမှာ ချစ်စရာသမင်လေးကို တွေ့ရှိရတာ ဖြစ်ပါတယ်။

သူတို့ ကျင်လည်ကြက်စားရာနေရာတွေမှာ ရေလွှမ်းမိုးနေတာမို့ သမင်တွေဟာ လွင်ပြင်ဘက်ကို ရောက်လာကြတာဖြစ်ပါတယ်။

သမင်အဖြူရောင် အတော်များများဟာ မျိုးရိုးဗီဇထွန်းပြီးဖြစ်ကြတာများပေမယ့် အခုသမင်ကတော့ အဖြူမျိုး ဖြစ်ပါလိမ့်မယ်လို့ ဒေသခံ သဘာဝထိန်းသိမ်းရေးအရာရှိ ဘရိုင်ယန်ယန်းက ပြောပါတယ်။

ဒီလိုမျိုးဟာ အလွန်ရှားပါးလှတာကြောင့် ဒေသအတွင်းမှာ တွေ့ရှိရတာဟာ အခွင့်အလမ်းတစ်ရပ်ဖြစ်တယ်လို့လည်း ဆိုပါတယ်။

အဲဒီသမင်ဟာ ငယ်ရွယ်နုပျိုပုံပေါက်ပြီး အရွယ်ရောက် မျိုးပွားမယ်လို့ သားရိုင်းပညာရှင်တွေက မျှော်လင့်ထားကြပါတယ်။ ■ F-02



## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ



★ တေးသံရှင် စနူဒေါ့နဲ့ မင်းသမီး ကင်မရွန်းဒီယာ့ဇ်တို့ဟာ အထက်တန်းကျောင်းသားဘဝက သူငယ်ချင်းတွေဖြစ်ပါသတဲ့။ ကင်မရွန်းဟာ ဆေးခြောက်ခိုးရောင်းတဲ့ရုပ်ပါကြီးဆီက အမြဲအားပေးခဲ့ပါသတဲ့။



★ သောမက်စ်ပိန်းဟာ အမေရိကန်ပြည်ထောင်စုကို တည်ထောင်ခဲ့တဲ့ ဖခင်တွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ဘာသာတရားဆိုတာ လူသားတွေက ဖန်တီးထားတာဖြစ်ပြီး အကြောက်တရားနဲ့ လူသားတွေကို စိုးမိုးထားတာဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။ သူ့ရဲ့ အသုဘအခမ်းအနားကို တက်ရောက်သူဟာ ခြောက်ဦးပဲ ရှိခဲ့ပါတယ်တဲ့။



★ ဥရောပပါလီမန်ဆိုတာ EU အဖွဲ့ဝင်နိုင်ငံတွေ လူမျိုးတွေ အများကြီးပါတဲ့ ပါလီမန်ဖြစ်ပါတယ်။ အဲဒီပါလီမန်ကြီးမှာ ဘာသာပြန်ဆိုတဲ့ဌာနရှိပါတယ်။ အဲဒီဌာနအကြီးအကဲဟာ ဘာသာစကား ၃၂ မျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ပါသတဲ့။ ကဲ ယုံချင်ယုံ မယုံရင်နေဗျာ။



★ ၁၈၄၇ ခုနှစ်က အမေရိကက အိုင်းရစ်ရှ်မြို့တစ်မြို့မှာ စိုက်ပျိုးရေးမကောင်းလို့ ငတ်မွတ်ခေါင်းပါးဘေး ကြုံခဲ့ရပါတယ်။ အင်ဒီယန်းလို့ခေါ်တဲ့ ဌာနေအမေရိကန်သား ချိုစတောမျိုးနွယ်စုက အကူအညီပေးရေးအဖြစ် ၁၇၀ ဒေါ်လာ လာလှူခဲ့ပါတယ်။ ခုခေတ်နဲ့ဆို တန်ဖိုးက ဒေါ်လာ ၄ထောင်လောက်ရှိပါတယ်။ အိုင်းရစ်ရှ်မြို့သားတွေဟာ ဒီနေ့အထိ သူတို့အပေါ် ကောင်းခဲ့ဖူးတဲ့ ဌာနေအမေရိကန်မျိုးနွယ်စုတွေကို ဂုဏ်ပြုရုပ်တု လုပ်ပေးထားပါတယ်။ အိမ်ရှင်ဆိုတာ နောက်မှ ဝင်လာသူတွေအပေါ် ဖေးမရတဲ့ သမိုင်းထဲက ဥပမာတစ်ခုပေါ့ဗျာ။